


Myanmar Cyber Media
PDF Team

*Typing - Lucky82*

*Cover Design - wannar*

*Proof & PDF - NTA*

စာဖတ် ပရိသတ်များအား အစဉ် လေးစားလျက်....

mCm PDF

www.mmcybermedia.com

May - 2011

# ကလေးရဟန္တာများ

ချစ်ဦးညို

# ကလေးရဟန္တာများ

## ချစ်ဦးညို

**ပန္နက်ဂံ စာအုပ်တိုက်**

၁၆၇(A)၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၁ - ၃၇၇၀၆၁

**ပထမအကြိမ် ပုံနှိပ်ခြင်း။**

[၂၀၁၀ ခုနှစ်၊ ဇူလိုင်လ၊ အုပ်ရေ ၅၀၀]

**စာမူခွင့်ပြုချက် အမှတ်**

၃၂၀၅၁၉၀၉၀၈

**မျက်နှာဖုံးခွင့်ပြုချက် အမှတ်**

၆၈၈၂၁၉၀၅၁၈

**မျက်နှာဖုံး ပန်းချီဒီဇိုင်း**

ညွှန့်သစ်ဝေ(ပန်းသမုဒ္ဒရာ)

**အတွင်းဖလင်**

ပုံရိပ်ရှင်

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ**

ဦးဇော်မြင့်ဝင်း(ကာလာအော့ဖ်ဆက်)

၁၈၄၊ ၃၁ လမ်း၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

**ကွန်ပျူတာစာစီ**

Dream City

**တန်ဖိုး**

၁၅ဝဝကျပ်

**ထုတ်ဝေသူ**

ဦးသစ်လွင်(ဂန္ဓဝါမြိုင်စာပေ)

၁၁၃၊ ရွှေပြည်သာလမ်း၊ သာကေတ၊ ရန်ကုန်မြို့။

**စာအုပ်ချုပ်**

ကိုမြင့်၊ ညီဝင်းမြင့်

## မာတိကာ


၁။ စာရေးသူ၏ ပဏာမစကား

၂။ ပဏ္ဍိတသာမဏေ

၃။ တပည့်သာမဏေ

၄။ အရှင်ရေဝတ

၅။ သံကိစ္စသာမဏေ

၆။ သုခသာမဏေ

၇။ သုမနသာမဏေ

၈။ ရှင်တိဿ

၉။ ကမ္ဘဋ္ဌာန်းဆရာ ရှင်သာမဏေ

၁၀။ နိဂြောဓသာမဏေ


## စာရေးသူ၏ပဏာမစကား

"ဘာသာ၊ သာသနာနှင့် ယဉ်ကျေးမှုအနုပညာ" ဟူသော ကြွေးကြော်သံ ဆောင်ပုဒ်ဖြင့် ဝိုင်အမ်ဘီအေ အသင်းကြီးမှ ထုတ်ဝေလျက်ရှိသော 'ရတနာမွန်' မဂ္ဂဇင်းတွင် ကျွန်တော်သည် ရတနာသုံးပါး နောက်ခံပြု အခန်းဆက် ဝတ္ထုရှည်များကို ရေးသားခဲ့ရာ အနှစ် (၂၀) ကျော်ပင် ရှိခဲ့ပြီ ဖြစ်ပါသည်။ လောင်းငှဲ့ပေးရန်အတွက် ကရားထဲသို့ ရေဖြည့်ပေးရသည့်ပမာ ထိုသို့ ရေးနိုင်ရန် လက်လှမ်းမီသမျှ စာများကို ဖတ်ရသောကြောင့် ဝိုင်အမ်ဘီအေ အသင်းကြီးနှင့် ရတနာမွန် မဂ္ဂဇင်းတို့သည် ကျွန်တော့်ကို 'စာတွေ များများဖတ်ဖြစ်စေခြင်း' တည်းဟူသော ဥပနိဿယဖြင့် ကျေးဇူးကြီးစွာ ပြုခဲ့လေပြီ။

အကြောင်းကြောင်းကြောင့် ရတနာမွန်တွင် ကျွန်တော် မရေးဖြစ်ခဲ့ဘဲ လစ်ဟာသွားခဲ့သော လများ ရှိခဲ့ပါသည်။ ထိုလများတွင် ကျွန်တော်သည် အမိအဖအတွက် တာဝန်မကျေသော သားတစ်ဦး၊ ဆရာ့အတွက် တာဝန်မကျေသော တပည့်တစ်ဦးပမာ ခံစားရပါသည်။

ယခုလမှစ၍ 'ကလေးရဟန္တာများ' ကို အခန်းဆက်ရေးရန် ဆုံးဖြတ်လိုက်ရာတွင် ဝိုင်အမ်ဘီအေ၊ ရတနာမွန်နှင့် လေးစားအပ်သော စာဖတ်သူများအား ကျွန်တော်၏ အမှုထမ်း လစ်လပ်ခဲ့ခြင်းများအတွက် တောင်းပန်ခြင်း၊ ကျေးဇူးဆပ်ခြင်းလည်း အကြောင်းရင်းခံတစ်ခု

ဖြစ်ပါသည်။ ထို့ပြင် ထပ်မံ၍ အလေးအနက် ကျေးဇူးတင်စကား ဆိုရမည့်သူ တစ်ဦးလည်း ရှိနေပါသည်။ ထိုသူကား 'စာရေးဆရာမ မလေးငြိမ်' ဖြစ်ပါသည်။

လွန်ခဲ့သော သုံးလေးလခန့် ဆရာမ မလေးငြိမ် ကျွန်တော့်ထံ ရောက်လာခဲ့ပါသည်။ ထိုစဉ်ကာလကတည်းကပင် ဆရာမက ကျွန်တော့်ကို 'ကလေးရဟန္တာများ' အကြောင်းရေးဖို့ ဥယျောဇဉ်ပြုခဲ့ပါသည်။ ယခုတစ်ဖန် ၂၀-၁၁-၂၀၀၅ ရက်စွဲဖြင့် ဆရာမထံမှ စာတစ်စောင် ရောက်လာခဲ့ရာ (ဆရာမစာ မူရင်းအတိုင်း ဖော်ပြပါမည်) ကလေးရဟန္တာများကိုလည်း လူငယ်တွေ ဘာသာရေး ပိုစိတ်ဝင်စားလာအောင် ရေးစေချင်ပါတယ်ဟု အမှတ်တရ တိုက်တွန်းပြန်ပါသည်။ တိုက်တွန်းရုံမျှမက မည်သည့်စာအုပ် မည်သည့်စာမျက်နှာများတွင် ဖတ်ရှုနိုင်ကြောင်းကိုပါ အတိအကျ ညွှန်ပြပေးပါသည်။ ထို့ကြောင့် ဤ 'ကလေးရဟန္တာများ' ကို ရေးဖြစ်ဖို့ အဓိက စေ့ဆော်မှုဖြစ်လေသော ဆရာမ မလေးငြိမ်၏ ကျေးဇူးတရားကို ဤ စာမျက်နှာထက်မှ အလေးအနက် ကမ္ဗည်းတင်အပ်ပါသည်။

"ကိုယ်တိုင်၊ တိုက်တွန်း၊ ချီးမွမ်း၊ စိတ်တူ" သဘောအရ ဤစာကို ကျွန်တော် ရေးသားခြင်းအားဖြင့် ကုသိုလ်ရခဲ့ပါသော် ထိုကုသိုလ်ကို ရေးသူ ကျွန်တော်နှင့် ထပ်တူရမည့်သူကား တိုက်တွန်းသူ ဆရာမ မလေးငြိမ် ဖြစ်ပါသည်။

ချစ်ဦးညို





## ပဏ္ဍိတ သာမဏေ

ပညတ်သွားရာ ဓာတ်သက်ပါလိုက်ပုံများ။ ဆင်းရဲခြင်း အားကြီးသောကြောင့်၊ မပြည့်စုံမှု အားကြီးသောကြောင့် သူ့အမည်က မဟာဒုက် ဖြစ်သွားလေသည်။ ကြီးမားခြင်း၊ ကြီးကျယ်ခြင်း၊ ကြီးမြတ်ခြင်းဟု အဓိပ္ပာယ်ရသော 'မဟာ'သည် သူ့အတွက်တော့ ဒုက္ခဆင်းရဲ၏ ဝိသေသန ဖြစ်နေတော့သည်။ အကယ်တန္တ 'ဒုက္ခ' ဟူသော သဘောသည် အကောင်အထည် ဒြပ်ရှိသည် ဆိုငြားအံ့၊ သတ္တဝါတစ်ခုခု ဖြစ်သည် ဆိုငြားအံ့၊ ထို ဒုက္ခသတ္တဝါသည် သူ့ထံသို့ ရောက်ရှိသွားသည် ဆိုငြားအံ့။ သူ၏ ကြီးစွာသော ဆင်းရဲမှုကို ကြောက်လန့်တုန်လှုပ်ကာ ထိုဒုက္ခသတ္တဝါသည် သူ့ထံမှ ထွက်ပြေးသွားလိမ့်မည်ဟုပင် ဆိုနိုင်ပေလိမ့်မည်။

ထိုမျှဆင်းရဲသော မဟာဒုက်သည် အဘယ်သို့သော အသက်မွေး ဝမ်းကျောင်းမှုကို ပြုပါသလဲ။ မယ်မယ်ရရ ဘာတစ်ခုမှ မရှိ။ ဗာရာဏသီမြို့တော်အတွင်း နေထိုင်ကြသော လူများ၏ အိမ်တွင် ကြုံရာကျရာ အလုပ်များကို လုပ်ကိုင်ပေးခြင်းဖြင့် သူတို့ပေးသမျှ အခကြေးငွေ အသပြာကို ရယူကာ ဝမ်းမီးကို ဆက်စေရသူ ဖြစ်ပေသည်။ ထင်းခွေ၊ ရေခပ်၊ အမှိုက်ရှင်း၊ တံမြက်လှည်း၊ အလေးအပင် ရွှေ့မသယ်ယူ၊ ကြပ်ခိုးရှင်း၊ လမ်းပြင်၊ မြေဖို့၊အညစ်အကြေးတွင်းတူး။ ဒါတွေသည်ပင် သူ သံသရာလည်နေသော လုပ်ငန်းများ ဖြစ်သည်။

သူ့မှာ အလုပ်ချိန်ဟူ၍ မရှိ။ နေ့နေ့ညည လိုအပ်လျှင် လိုအပ်သလို အလုပ်ပေးသူများ အလိုကျ လုပ်ကိုင်ပေးရသည်။ အလုပ်ချိန်ဟူ၍ အတည်တကျ မရှိသလို အလုပ်လုပ်သည့် နေ့ဟူ၍လည်း အတိအကျ အတည်တကျ မရှိ။ ရံဖန်ရံခါ သုံးလေးရက် နေ့ညဆက်၍ အလုပ်လုပ်ရသကဲ့သို့ ရံဖန်ရံခါ နှစ်ရက်၊ သုံးရက် ဘယ်သူကမှ မခိုင်းသဖြင့် ဘာတစ်ခုမှ မလုပ်ရသော နေ့တွေလည်း ရှိလေသည်။ ထိုသို့ အလုပ်ပြတ်သော နေ့မျိုးဆိုလျှင် သူ့မှာ ဆန်ဝယ်စရာ ငွေကြေး မရှိ။

ဆန် မဆိုထားဘိ။ ပြောင်း၊ လူး၊ ဆပ် ဝယ်စရာပင် ငွေကြေးမရှိ။

သို့ဆိုလျှင် မဟာဒုက် ဆိုသော လူသည် ထိုသို့သော နေ့မျိုးများမှာ ဘယ်သို့ သူငယ် ဝမ်းမီးကို ငြိမ်းသတ်ပါသလဲ။ အဖြေရှိသည်။ ထွက်ပေါက်တစ်ခု ရှိသည်။ ကဿပဘုရားရှင်၏ ကျောင်းတော်သို့ သွားကာ စားကြွင်းစားကျန်များကို စားသောက်ခြင်းပင် ဖြစ်သည်။ ဘာအလုပ်မှ မလုပ်ရဘဲ စားကြွင်းစားကျန်များကို စားရသည်တော့ မဟုတ်။ ထို စားကြွင်းစားကျန်များကို ယက်ဖြဲထိုးဆိတ် မွှေနှောက်ရှာဖွေ စားသောက်နေကြသည့် ကျီးများ၊ ခွေးများနှင့် တိုက်ပွဲဝင်ကာ အစာလုသော အလုပ်ကို လုပ်ရလေသည်။

အစားတစ်လုပ်အတွက် ထိုသို့ ဆင်းရဲပင်ပန်းကြီးစွာ အားထုတ်ရသော မဟာဒုက်အဖို့ စားရေးပြီးလျှင် နေရေးသည်ကော။

မြို့အစွန်တစ်နေရာ ဗာရာဏသီမြို့ တစ်မြို့လုံးမှ စွန့်ပစ်သော အမှိုက်သရိုက်၊ အညစ်အကြေးများ စုပုံရာ အမှိုက်တောင်ပူစာအနီး စွတ်စိုထိုင်းမှိုင်းသော မြေပြင်ထက်က လေးတိုင်စင်ထိုး၊ အင်ဖက်မိုး၊ အခင်းမဲ့၊ အကာဆွေး တဲပျက်ပင် ဖြစ်သည်။

ဝတ်ရေးကိုတော့ မဟာဒုက် မကြောင့်ကြပေ။ တစ်ထည်တည်းရှိသော ဖျဉ်စအနွမ်းကို ဝတရုံသဖွယ် ပခုံးထက် ခြုံလွှမ်းလိုက်ခြင်းဖြင့် သူ့ကိုယ်သူ တန်ဆာဆင်ပြီး ဖြစ်သွားလေသည်။ တစ်ခုပဲ ဆိုစရာရှိသည်ကား သူအပြင်ထွက် အလုပ်လုပ်ဖို့ ထိုဖျဉ်စကိုသူ ဝတ်ဆင်သွားပြီဆိုလျှင် သူ့ ဇနီးကြင်ယာမှာ အပေါ်ရုံ လွှားစရာမရှိတော့ဘဲ ထဘီကို ရင်ရှားစည်းရခြင်း ဖြစ်သည်။ အကယ်၍ ဇနီးကြင်ယာက ဟင်းရွက်ခူးဖို့ အပြင်ထွက်မည်ဆိုလျှင် မဟာဒုက်က အပေါ်ပိုင်းဗလာကျင်းလျက် နေလိုက်ရုံသာ ရှိသည်။

"ကျွန်မတို့မလဲ မွဲပါ့တော်။ ကျွန်စုပ်ပစ်တဲ့ သရက်စေ့ကမှ စိုစိုပြည်ပြည် ရှိလိမ့်မယ် ထင်တယ်" ဟု မယားက ပြောသောအခါ မဟာဒုက် ပြန်ပြောတတ်သော စကားရှိသည်။

"ဒါထက် ပိုမမွဲနိုင်တော့ပါဘူးကွယ်။ ပိုမွဲမယ်ဆိုရင်လည်း ငတ်ပြီးသေရုံ ရှိတော့တာကိုး။ အခု တို့များ မသေသေးဘူး။ ဒါ အမြတ်ပဲ"

ဇနီးက တစ်ခါတစ်ရံ အငေါ်တူးတတ်သည်။

"မောင်ကြီးမဟာဒုက်... မောင့်မလဲ ဘာတစ်ခုမှ အသက်မွေးဝမ်းကျောင်းပညာ မရှိဘူးနော်"

"ဟဲ့... မိရွှေစာရဲ့၊ တစ်မြို့လုံးခိုင်းသမျှ ငါ လုပ်တတ်နေတာပဲ။ အညစ်အကြေးတွင်းတူး၊ ထင်းခုတ်၊ အမှိုက်လှဲ၊ ရေခပ်..."

"အဲဒါတွေ ပြောတာမဟုတ်ဘူး။ ဟိုဒင်း လှည်းမောင်းတာတို့၊ ပန်းပဲထုတာတို့၊ သစ်ခုတ်တာတို့... အဲဒါမျိုးကို ပြောတာ"

"ဟဲ့... ဘယ်မှာလဲ နွားနဲ့ လှည်း၊ ဘယ်မှာလဲ တူနဲ့ ပေ၊ ဘယ်မှာလဲ ဓားနဲ့ ပုဆိန်"

ဇနီးက သက်ပြင်းရှိုက်ကာ ထမင်းရည် အေးစက်စက်ကို မော့သောက်ပြီး-

"ဟုတ်ပါတယ်လေ… တော့်မှာ လက်နှစ်ဖက် ရှိနေရင်ပဲ လုံလောက်ပါပြီ"

မဟာဒုက်က တအုံးအုံး ဝဲပျံနေသော ခြင်များကို ဖျဉ်စဖြင့် ယမ်းခါရင်း ပြန်ပြောသည်။

"တစ်နေ့နေ့တော့ မင်းကို ရွှေအိုးကြီးပေါ် အကခိုင်းရမှာပေါ့။ လောလောဆယ်တော့ မင်း ခေါင်းလေးဘာလေးမူးရင် အဲ… ဟိုအမှိုက်ပုံက ရွှံ့ပုပ်နံ့လေးပဲ ရှူထားဦးကွာ"

ထိုအခါမှပင် ဇနီးက ဟက်ဟက်ပက်ပက် ရယ်မောကာ…

"တော်မို့လို့ ရွှေအိုးကြီးဆိုတဲ့စကား ပါးစပ်က ထွက်ရဲတယ်" ဟုဆိုသည်။

"အံ့မာ… ငါ အညစ်အကြေးတွင်း တူးရင်းနဲ့ ရွှေအိုး မတွေ့ဘူးလို့ မင်းပြောနိုင်သလား"

"ငါးရှဉ့် တစ်ကောင်လေးရရင် တော်ပါပြီ။ မီးကင်စားရတာပေါ့"

"ကိုင်း… မိန်းမရွှေစာ၊ ဒီနေ့ ဘယ်ကမှ ဘယ်သူမှ မခိုင်းဘူး။ ထုံးစံအတိုင်း ကျုပ် ကဿပဘုရားရှင် ကျောင်းတော်ဘက် သွားလိုက်ဦးမယ်"

"ကြည့်ကျက်လည်း ရှာဦး။ ဟိုနေ့ကလို ခွေးကိုက်ဒဏ်ရာ၊ ကျီးထိုးဒဏ်ရာနဲ့ ပြန်မလာနဲ့"

"မဖြစ်တော့ပါဘူးကွာ။ ကျီးတွေ၊ ခွေးတွေက ငါ့ကို ဦးစားပေးနေကြပါပြီ"

မဟာဒုက်က ဖျဉ်စကို ပခုံးပေါ် တင်သည်။ ဇနီးက…



"ကမ္ဗလာဝတ်ရုံ ခြုံမသွားနဲ့ဦး။ ကျုပ် ဟင်းရွက်ခူး ထွက်မလို့"

မဟာဒုက် ကျောပြောင်ဖြင့် ထွက်လာခဲ့လေသည်။

ကဿပဘုရားရှင်သည် ရဟန်း နှစ်သောင်းကျော် ခြံရံလျက် ဒေသစာရီ လှည့်လည်တော်မူရာမှ ဗာရာဏသီသို့ ကြွမြန်းတော်မူသော တစ်နေ့။

"ဗာရာဏသီ မြို့သူမြို့သားအပေါင်းတို့… ဘုရားရှင်ဟာ ရဟန်းအပေါင်း ခြံရံပြီး ဗာရာဏသီကို ပြန်လည်ကြွမြန်းတော်မူပြီ ဖြစ်ပါသဖြင့် ဘုရားမြတ်စွာနဲ့ သံဃာတော်များအား ဆွမ်းဆက်ကပ် လှူဒါန်းကြပါရန် နိဗ္ဗာန်အကျိုးမျှော်လို့ နှိုးဆော်လိုက်ရပါသဗျို့"

"ဆွမ်းဆက်ကပ်မယ့် ပုဂ္ဂိုလ်များ မိမိတို့ တာဝန်ယူ လှူဒါန်းလိုသော ရဟန်းတော် ဦးရေကို စာရင်းနဲ့တကွ မှတ်သားနိုင်ဖို့ စာရင်းပေးသွင်းကြပါဗျို့"

နိဗ္ဗာန်ဆော်ကြီး၏ အသံဝါကြီးက ဗာရာဏသီမြို့တွင်း ဝန်းကျင်၊ တစ်လမ်းဝင် တစ်လမ်းထွက်၊ တစ်ရပ်ဝင် တစ်ရပ်ထွက်၊ အဆက်မပြတ် ပဲ့တင်မြည်နေ၏။ မြို့သူမြို့သားတို့ စာရင်းတင်ကြသည်။ အနည်းဆုံး ရဟန်းတော် အရေအတွက်ကား ရဟန်းတစ်ကျိပ် ဖြစ်သည်။ တစ်ကျိပ်ထက် လျော့သော ရဟန်းတော် အရေအတွက်ကို စာရင်းတင်သူ မရှိ။ အချို့က နှစ်ကျိပ်၊ အချို့က သုံးကျိပ်နှင့်…။

မဟာဒုက်တို့မောင်နှံ စံမြန်းသော အမှိုက်တောင်ပူစာ ဒေသသို့ နိဗ္ဗာန်ဆော်ကြီး မလှည့်လည်ပေ။ သို့သော် ဗျို့ဟစ်သံ သဲ့သဲ့ကိုတော့ မဟာဒုက်တို့နေရာမှ ကြားနိုင်လေသည်။

"မောင်ကြီး မဟာဒုက်"

"ဟေ"

"ကြားလား"

"ဘာတုန်း"

"နိဗ္ဗာန်ဆော်ရဲ့ ဗျို့ဟစ်သံလေ"

"အေး… ကြားပါတယ်"

"ကျုပ်တို့လည်း စာရင်းသွင်းချင်လိုက်တာတော်"

"ဟေ့… မိရွှေစာ၊ နတ်ဖက်တဲ့ လင်မယားဆိုတာ ဒါပဲဟ။ ငါလည်း အခုပဲ နိဗ္ဗာန်ဆော်ကြီးဆီ သွားပြီး စာရင်းတင်မလို့ဟ"

"မြန်မြန်သွား… ဟိုက တခြားဘက် ရောက်သွားဦးမယ်"

"အေးပါဟ"

မဟာဒုက် အပြေးအလွှား ထွက်ခဲ့၏။ နိဗ္ဗာန်ဆော်ကြီးက ပြေးလာသော ခြေသံကြားသဖြင့် လှည့်ကြည့်သည်။

"နိဗ္ဗာန်ဆော်ကြီး… ကျုပ်လည်း ဆွမ်းလှူဖို့ စာရင်းတင်ချင်တယ်"

"တင်လေ… ဘယ်နှစ်ကျိပ်လဲ"

နိဗ္ဗာန်ဆော်ကြီး၏ စကားကို မဟာဒုက် သဲသဲကွဲကွဲ မကြားလိုက်။

"တစ်ပါး"ဟု အမောတကော ပြောလိုက်သည်။

နိဗ္ဗာန်ဆော်ကြီးက အံ့အားသင့်စွာ ကြည့်နေဆဲ မဟာဒုက် ပြန်လှည့်ထွက်ခဲ့သည်။ ရဟန်းတစ်ပါး စာရင်းတင်နိုင်ခဲ့ပြီဟူ၍ မဟာဒုက်ကြီးစွာ ဝမ်းသာပျော်ရွှင်လာသည်။ တဲသို့ ပြန်ရောက်သောအခါ ဇနီးအား သတင်းကောင်းပါး၏။

"မိရွှေစာရေ… စာရင်းတင်ခဲ့ပြီဟ။ တို့ ရဟန်းတစ်ပါး ရတယ်"

"ကောင်းပါလေ့တော်… မလှူလို့ ဆင်းရဲ၊ ဆင်းရဲလို့ မလှူဖြစ်ခဲ့တာ အခုတော့ ကြိုးစားပြီး လှူကြစို့ရဲ့"

"ဒါပေါ့ကွ"

မဟာဒုက်တို့ မသိလိုက်သော အချက်တစ်ခုကား ရဟန်း တစ်ပါးတည်းဆိုသဖြင့် နိဗ္ဗာန်ဆော်ကြီးက အရေးအရာဟူ၍ စာရင်းမသွင်းလိုက်ခြင်းပင် ဖြစ်လေသည်။

နှစ်ကိုယ်တူ စိတ်သဘော တူညီကြပြီးသည့်အထဲမှာ ဇနီးဖြစ်သူက တက်ကြွစွာ ပြောလိုက်၏။

"မောင်ကြီး မဟာဒုက်၊ ခုနင်က ပြောခဲ့သလိုပဲ… မရှိလို့ မလှူ၊ မလှူလို့ မရှိဆိုတာ ကျုပ်တို့မှာ အဲဒီအတိုင်း လုံးလည်လိုက်နေတာ၊ ရှေးက မလှူခဲ့လို့ ကျုပ်တို့မှာ ဆင်းရဲတွင်း

နက်နေကြတာ။ အခု မောင်ကြီး ရဟန်းတစ်ပါး စာရင်းတင်ခဲ့ပြီဆိုတော့ ဆွမ်းကပ်နိုင်ဖို့ အလုပ်ထွက်ရှာကြမယ်။ အခုပဲ ထွက်ရှာကြမယ်မောင်... ဘယ်နှယ့်လဲ"

ဇနီးမောင်နှံတို့ ထိုနေ့အတွက် ခက်ခက်ခဲခဲ အလုပ်မရှာလိုက်ရပေ။ မဟာဒုက်က ရဟန်းသုံးရာ စာရင်းပေးထားတဲ့ သူဌေးကြီးတစ်ဦးအိမ်မှာပင် အလုပ်ရလိုက်သည်။

ရဟန်းသုံးရာ ဆွမ်းကပ်ရန် တာဝန်ယူထားသော ထိုအိမ်တွင် ဆွမ်းချက်ရန် ထင်းများစွာ လိုအပ်နေသည်ဖြစ်ရာ မဟာဒုက်မှာ ထင်းပေါက်ထင်းခွဲ အလုပ်ကို ချက်ချင်းရသွားသည်။

မဟာဒုက်၏ ဇနီးကလည်း ထိုအိမ်မှာပင် ဆွမ်းဆန်များ ထောင်းရသည့်အလုပ်ကို ရလိုက်၏။ ကိုယ်စီ အလုပ်ခွင် ဝင်ကြလေသည်။ မဟာဒုက်သည် ထင်းတုံးများကို အရွယ်အစားအလိုက် ပုဆိန်တစ်လှည့်၊ ပဲခွပ်တစ်လှည့်ဖြင့် အားကြိုးမာန်တက် ခွဲဖြတ်သည်။ သူအလုပ်လုပ်ပုံမှာ လူကြီးတစ်ယောက် ပင်ပင်ပန်းပန်း ထင်းခွဲနေသည့်ပုံ မဟုတ်ဘဲ ကလေးငယ် တစ်ယောက်လို ပျော်ရွှင်စွာနေသည့်နှယ်ပင်။ ပုဆိန်ဖြင့် ခွဲလိုက်၊ ပဲခွပ်ဖြင့်ခြမ်းလိုက်၊ ချွေးသီးချွေးပေါက်တွေကို သုတ်လိုက်။ ရတတ်သမျှ တေးများကို သီဆိုလိုက်ဖြင့် မဟာဒုက် အလုပ်လုပ်နေသည်မှာ မြင်ရသူအဖို့ ပျော်စရာကြီး ဖြစ်နေလေသည်။

သူဌေးကြီးသည် မဟာဒုက်အသွင် ထူးခြားနေသဖြင့် မေး၏။

"မဟာဒုက်... တယ်လည်း အားကြိုးမာန်တက် ရှိပါလား။ တေးကလည်း ဆိုလိုက်သေး"

"ပျော်လွန်းလို့ပါ သူဌေးမင်းရဲ့။ မနက်ဖြန် မြတ်စွာဘုရားနဲ့ သံဃာတော်များ ပြန်လည် ကြွမြန်းတော်မူအလာမှာ ဆွမ်းဆက်ကပ် လှူဒါန်းကြမှာ မဟုတ်လား။ ကျွန်တော်လည်း ဆွမ်းကပ်ဖို့ ရဟန်းတစ်ပါး စာရင်းပေးထားတယ် မဟုတ်လား။ ဒါကြောင့် တစ်သက်နဲ့ တစ်ကိုယ် မလှူဖူး လှူရတော့မှာမို့"

"ဪ... ဒီလိုလား။ ကောင်းပါလေ့ကွယ်"

မောင်းဆုံဖြင့် ဆန်ထောင်းနေသော ဇနီးဖြစ်သူမှာလည်း မောင်းဆုံကိုနင်းလိုက်၊ တေးတစ်ချက်ဆိုလိုက်ဖြင့် မောရပန်းရမှန်း မသိ ဖြစ်နေသည်။ သူဌေးကတော်ကြီးက သတိထားမိကာ မေးသည်။

"ဟဲ့... မဟာဒုက်မယား... ညည်းမှာ အချက်ပေါင်း သောင်းချီပြီး မောင်းဆုံထောင်းနေရပေမယ့် တစ်ချက်မှ မျက်နှာမညိုးတဲ့အပြင် တေးတကြော်ကြော်နဲ့ပါလား"

"သူဌေးကတော်ကြီးရဲ့... ကျွန်မတို့မောင်နှံက နက်ဖြန် ရဟန်းတစ်ပါးကို ဆွမ်းကပ်ဖို့ အခွင့်ရသတော့။ မောင်ကြီး မဟာဒုက်က စာရင်းပေးခဲ့ပြီ။ ဒါကြောင့် ဝမ်းသာလွန်းလို့..."

"ဪ... အေး အေး... ကောင်းပါပေ့ကွယ်"

တစ်နေ့တာ လုပ်အားခ အဖြစ် မဟာဒုက်က သလေးဆန် တစ်ပြည် ရသည်။ သူဌေးကြီးက ဆုအဖြစ် နောက်တစ်ကြိမ် ပေးလိုက်သဖြင့် သလေးဆန် နှစ်ပြည် ဖြစ်သွားသည်။ မယားကလည်း သလေးဆန် တစ်စလယ်နှင့် ထောပတ်အိုးငယ်များဖြင့် တစ်အိုး၊ နို့ဓမ်းအိုးလေး တစ်အိုးအပြင် ဆီ၊ ဆား၊ ငရုတ် စသည်များ ရလာခဲ့သည်။ ဆွမ်း တစ်နပ်စာအတွက် ချက်စရာ ပြုတ်စရာများ ပြည့်စုံပေပြီ။

နောက်တစ်နေ့ နံနက်တွင် အစောကြီးထကာ ဆွမ်းချက်ကြသည်။

"မောင်ကြီး၊ ဆွမ်းအိုးကို ကျုပ် ငှဲ့နိုင်ပါတယ်။ အမယ် ပိုလှသွားအောင် ဟင်းရွက်ကလေး ဘာလေး သွားရှာပါလား"

"ရစေမယ် မိရွှေစာ"

အချိန်စောလှသဖြင့် ဗာရာဏသီ ဈေးထဲတွင် ဟင်းရွက်သည်များပင် မရောက်ကြသေးပေ။ မဟာဒုက်သည် မြစ်ဆိပ်သို့သွားရာ မလုပ်တော့ပြီဖြစ်သော ကိုင်းစပ်တစ်လျှောက် ပျော်ပျော်ကြီး ဟင်းရွက်ခူးရင်း တေးတကြော်ကြော် ဟစ်နေ၏။ သူ့အသံက မြစ်ယံသို့ လွင့်တက်သွားသည်။ မြစ်အတွင်း ပိုက်ချနေသော တံငါများက မဟာဒုက်အသံမှန်း ကျက်မိလေသည်။

"ဟေး... ကမ်းပေါ်က မဟာဒုက်လား"

"ဟုတ်သမို့"

"အတော်ပဲ။ ဟောဒီမှာ ငါတို့ဖမ်းလာတဲ့ ငါးတွေကို သူ့အစားနဲ့သူ ငါးတွဲလုပ်ပေးဖို့ လာစမ်း... ဖြစ်မလား"

"ဖြစ်လှပေါ့ဗျာ"

မဟာဒုက်သည် လှေဆီသို့ နှောက်ကြောင်းပြန်ခဲ့၏။ လှေဝမ်းထဲမှာ ယင်း ဖမ်းမိထားသော ငါးများကို အမျိုးအစားအလိုက်၊ အရွယ်အလိုက် သီရင်း ငါးအတွဲများကို ပြုလုပ်ပေးသည်။ ငါးတွဲ သီရင်း မဟာဒုက်က မေးသည်။

"တံငါဆရာတို့... ဒီနေ့ ပိုက်ချစောလှချည်လား"

"စောဆို ဆွမ်းကပ်မယ့်သူတွေ လာဝယ်မှာလေ"

မဟာဒုက်သည် သူ့အတွေးနှင့် သူ ပြုံးနေလေသည်။

မကြာမီပင် ဆွမ်းဒါယကာများ ရောက်လာကာ ငါးတွဲများကို ဝယ်သွားကြသည်။ ငါးတွဲ အားလုံး ကုန်သွားကြ၏။

"မဟာဒုက်က မျက်နှာမကောင်း မဖြစ်ပါနဲ့ကွာ။ ငါးတွဲတွေ ရောင်းကုန်သွားလို့ မင်းအတွက် အဖိုးအခ ငါးတွဲမရတော့ဘူး မထင်နဲ့"

"ရော့... ငါတို့ စားဖို့ဝှက်ထားတဲ့ ငါးကြင်းလေးကောင် ယူသွား"

ခူးရသမျှ ဟင်းရွက်များနှင့် ငါးတွဲကိုဆွဲကာ မဟာဒုက်လည်း မြေမှာ ခြေမထိတော့သည် တကား။ မြူးတူးခုန်ပေါက်၍ ပြန်လာခဲ့သည်။

"မိရွှေစာရေ... တို့များ ကပ်မယ့်ဆွမ်းကတော့ လှသထက် ပိုလှပြီးကော။ ရော့... ဟောဒါက မင်းမှာတဲ့ ဟင်းရွက်၊ ဟောဒါက ငါးကြင်း။ ကိုင်း- တစ်သက်မှာတော့ အကောင်းဆုံးဆွမ်းကို တစ်ခါချက်ဖူး တစ်ခါ လှူဖူးပြီပေါ့ကွာ"

"နေရာကျပြီပေါ့ဟယ်။ ကိုင်း... ခြေကလေး လက်ကလေးဆေးပြီး ပြန်ထွက်စေဦး။ ကျုပ်ဒီမှာ ပူပူနွေးနွေးရအောင် ချက်ထားလိုက်မယ်"

"ဟဲ့... မင့်တစ်ယောက်တည်း နိုင်ပါ့မလား မိရွှေစာ"

"ကျုပ်တစ်ယောက်တည်း မဟုတ်ဘူး။ ဟော့ဒီမှာ လူတစ်ယောက်ကလည်း သူ့ဘာသာ မလှူနိုင်လို့ ဆွမ်းချက်ပြီး ကုသိုလ်ယူပါရစေဆိုလို့"

မိမိတို့ထက်ပင် နံ့ချာစုတ်ပြတ်နေသော သူဆင်းရဲကို မဟာဒုက် တွေ့လိုက်ရသည်။ ထိုသူက မပြုံးမရယ် မဟာဒုက်ကို ပြန်ကြည့်နေသည်။ဘာကြောင့်မှန်းမသိဘဲ မဟာဒုက်မှာ ထိုလူစိမ်းကို သဘောကျသွားသည်။

"ကောင်းပါလေ့ဗျာ။ ယူပါ... ကုသိုလ်ယူပါ"

(ထိုသူမှာ သိကြားမင်းက ဆင်းရဲသားယောက်ျားအသွင် ယူထားပြန်ကြောင်း မဟာဒုက်တို့ မသိကြ)

* * * *

"ရဟန်းတစ်ပါးမှ မကျန်တော့ဘူး မဟာဒုက်ရဲ့"

နိဗ္ဗာန်ဆော်ကြီး၏ စကားသည် မဟာဒုက်ရဲ့ ခြေအစုံကို သိမ်းကျုံး၍ ရိုက်လှဲချလိုက်သည့် အလားပင်၊ မဟာဒုက်သည် မောကြီးပန်းကြီး ပြေးလာရာမှ ထိုစကားကို ကြားလိုက်ရသောအခါ ဒူးများ ညွတ်ခွေကျသွားလေသည်။ ထို့နောက် အက်ကွဲတုန်ယင်သော အသံဖြင့်...

"ကျုပ်... ကျုပ်... မနေ့က ရဟန်းတစ်ပါးလို့ စာရင်းပေးထားခဲ့တာပါဗျာ"



မြို့သူမြို့သားတို့ စာရင်းတင်ကြသည်။ အနည်းဆုံး ရဟန်းက တစ်ကျိပ်ဖြစ်သည်။ တစ်ကျိပ်ထက် လျော့နည်းသော အရေအတွက်ကိုစာရင်းတင်ပြသူဟူ၍ မရှိ၊ ထို့ကြောင့် မည်သို့မျှ စိတ်မသိုးမသန့် မဖြစ်မိချေ...

"မင်း စာရင်းသွင်းသလား... ငါ မကြားမိပါဘူး"

"ကျုပ် သေသေချာချာကြီးကို ပြောခဲ့တာပါဗျာ။ ရဟန်းတစ်ပါး ပေးပါလို့၊ ကျုပ် မိန်းမကလည်း..."

မဟာဒုက်မှာ အသံဝင်သွားသည်။ ငါး၊ ဟင်းသီးဟင်းရွက်၊ ဆီ၊ ဆား၊ ငရုတ်တို့နှင့် စုံလင်စွာဖြင့် တစ်သက်မှာ မချက်စဖူးချက်ကာ အသင့်စောင့်နေပြီဖြစ်သော ဇနီးကို မြင်ယောင်လိုက်သည်။ မိန္မေစာကို မည်သို့ မျက်နှာပြရမည်နည်း။ မိမိကိုယ်တိုင်ကား တစ်နေ့နှင့် တစ်ညမှာပင် လှပစွာ တည်ဆောက်ထားခဲ့သော စိတ်ကူးအလှူ ဗိမာန်သည် မြင်မကောင်း ရှုမကောင်းဖြင့် ဖရိုဖရဲ ပျက်စီးသွားလေပြီ။

"နိဗ္ဗာန်ဆော်ကြီးရယ်၊ ကျုပ်တို့ လင်မယားလေ ရဟန်းတစ်ပါးဖြင့် ရလေပဟဲ့ ဆိုပြီး..."

မဟာဒုက်က သူတို့ အခစားလုပ်ခဲ့ပုံ၊ ရခဲ့ပုံများကို ဝမ်းခေါင်းသံကြီးဖြင့် ပြန်တမ်းတ ရေရွတ်ကာ ပြောပြနေသည်။ နိဗ္ဗာန်ဆော်ကြီး သနားသွား၏။

"ကိုင်း... မဟာဒုက်၊ ဒီကိစ္စ ငါတော့ မတတ်နိုင်ဘူး။ မြတ်စွာဘုရားထံတော် သွားပေတော့။ မြတ်စွာဘုရားရှင်ဟာ ဆင်းရဲသူတို့ကို သနားတော်မူတယ်။ ချီးမြှောက်တော်မူတယ်။ ဘုရား

ကျောင်းတော်မှာသာ သွားပြီး တပည့်တော်ဟာ ဗာရာဏသီမှာ အဆင်းရဲဆုံးပါပဲ ဘုရားလို့ လျှောက်ထား။ မင်းဒီမှာ ထိုင်နေလို့တော့ ဘာမှ မထူးဘူး”

“ဒီလိုဆိုလည်း သွားရတော့မှာပေါ့ နိဗ္ဗာန်ဆော်ကြီးရယ်”

ဘုရားရှင် သီတင်းသုံးတော်မူရာ ဂန္ဓကုဋီတိုက် တံခါးဝတွင် ပရိသတ်အပြည့် ရှိနေလေသည်။ မဟာဒုက် မဆိုထားဘိ၊ ဗာရာဏသီရှိ သူဌေးသူကြွယ်များပင် အနားသီခွင့်မရသော ပြည့်ရှင်မင်း၊ အိမ်ရှေ့မင်း၊ စစ်သူကြီးနှင့် အဆင့်မြင့် မှူးမတ်ကြီးများချည်းသာ စုဝေးနေသည့် ပရိသတ်ဖြစ်၏။

သူတို့အားလုံး ရောက်ရှိနေခြင်းကား ဘုရားရှင် ထွက်ကြွတော်မူလျှင် ဘုရားရှင် သပိတ်တော်ကို ယူ၍ ဆွမ်းကပ်နိုင်ရန် ဖြစ်လေသည်။

“မဟာဒုက်… ဆွမ်းစားချိန်တောင် မရောက်သေးဘူး။ စားကြွင်းစားကျန် ကောက်ဖို့အချိန် မဟုတ်သေးဘူး။ ဘေးဖယ်နေ”

“ကျွန်ုပ် သိပါတယ်ဗျာ။ ဘုရားရှင်ကို ရှိခိုးဖို့ လာတာပါ”

မဟာဒုက်သည် ဂန္ဓကုဋီတံခါးဝ တံခါးခုံဆီသို့ မရောက်ရောက်အောင် အတင်း တိုးဝင်လိုက်၏။ ထိုအချိန်မှာပင် ဘုရားရှင်သည် ထွက်ကြွလာပြီ ဖြစ်သဖြင့် သူ့ကို မောင်းထုတ်ရန် အခွင့်မသာကြတော့ပေ။

ဘုရားရှင် ထွက်တော်မူလာပေပြီ။

မဟာဒုက်သည် အသံကို မြင့်၍ အက်ကွဲစွာ လျှောက်ထားလိုက်၏။

“မြတ်စွာဘုရား… တပည့်တော် မဟာဒုက်ဟာ ဟောဒီ ဗာရာဏသီမှာ အဆင်းရဲဆုံး၊ အနုံချာဆုံး၊ အောက်အကျဆုံး ဖြစ်ပါတယ်ဘုရား။ တပည့်တော်တို့ကို ချီးမြှောက်တော်မူပါ ဘုရား”

ကဿပမြတ်စွာဘုရားသည် ထိုနေ့အဖို့ မဟာဒုက်ကို ချီးမြှောက်တော်မူရန် ဂန္ဓကုဋီတိုက်ထဲတွင် သီတင်းသုံးတော်မူခဲ့ပြီး ဖြစ်၏။ မဟာဒုက်၏ ထိုအသံ ပြီးဆုံးသည်နှင့် ဘုရားရှင်သည် ဂန္ဓကုဋီတိုက် တံခါးကို ဖွင့်တော်မူကာ…

* * * *

ဖြစ်ပေါ်လာသော အခြင်းအရာကြောင့် တံခါးဝ၌ အသင့်စောင့်ဆိုင်း နေရာယူပြီးကြသော ပြည့်ရှင်မင်း၊ အိမ်ရှေ့မင်း၊ စစ်သူကြီးနှင့် အဆင့်မြင့် မှူးမတ်များထံမှ 'ဟယ်' ခနဲ အာမေဍိတ်သံကြီး တညီတည်း ထွက်ပေါ်လာလေသည်။

မြတ်စွာဘုရားသည် သပိတ်တော်ကို မဟာဒုက်ထံသို့ ပေးလိုက်သောကြောင့်ပင်။ လောကသုံးပါး၏ အထွတ်အထိပ် ဖြစ်တော်မူသော ဘုရားရှင် သပိတ်တော်သည် ဗာရာဏသီ၏ အဆင်းရဲ အနုံချာဆုံးသော မဟာဒုက်လက်သို့ ရောက်သွားပေပြီ။ သာမန်အားဖြင့်မူကား ပြည့်ရှင်မင်း၊ အိမ်ရှေ့မင်း၊ စစ်သူကြီးတို့သည် မဟာဒုက်လို အနိမ့်ဆုံး လူတစ်ယောက်ထံမှ ပစ္စည်းတစ်ခုကို အနိုင်အထက်ပြု၍ ယူခွင့်ရှိသူများချည်းသာ ဖြစ်၏။ သို့သော် ယခုကား ဘုရားရှင်၏

သပိတ်တော် ဖြစ်သည်။ ဘုရားရှင်ကိုယ်တိုင်က ပေးတော်မူထားခြင်းလည်း ဖြစ်သည်။ ထို့ကြောင့် သူတို့ အနိုင်အထက် မပြုရဲကြ။

"မဟာဒုက်... သပိတ်တော်ကို ငါ့ပေးပါ။ မင်း လိုချင်သလောက် ရွှေ၊ ငွေ၊ ရတနာ ပေးမယ်။ ဘယ်လောက် လိုချင်သလဲ... ပြော"

မဟာဒုက်က တစ်ချက် ငဲ့စောင်းကြည့်ရုံမျှ ကြည့်ပြီး မျက်နှာလွှဲ၍ ပြော၏။

"ရွှေတစ်မှုန်၊ ငွေတစ်စတောင် မလိုချင်ပါဘူးဗျာ။ ဘယ်လောက်မှလည်း မလိုချင်ပါဘူး။ ကဲပါ... အရှင်သခင်ကြီးတို့ရယ်... တစ်ဆိတ်ကလေး ဖယ်ရှားပေးတော်မူကြပါ"

သပိတ်တော်ကို ရင်ခွင်၌ မြဲမြဲကြီး တင်းတင်း ပွေ့ပိုက်ထားရင်း မဟာဒုက်သည် လည်ကိုဝင့်၊ ခေါင်းကိုစွင့်လျက် ထွက်ရန် ဟန်ပြင်သည်။အားလုံးပင် အလိုအလျောက် ရှဲပေးကြသည်။

"ဘုန်းတော်ကြီးသော အရှင်ဘုရား... တပည့်တော်ရဲ့ အိမ်ကို ကြွတော်မူပါဘုရား"

မဟာဒုက်က ဘုရားရှင်ကို ပင့်ဖိတ်ပြီး သပိတ်ကို ပိုက်လျက် အိမ်ပြန်ခဲ့၏။ သူ့ခြေ မြေမထိဟု ထင်ရသည်။ တဲဆီသို့မရောက်ခင် အဝေးကပင် မဟာဒုက် ဟစ်လိုက်သည်။

"မိရွှေစာရေ... တွေ့လားဟေ့... ဒီမှာ"

ဇနီးဖြစ်သူကလည်း အဝေးမှပင် လှမ်းမြင်ခဲ့ပြီ ဖြစ်သည်။ သို့သော် တဲဟုပင် မခေါ်နိုင်သော သူတို့၏ ဂေဟာတွင်းသို့ ဘုရားရှင် မည်သို့ ကြွဝင်ပါမည်နည်းဟု တွေးတော စိတ်ပူနေလေသည်။

ဖြစ်သလို စိုက်ထားသော တိုင်ပေါ်မှ ဖြစ်သလို မိုးထားသော အမိုးက နိမ့်လွန်းလှသည်။ သူတို့ လင်မယားသည်ပင် ကုန်း၍ ကိုင်း၍ ဝင်ရထွက်ရသော အမိုး။

မဟာဒုက်ကား ဘာကိုမျှ မမြင်တော့ပြီ။

"အရှင်ဘုရား... အိမ်တွင်းသို့ ကြွတော်မူပါဘုရား"ဟု ပင့်ဖိတ်၏။

ဘုရားရှင်တို့မည်သည်ကား ကိုယ်တော်ကို ကိုင်းညွတ်၍ ဝင်ရိုးထွက်ရိုး ထုံးစံမရှိ။ ကဿပဘုရားရှင်သည် ပကတိ ကိုယ်တော်ဖြင့်ပင် မကိုင်းမညွတ် တဲအိမ်အတွင်းသို့ ဝင်တော်မူရာ တန်ခိုးတော်ကြောင့် မြေကြီးသည် နိမ့်ဆင်းသွားပြီး တဲအိမ်မိုးကလည်း မြင့်တက်သွားလေသည်။ ဝင်တော်မူပြီး တဲအိမ်အတွင်း (သိကြားမင်းက လုလင်ယောင်ဆောင်ပြီး ဖန်တီးခင်းကျင်းထားခဲ့သော နေရာ၌) ထိုင်တော်မူပြီးသည့်အခါ တဲအိမ်မိုးသည် မူလအတိုင်း ပြန်ဖြစ်သွားသည်။

"မိရွှေစာရေ... ဆွမ်းကပ်ကြစို့ရဲ့"

မဟာဒုက်တို့ ပြင်ဆင်ထားသော ဆွမ်းခဲဖွယ်တို့ကား (သိကြားမင်း စီမံထားခဲ့သည် ဖြစ်သဖြင့်) မွှေးလှိုင်သင်းပျံ့ ရနံ့များက ကြိုင်လှိုင်သွားတော့သည်။ ဘုရားရှင်သည် ထိုသို့လျှင် မဟာဒုက်မောင်နှံ၏ ဆွမ်းကို ဘုန်းပေးတော်မူကာ ဆွမ်း အနုမောဒနာတရား ဟောကြားတော်မူလေသည်။ဘုရားရှင် ထွက်ကြွတော်မူသောအခါ ဝင်တော်မူခဲ့စဉ်ကလိုပင် မြေသည် နိမ့်ဆင်း၍ တဲအမိုးက မြင့်တက်သွားခဲ့ပြန်၏။ မဟာဒုက်က သပိတ်ကိုထမ်း၍ လိုက်ပါပို့ဆောင်သည်။

ဘုရားရှင် ပြန်လည်ကြွသွားတော်မူပြီးနောက် 'ကုသိုလ်ယူချင်လို့ပါ' ဟု ဆိုကာ ဘယ်ကမှန်း မသိ ရောက်လာသော လုလင် (သိကြားမင်း) က ကောင်းကင်ကို မော့ကြည့်လိုက်သည်။

ဝင်းပြက်သော အလင်းမျှင်တန်းများက ကောင်းကင်မှ တဝေါဝေါ ထိုးဆင်းလာကာ မဟာဒုက်၏ တဲအိမ်အတွင်း မိုးစက်မိုးပေါက်များနှယ် ကျရောက်လာသည်။ သို့သော် ရွှဲစိုစေသည့် မိုးစက်မိုးပေါက်များကား မဟုတ်။ မဟာဒုက် တဲတစ်ခုလုံး ရွှေ၊ ငွေ၊ ရတနာများ အပြည့်ဖြစ်သွားစေသော ရတနာ ရွှေမိုး ငွေမိုးပင်တည်း။

မိရွှေစာကား အံ့သြဝမ်းသာခြင်းကြီးစွာဖြင့် အသံပင် မထွက်နိုင်တော့။

မဟာဒုက် ပြန်ရောက်လာ၏။ တဲအပြည့် ရွှေ၊ ငွေများကို မြင်လိုက်ရသောအခါ မဟာဒုက်သည် 'အလို' ဟု တစ်ချက်သာ မြည်တမ်းလိုက်ပြီး ချက်ချင်းပင် ကုန္ဒြေ ဆည်လိုက်နိုင်သည်။ ထို့နောက် ကတုန်ကယင်ကြီးဆို၏။

"မိရွှေစာရေ... တို့အလှူ လက်ငင်းအကျိုးပေးပြီ"

"ဟုတ်... တယ်... တော့"

မိရွှေစာကလည်း အသံတွေ တုန်နေသည်။

"တို့အဆင့်နဲ့ ဒီရတနာ ရွှေငွေတွေ ရှိနေတာ ဒီအတိုင်းထားလို့ မဖြစ်ဘူး။ ပြည့်ရှင်မင်းကို သွားလျှောက်တင်မှ ဖြစ်မယ်"

"ကောင်းပါလေ့တော်"

ပြည့်ရှင်မင်းက လှည်းများဖြင့် တိုက်စေကာ နန်းရင်ပြင်၌ စုပုံစေပြီး မင်းဘဏ္ဍာအဖြစ် မသိမ်းဆည်းဘဲ မဟာဒုက်အား သူဌေးကြီးအရာကို ပေးလိုက်၏။ ထို့နောက် ဆက်လက်၍ ထူးခြားလှသော ဖြစ်ရပ်များက ပေါ်ပေါက်ခဲ့သည်။

ယခင် သူဌေးတစ်ဦး နေထိုင်ခဲ့ဖူးသော အိမ်ရာဟောင်းကို မဟာဒုက် မောင်နှံအတွက် ပြည့်ရှင်မင်းက ခွင့်ပြုပေးအပ်လိုက်၏။ ထိုနေရာဟောင်းကို တူးဆွရှင်းလင်းကြသောအခါ တစ်လုံးနှင့် တစ်လုံး ထိစပ်နေသော ရွှေအိုးကြီးများကို တွေ့ကြရလေသည်။

မဟာဒုက်သည် ဟာရာဏသီတွင် အချမ်းသာ အကြွယ်ဝဆုံး သူဌေးကြီး ဖြစ်သွား၏။

* * * *

ဆွမ်းဒါယကာ သူဌေးကြီး မဟာဒုက် သက်တမ်းစေ့၍ ကွယ်လွန်သောအခါ တာဝတိံသာတွင် နတ်စည်းစိမ်ကို ဆက်လက် ခံစားရသည်။ ထို့နောက် ဂေါတမဘုရားရှင် လက်ထက်တော်ကာလ၊ တာဝတိံသာမှ စုတေကာ လူ့ပြည်တွင် ဘဝသစ်ကို ရရှိခဲ့သည်။ လူ့ပြည်၌ မဟာဒုက် သန္ဓေယူရာကား သာဝတ္တိမြို့တော်ရှိ အိမ်တစ်အိမ်မှ အရှင်သာရိပုတ္တရာကို ကိုးကွယ် ဆည်းကပ်သော အမျိုးသမီးထံတွင် ဖြစ်၏။


Typing by Lucky82 (mmcybermedia.com)

ပဋိသန္ဓေတည်သည်နှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးသည် အရှင်သာရိပုတ္တရာ အမှူးပြုသော ရဟန်းငါးရာအား ငါးကြင်းသားဟင်းဖြင့် ဆွမ်းကပ်လေသည်။ ကိုယ်တိုင်လည်း ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်၍ သံဃာတော်များ၏ စားကြွင်းစားကျန်ကို စားကာ ဆွမ်းအနုမောဒနာ နာယူ၏။

ထို့နောက် သန္ဓေသားကို ဖွားမြင်ခဲ့ပြီး 'ပဏ္ဍိတ' ဟု အမည်မှည့်လေသည်။

ပဏ္ဍိတသည် ခုနစ်နှစ်သားအရွယ်တွင် အရှင်သာရိပုတ္တရာထံ၌ပင် သာမဏေအဖြစ်သို့ ရောက်ခဲ့၏။ ပဏ္ဍိတသာမဏေ တွင်ခဲ့ပြီ။

*　　*　　*　　*

တစ်နေ့သောအခါ ခုနစ်နှစ်သား ပဏ္ဍိတသာမဏေသည် အရှင်သာရိပုတ္တရာ နောက်ပါးမှနေ၍ ဆွမ်းခံရန် လိုက်ပါလာခဲ့လေသည်။ သာမဏေသည် လူဝတ်ကြောင် ကလေးဘဝကလည်း အမိစံအိမ်တွင် ကောင်းစွာ ကြီးပြင်းခဲ့ရသည်ဖြစ်၍ စံအိမ်ပြင်ပ လောကဝန်းကျင်ကို သိသူ မဟုတ်ချေ။

အရှင်သာရိပုတ္တရာနောက်မှ လိုက်ပါလာရင်း တစ်နေရာတွင် ရေမြောင်းတစ်ခုကို တွေ့လိုက်ရ၏။ ထိုရေမြောင်းဖြင့် ဘယ်အလုပ်လုပ်သည်ကို သာမဏေ မသိ။ တသွင်သွင်စီးနေသော ရေမြောင်းကိုကြည့်၍ သာမဏေငယ်ကလေးသည် -

"အရှင်ဘုရား... ဒီရေမြောင်းနဲ့ ဘာလုပ်ကြပါသလဲ ဘုရား"

"ပဏ္ဍိတ... ဒီရေမြောင်းနဲ့ ရေကိုသွယ်ပြီး ကောက်ပင်တွေ ဖြစ်ထွန်းအောင် လုပ်ကြတယ်"

ရေကိုသွယ်။ ထိုရေဖြင့် ကောက်ပင်များ ဖြစ်ထွန်းရှင်သန် ကြီးထွား။ ပဏ္ဍိတသည် အတွေးစကို လွှတ်ထားလိုက်၏။ ရေသည် ကောက်ပင်ကို ဖြစ်ထွန်းရှင်သန် ကြီးထွားစေသတဲ့လား။ ရေမှာ ထိုသို့သော စွမ်းအင်အာနိသင် ရှိသတဲ့လား။ ကောက်ပင်တွေ ရှင်သန်ကြီးထွားအောင် ရေက ဘယ်လိုလုပ်ပြီး ပေးလိုက်သလဲ။ ကောက်ပင်တွေအကြောင်းကို ရေက သိနေသတဲ့လား။

မေးခွန်းတွေသာ ပေါ်လာပြီး အဖြေထွက်မလာသဖြင့် ပဏ္ဍိတသာမဏေက -

"အရှင်ဘုရား... ရေမှာ သိတတ်သောစိတ် ရှိပါသလားဘုရား"

"ပဏ္ဍိတ... ရေမှာ သိတတ်တဲ့စိတ် မရှိဘူး"

ရေမှာ စိတ်မရှိဘူးတဲ့။ အဲဒီစိတ်မရှိတဲ့ ရေကိုပဲ လိုရာအရပ်ရောက်အောင် သွယ်ယူ တူးဖောက် ပို့ဆောင်ကြသတဲ့။ အဲဒီနည်းအားဖြင့် ကောက်ပင်တွေ ကြီးထွားကြသတဲ့။

ပဏ္ဍိတသာမဏေသည် နောက်ထပ် ထင်မြင်လာသော မေးခွန်းကို မေးပြန်၏။

"အရှင်ဘုရား... စိတ်မရှိသောရေကို လိုရာပို့ဆောင် သယ်ဆောင်နိုင်ပါသလား"

"ပဏ္ဍိတ... စိတ်မရှိသော ရေကို လိုရာပို့သယ်ဆောင်နိုင်တယ်"

မိမိ၏ သန္တာန်အတွင်းမှ လင်းခနဲပြက်သွားသည်ဟု ပဏ္ဍိတသာမဏေ ခံစားလိုက်ရ၏။ အဖွဲ့တွမှ အသံများကို ပြန်ကြားလိုက်ရ၏။



Typing by Lucky82 (mmcybermedia.com)

စိတ်မရှိတဲ့ရေကိုပင်လျှင် လိုရာဆောင်ယူနိုင်ကြသေးရင် စိတ်ရှိတဲ့လူဆိုတာ ကိုယ့်စိတ်ကို ကိုယ်လိုရာသို့ လိုက်စေနိုင်တာပေါ့။ အဲဒီစိတ်ကို မကောင်းတဲ့ဘက်သို့ မသွယ်ယူ မဖောက်လုပ်ဘဲ ကောင်းတဲ့ဘက်သို့ သွယ်ယူဖောက်လုပ်လို့ ရတာပေါ့။ အဲဒီစိတ်ကို ရဟန်းတရား အားထုတ်တဲ့ဘက် သွယ်ယူ ဖောက်လုပ်ရမှာပေါ့။ ဘာကြောင့်ဒီလို မလုပ်နိုင်ရမှာလဲ။ ရေကြောင့် ကောက်ပင်တွေ ကြီးထွားရသလို စိတ်ကြောင့် တရားဓမ္မတွေလည်းကြီးထွားရှင်သန် ပွားများလာရမှာပေါ့။ ဘာကြောင့် မတတ်နိုင်ရှိရမှာလဲ။

အရှင်သာရိပုတ္တရာနောက်မှ အစဉ်လိုက်ပါလာခဲ့ရင်း ပဏ္ဍိတသာမဏေသည် ခြေလှမ်းနှင့် အမျှ စဉ်းစားခန်း နက်လာခဲ့သည်။ ထိုအတွေးတို့သည် အခြားတစ်နေရာ ရောက်ခါမှပင် ကုန်ဆုံးသွား၏။

ထို အခြားတစ်နေရာတွင်ကား မြင်ကွင်းသည် တစ်မျိုးတစ်ဖုံ။ ပဏ္ဍိတသာမဏေ မမြင် မတွေ့ဖူးသောအရာ ဖြစ်သည်။

လေးသမားတစ်ယောက်က မြားကို မီးကင်ကာ မြားဖြောင့်အောင် ပြုလုပ်နေ၏။ မြားဖြောင့်၊ မဖြောင့် သိနိုင်ဖို့ လေးသမားက မျက်စိတစ်ဖက်မှိတ် တစ်ဖက်ဖွင့်၍ ကြည့်ကာ အမြင်အာရုံ၌ စစ်ဆေးနေ၏။

"အရှင်ဘုရား... ထိုသူ ဘာလုပ်နေပါသလဲ ဘုရား"

"ပဏ္ဍိတ... မြားကို မီးကင်ပြီး ဖြောင့်အောင် ပြုလုပ်နေတာ ဖြစ်တယ်"

"မြားမှာ သိတတ်တဲ့ စိတ် ရှိပါသလား ဘုရား"

"ပဏ္ဍိတ...မြားမှာ သိတတ်တဲ့စိတ် မရှိဘူး"

စောစောကအတိုင်းပင် အမေးအဖြေများ ပေါ်လာပြန်သည်။ သိတတ်တဲ့စိတ် မရှိတဲ့ မြားကို မီးကင်၊ မီးကင်ပြီး ဖြောင့်အောင်လုပ်၊ အဲဒါ လုပ်လို့ရသတဲ့။

စိတ်ရှိတဲ့ လူဆိုရင်ကော ပိုပြီး ဖြောင့်အောင် လုပ်လို့ ရရမှာပေါ့။ မကောက်မကွေးအောင် လုပ်ယူရမှာပေါ့။ ဘာကြောင့် မရနိုင်ရမှာလဲ။ စိတ်ကို ဖြောင့်အောင်လုပ်၊ ဒီစိတ်ကို ဖြောင့်တဲ့ဘက်ကို ဆွဲယူ၊ ရဟန်းတရား အားထုတ်၊ ဘာကြောင့် မတတ်နိုင်ရမှာလဲ။

ပို၍ ပို၍ နက်ရှိုင်းတည်ငြိမ်လာသော အတွေးအကြံတို့ဖြင့် ပဏ္ဍိတသာမဏေသည် အရှင်သာရိပုတ္တရာနောက်မှ အစဉ်လိုက်ပါလာခဲ့သည်။ တစ်နေရာသို့ အရောက်တွင် မြင်ကွင်း တစ်ခုကို ထပ်တွေ့ပြန်၏။ အသံတွေက ဒုန်းဒုန်းဒိုင်းဒိုင်း။ လူတွေက ချွေးသံတရွှဲရွှဲ၊ ထုလိုက်၊ ရိုက်လိုက်၊ ခုတ်လိုက်၊ ရွေလိုက်။

သူတို့ကား လှည်းဘီးဖြစ်လာအောင် ဒေါက်၊ သံကူ၊ ပုံတောင်း စသည်ဖြင့် ပြုလုပ်နေကြသူများ ဖြစ်လေသည်။ ပဏ္ဍိတသာမဏေသည် ထိုအခြင်းအရာကို မမြင်ဖူးပေ။ မသိ မမြင်သည်ကို မေးတတ်သော ကလေးငယ်တို့၏ သဘာဝဖြင့် သာမဏေသည် အရှင်မြတ်ကြီးကို မေးပြန်၏။

"အရှင်ဘုရား... သူတို့က ဘယ်သူတွေပါလဲဘုရား"

"လက်သမားတွေဖြစ်တယ် ပဏ္ဍိတ"

"သူတို့ ဘာကိုလုပ်နေကြတာလဲ ဘုရား"

“သစ်သားကို လှည်းဘီးဖြစ်အောင် ခုတ်ရွေနေကြခြင်း ဖြစ်တယ် ပဏ္ဍိတ”

“အဲဒီ သစ်သားမှာ သိတတ်တဲ့စိတ် ရှိပါသလား ဘုရား”

“ပဏ္ဍိတ သစ်သားမှာ သိတတ်တဲ့စိတ် မရှိဘူး”

သာမဏေငယ်၏ အတွေးထဲတွင် စောစောကလိုပင် ဆင့်ကဲဖြစ်ပေါ်လာကြ၏။

သိတတ်တဲ့စိတ်မရှိတဲ့ သစ်သားကို လှည်းဘီးဖြစ်အောင် ခုတ်ရွေလို့ လုပ်နိုင်သေးရင် စိတ်ရှိတဲ့ သူများကိုကော ကိုယ့်စိတ်ကို ကိုယ့်အလိုသို့ ပါလာအောင် လုပ်ယူလို့ ရနိုင်တာပေါ့။

ဘာကြောင့် မရနိုင်ရမှာလဲ။ ဒီစိတ်ကို ပိုပြီးကောင်းအောင်၊ နိုင်အောင်၊ မာအောင်လုပ်ဖို့ ရဟန်းတရားအားထုတ်။ ဘာကြောင့် မတတ်နိုင်ရမှာလဲ။

ထိုဆင်ခြင်မှုများ၏ အထွတ်အထိပ် တစ်နေရာသို့ ရောက်ပြီးသည့်နောက် ပဏ္ဍိတ သာမဏေသည် အရှင်သာရိပုတ္တရာအား ပြတ်သားစွာ လျှောက်လိုက်လေသည်။

“တပည့်တော် ကျောင်းပြန်ပြီး တရားအားထုတ်ပါရစေဘုရား”

*  *  *  *

အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက သိတော်မူနှင့်ပြီ။ ထို့ကြောင့် အနှောင့်အယှက် ကင်းစွာ တရားအားထုတ်နိုင်ရန် မိမိ၏ အခန်းသော့ကို ပေးလိုက်သည်။ ပဏ္ဍိတသာမဏေသည် အရှင်သာရိပုတ္တရာ၏ အခန်းတွင်းဝင်ကာ မိမိ၏ ခန္ဓာကို ဝိပဿနာတင် ဆင်ခြင်သုံးသပ်လေသည်။ သာသနာကို စောင့်ကြပ်သော လောကပါလ နတ်မင်းကြီးများနှင့် သိကြားမင်းတို့က သာမဏေလေး တရားအားထုတ်ချိန်တွင် ငှက်သံ စသော ဆူညံသံများ မနှောင့်ယှက်နိုင်အောင် ကူပံ့ပေးကြ၏။ သိကြားမင်းကိုယ်တိုင် တံခါးသော့ နေရာတွင် စောင့်ကြပ်ပေး၏။

ပကတိ တိတ်ဆိတ်သော ပတ်ဝန်းကျင်နေရာ၌ စိတ်ကို ငြိမ်သက်နက်ရှိုင်းစွာ ထားလျက် ဝိပဿနာ ပွားများလိုက်ရသဖြင့် ပဏ္ဍိတသာမဏေသည် ဆွမ်းစားချိန်မှာပင် မဂ်ဖိုလ်သုံးဆင့်ကို ရောက်လေသည်။

ထိုအချိန်မှာပင် အရှင်သာရိပုတ္တရာသည် ဆွမ်းခံရာမှ ပြန်ကြွလာ၏။ ငါးကြင်းသားဟင်းနှင့် ဆွမ်းကို ယူဆောင်လာကာ သာမဏေငယ် ဆွမ်းစားစေရန် ဆောလျင်စွာ ပြန်ကြွလာခြင်း ဖြစ်သည်။ ဆွမ်းစားချိန် ကျော်တော့မည် ဖြစ်သည်။

သို့သော် အရှင်သာရိပုတ္တရာသည် သာမဏေငယ်ရှိရာ အခန်းတွင်းသို့ ဝင်သွားခွင့်မရချေ။ အကြောင်းကား ဘုရားရှင်သည် သာမဏေငယ် ရဟန္တာအထိ ဖြစ်နိုင်သော အခြေအနေကို သိတော်မူသဖြင့် အရှင်သာရိပုတ္တရာ၏ တံခါးမုခ်သို့ ကြွကာ အရှင်သာရိပုတ္တရာအား မေးခွန်းလေးရပ် မေးတော်မူလိုက်သောကြောင့် ဖြစ်လေသည်။

ဘုရားရှင်နှင့် အရှင်သာရိပုတ္တရာတို့၏ အမေးအဖြေကား -

“သာရိပုတ္တရာ... ယခု ဘာကို ရလာခဲ့သလဲ”

“အရှင်ဘုရား... အာဟာရကို ရလာပါတယ် ဘုရား”

"သာရိပုတ္တရာ... အာဟာရက ဘာကိုဆောင်သလဲ"

"အရှင်ဘုရား... အာဟာရက ဝေဒနာကို ဆောင်ပါတယ် ဘုရား"

"သာရိပုတ္တရာ... ဝေဒနာက ဘာကို ဆောင်သလဲ"

"အရှင်ဘုရား... ဝေဒနာက ရုပ်ကို ဆောင်ပါတယ် ဘုရား"

"သာရိပုတ္တရာ... ရုပ်က ဘာကို ဆောင်သလဲ"

"အရှင်ဘုရား... ရုပ်က ဖဿကို ဆောင်ပါတယ် ဘုရား"

အမေးလေးထွေ၊ အဖြေလေးရပ်။ အခန်းတွင်း၌ တရားရှုမှတ်နေသော ပဏ္ဍိတသာမဏေသည် အရှင်သာရိပုတ္တရာ၏ အဖြေစကားများကို ကြားနာရင်း ဝိပဿနာကို ဆက်လက်ရှုမှတ်ပွားများလေရာ အဖြေအဆုံးမှာပင် အရဟတ္တမဂ်သို့ ဆိုက်ရောက်သွားလေသည်။ ပဏ္ဍိတသာမဏေ ရဟန္တာဖြစ်သွားကြောင်း သိတော်မူသော ဘုရားရှင်ကလည်း ထိုအခါမှ အရှင်သာရိပုတ္တရာအား အခန်းတွင်းသို့ဝင်၍ ဆွမ်းဘုဉ်းပေးရန် ခွင့်ပြုလိုက်လေသည်။

ထိုနေ့ကား ပဏ္ဍိတသာမဏေ ရှင်ပြုပြီး ရှစ်ရက်မြောက်သောနေ့ ဖြစ်၏။ တစ်ပြိုင်နက် အချိန်ကို ခေတ္တရပ်တန့်အောင် ပြုလုပ်ထားသော တန်ခိုးကြီးနတ်များသည်လည်း လဝန်း၊ နေဝန်းတို့ကို ပြန်လွှတ်လိုက်ကြသည်။ ထိုအခါ ရုတ်ချည်းပင် ညနေပိုင်းသို့ ရောက်သွား၏။

ဆွမ်းကိစ္စ ပြီးသောအခါ ပဏ္ဍိတသာမဏေသည် သပိတ်ကို ဆေးကြောသန့်စင်လေသည်။ ညနေပိုင်းအချိန်ကျမှ စားလက်စ သပိတ်ကို ဆေးကြောနေသော သာမဏေကို မြင်သောအခါ ရဟန်းများက ကဲ့ရဲ့ရှုတ်ချကာ ဘုရားရှင်ထံ လျှောက်ထား တိုင်ကြားကြသည်။

ဘုရားရှင်က သိကြားမင်း၊ စတုမဟာရာဇ် နတ်မင်းကြီးလေးပါးနှင့် လနတ်သား၊ နေနတ်သားတို့က စောင့်ရှောက်ထားခြင်းသာ ဖြစ်ကြောင်းနှင့်တကွ ပဏ္ဍိတသာမဏေ တရားအားထုတ်ပုံကို မိန့်ကြားကာ ဒေသနာတော်ကို ဟောကြားတော်မူလေသည်။

"ရေသွယ်သော လယ်သမားတို့သည် ရေကို အလိုရှိရာသို့ ရောက်စေအောင် သွယ်ယူသယ်ပို့ကြကုန်၏။ မြားပြုလုပ်သူတို့သည် မြားကို ဖြောင့်အောင် ပြုလုပ်ကြကုန်၏။ လက်သမားတို့သည် သစ်ကို လိုချင်သော ပုံစံကျအောင် ရွေကြကုန်၏။ ပညာရှိတို့သည်လည်း မိမိတို့စိတ်ကို ယဉ်ကျေးအောင် ဆုံးမကြကုန်၏"

## တပည့်သာမဏေ

အရှင်တိဿ ဘွဲ့မည်ရှိ ရဟန်းတစ်ပါးသည် ကောသမ္ဗီပြည်၌ သီတင်းသုံးနေထိုင်လျက် ရှိ၏။ အရှင်တိဿအား ကျောင်းလှူထားသော ဒါယကာသည် စေတနာသဒ္ဓါ ထက်သန်သူ ဖြစ်သည်။ တစ်နေ့သောအခါ ဒါယကာက အရှင်တိဿအား သင်္ကန်း သုံးထည်၊ ထောပတ်နှင့် တင်လဲတို့ကို လှူဒါန်းလာသည်။ အရှင်တိဿသည် အရိယာအဆင့်အားဖြင့် မရှိစေကာမူ မြိုးခြံချွေတာမှု၊ အမှုကိစ္စ နည်းပါးမှု စသော ရဟန်းကောင်းတို့၏ ဂုဏ်ရည်များနှင့် ပြည့်စုံသူကား ဖြစ်လေသည်။ ထို့ကြောင့် ဒါယကာကို မိန့်၏။

"ဒကာ... ငါ့မှာ ဝေယျာဝစ္စ ဆောင်ရွက်ပေးမယ့် သာမဏေ မရှိဘူး။ ဒါကြောင့် သင်လှူတဲ့ ပစ္စည်းများကို ငါ အလှူမခံလိုဘူး"

ဒါယကာသည် ထိုစကားကို ကြားရမှ ပို၍ပင် သဒ္ဓါထက်သန်လာလေသည်။ ထို့ကြောင့် တစ်ထိုင်တည်းမှာပင် ဆုံးဖြတ်၍ လျှောက်တင်လိုက်၏။

"ဒါဆိုရင် အရှင်ဘုရားထံမှာ ဝေယျာဝစ္စ ဆောင်ရွက်ပေးမယ့် သာမဏေတစ်ပါးကိုပါ တပည့်တော် လှူမှာပေါ့ ဘုရား"

"ဒကာ... သာမဏေတစ်ပါးပါးကို သင်က ပန်ကြားဆောင်ယူပြီး ငါ့ထံ အပ်နှင်းဖို့ဆိုတာ မဖြစ်နိုင်ဘူး။ ဒီလို မလုပ်ရဘူး"

"အဲဒီလို နည်းမျိုးနဲ့ မဟုတ်ပါဘူးဘုရား"

"ဘယ်လိုနည်းမျိုးနဲ့ လှူမှာတုန်း ဒကာ"

ဒါယကာက ခိုင်မာစွာ တစ်ချက်ပြုံး၍...

"တပည့်တော်ရဲ့သား ခုနစ်နှစ်အရွယ်ကို အရှင်ဘုရားထံ အပ်နံ သာမဏေပြုစေပြီး ဝေယျာဝစ္စ တပည့်အဖြစ် တစ်ခါတည်း လှူလိုက်မှာပါ ဘုရား"

* * * *

"ဆံပင်တို့သည် လည်းကောင်း၊ မွေးညင်းတို့သည် လည်းကောင်း၊ ခြေသည်း လက်သည်းခွံ တို့သည် လည်းကောင်း၊ သွားတို့သည် လည်းကောင်း၊ အရေပြားတို့သည် လည်းကောင်း...."

အရှင်တိဿ၏ လက်ထဲမှ သင်တုန်းဓားသွားက မိမိ ဦးခေါင်းခွံ အရေပြားပေါ်တွင် တရှိတ်ရှိတ် ရွေ့လျားနေသည့် အထိအတွေ့ကို ခံစားနေရင်း အရှင်တိဿ ရွတ်ဆို

ပောကြားနေသော တစပဋ္ဌက ကမ္မဋ္ဌာန်းကို နားဆင် နာကြားနေ၏။ နားမှာ ထိုသို့ မှတ်သားနေရင်းဖြင့်ပင် အောက်ခံပိတ်စပေါ်သို့ အထွေးလိုက် အကွင်းလိုက် တဖွားဖွား ကျလာသော ဆံပင်များကို ကြည့်နေမိ၏။

တစ်ချိန်တည်းမှာပင် တရှိတ်ရှိတ် ပြေးလွှားနေသော သင်တုန်းဓားသွားငယ်၏ ထက်မြသော အသွားငယ်၏ လှုပ်ရှားမှုတစ်လျောက်ရှိ ဦးရေပြားတို့ဆီမှ ရှိန်းမြမြ အထိအတွေ့ကို လည်းကောင်း၊ မွေးညင်းပေါက်တို့ဆီမှ ရှိန်ရှိန်ရှားရှား ပျံတက်နေသော အငွေ့တို့ကို လည်းကောင်း၊ ရေတို့ စွတ်စိုလိမ်းကျံသော ခြေသည်း လက်သည်းခွံများကို လည်းကောင်း၊ ရံခါ စေ့ထားလိုက်၊ ရံခါ တင်းတင်းဖိကြိတ်လိုက်မိသော သွားတို့ကို လည်းကောင်း၊ သိသိမှတ်မှတ်ကြီး ဆင်ခြင် နေမိလေသည်။

"ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော၊ တစပဉ္စက ကမ္မဋ္ဌာန်း၊ တစပဉ္စက ကမ္မဋ္ဌာန်း"

အထပ်ထပ် ရှုမှတ်ဆင်ခြင်ခြင်းဖြင့် များစွာသော ခဏပေါင်းတို့အတွင်း ပျက်စီးချုပ်ငြိမ်း သွားကြလေသော ထိုဆံပင်၊ ထိုမွေးညင်း၊ ထိုလက်သည်း ခြေသည်း၊ ထိုသွား၊ ထိုအရေပြားတို့၏ မမြဲခြင်း၊ ဆင်းရဲခြင်း၊ မပိုင်စိုးခြင်း သဘော။

တစပဉ္စက ကမ္မဋ္ဌာန်းကို နာကြားရင်း ခေါင်းရိတ်ခံပြီးသည်နှင့် တစ်ပြိုင်နက် ကလေးငယ်သည် ရဟန္တာ ဖြစ်သွားလေသည်။

တစပဉ္စက ကမ္မဋ္ဌာန်းကို စီးဖြန်းနေခြင်းဖြင့် ခေါင်းရိတ်အပြီးမှာပင် သာမဏေကလေးမှာ ရဟန္တာအဖြစ်သို့ ရောက်ရှိသွားကြောင်း ဆရာဖြစ်သူ အရှင်တိဿ အလျဉ်းမသိ။ သိနိုင်သော ပညာလည်း အရှင်တိဿ၌ မရှိ။ သာမဏေကလည်း မိမိ အရိယာအဖြစ်ကို ဖွင့်ဟပြောရိုး ထုံးစံ မရှိသည်နှင့်အညီ တစ်စုံတစ်ရာ မဆိုချေ။

ဆယ့်ငါးရက် ကြာမြင့်ခဲ့လေသည်။ အရှင်တိဿသည် တပည့် သာမဏေလေးနှင့် အတူ ဘုရားရှင်ကို ဖူးမြင်ရန် ခရီးထွက်ခဲ့၏။ ခရီးကား အတန်လှမ်းသည်ဖြစ်၍ နေ့ချင်းပေါက် မရောက်နိုင်သဖြင့် ခရီးကြား ကျောင်းတစ်ကျောင်းသို့ ဝင်ရောက် တည်းခိုကြရလေသည်။

သာမဏေက ဆရာရဟန်းအတွက် အိပ်ရာနေရာများကို ပြင်ဆင်ပေးသည်။ ဆရာသည် ဆရာဖြစ်ပြီး တပည့်သည် တပည့်ဖြစ်သည်ဟုသာ သာမဏေလေး ခံယူထားသည်။ အရှင် တိဿသည် ပုထုဇဉ်ရဟန်းမျှသာ ဖြစ်သော်လည်း မိမိ၏ ဥပဇ္ဈာယ်ဆရာပင် ဖြစ်၏။ ထို့ကြောင့် အိပ်ရာနေရာ ပြင်ဆင်ပေးခြင်းအပြင် အခြား ပြုဖွယ်သောဝတ်တို့ကို ပြုမြဲအတိုင်း ပြုလေသည်။

ဆရာ့အတွက် ဝတ်ပြုဆောင်ရွက်ပေးနေရသဖြင့် သာမဏေမှာ မိမိ အိပ်ရာနေရာအတွက် ပြင်ဆင်ရန် အချိန်မရတော့ချေ။

ညဉ့်ကလည်း မိုးချုပ်သွားပြီ ဖြစ်သည်။ ဤအခြင်းအရာကို သတိပြုမိသဖြင့် အရှင်တိဿက ဆို၏။

"သာမဏေ... သင့်မှာ အိပ်ရာနေရာ ပြင်ဆင်ချိန် မရတော့ဘူး။ မိုးလည်း ချုပ်ပြီ။ မှောင်မိုက်နေလို့ ဘာမှလည်း မမြင်နိုင်တော့ဘူး။ ငါ့အခန်းထဲမှာပဲ ကျိန်းပေတော့"

ဆရာအရှင် တိဿကား ပုထုဇဉ်ပီပီ အိပ်ရာထက်လှဲပြီး ခဏမှာပင် အိပ်မောကျသွားတော့သည်။ သာမဏေလေး ဆင်ခြင်သည်ကား မိမိပါ အတူတကွ အိပ်စက်လျှင် ဆရာရဟန်းသည် သဟသေယျ အာပတ် သင့်တော့မည်။ သဟသေယျ ဟူသည်ကား အတူအိပ်စက်ခြင်း ဖြစ်၏။

(မှတ်ချက်။ ။ သဟသေယျ သိက္ခာပုဒ်နှင့် ပတ်သတ်၍ မြတ်စွာဘုရား ပညတ်တော်မူပုံကို အကျယ်သိလိုပါက ဘုရားဥပဒေတော်ကြီး သုဒ္ဓပါစိတ်အခန်း၊ မုသာဝါဒဝဂ်၌ ဖတ်ရှုနိုင်ပါသည်။ ဘုရားရှင်သည် ပဌမ သစသေယျ သိက္ခာပုဒ်၊ ဒုတိယ သဟသေယျ သိက္ခာပုဒ်များကို ပညတ်တော်မူခဲ့ပါသည်။)

ဆရာဖြစ်သူ သဟသေယျ အာပတ်မသင့်၊ အပြစ်မရောက်စေရန်မှာ တစ်နည်းသာ ရှိတော့သည်။ ယင်းက တကွအတူ တစ်မိုးတည်းအောက်တွင် အိပ်စက်ခြင်း တည်းဟူသော အရာမမြောက်စေရန် မိမိ (သာမဏေ) က မအိပ်စက်ဘဲ တစ်ညဥ့်လုံး ထိုင်နေဖို့ပင် ဖြစ်လေသည်။

တပည့်သာမဏေသည် ထိုသို့အားဖြင့် မအိပ်စက်ဘဲ တစ်ညဥ့်လုံး ထိုင်နေခဲ့၏။ နံနက် မိုးသောက်ခဲ့ပြီ။

ဆရာအရှင် တိဿ တစ်ညဥ့်လုံး အိပ်မောကျခဲ့ရာမှ နိုးလာခဲ့သည်။ တပည့် သာမဏေ တစ်ညဥ့်လုံး မကျိန်းမစက် ထိုင်နေသည်ကို မသိ။ မိမိနယ်ပင် သင်ဖြူးတစ်ဖက်စွန်း၌ သာမဏေ အိပ်ပျော်နေဆဲပင် ဖြစ်သည်ဟု မှတ်ယူကာ..

"ဟဲ့... သာမဏေလေး... ထ... ထ..."

ဟု နှိုးလျက် ယပ်တောင်ဖြင့် လှမ်းရိုက်လိုက်၏။ ယပ်ဖျားက ထိုင်နေသော သာမဏေ၏ မျက်စိကို တည့်တည့်ကြီး ထိမှန်သွားလေသည်။ မာကျောသော ထန်းရွက်ယပ်များ၏ အစသည် သာမဏေ၏ မျက်ခွံအောက် မျက်ဝန်းသားကိုမှ ထိထိမိမိကြီး ခြစ်ပုတ်သွားလေရာ ထိုခဏမှာ သာမဏေငယ်မှာ သွေးသံရဲရဲ မထွက်ဘဲ မျက်စိအကြည်ဓာတ် ပျက်သွားတော့သည်။ အရှင်တိဿကား ဤအဖြစ်ကိုလည်း မသိပေ။ သာမဏေငယ်ကလည်း မလျှောက်။

"ဟဲ့... သာမဏေ ဘာလုပ်နေသလဲ။ အခန်းအပြင် ထွက်တော့လေ။ လုပ်စရာရှိတဲ့ ဝတ်ကြီး ဝတ်ငယ်တွေ ပြုတော့လေ"

အရှင်တိဿက ဆရာ၏ အနေအထားဖြင့်ပင် ခိုင်းစေလိုက်၏။

သာမဏေသည် မျက်စိပျက်သွားသော်လည်း တပည့်တို့၏ တာဝန်ဝတ္တရားကိုကား အပျက်မခံပေ။ ပျက်သွားသော မျက်စိကို လက်တစ်ဖက်ဖြင့် ဖိလျက် ဝစ္စကုဋီနှင့် မျက်နှာသစ် နေရာတို့ကို လှည်းကျင်းသုတ်သင်သည်။ မျက်နှာသစ်ရေ၊ တံပူတို့ကို ပြင်ဆင်သည်။ ကျောင်း ပရိဝုဏ်ကို တံမြက်စည်း လှည်းသည်။

ဆရာအရှင်လည်း မသိလိုက် မသိဖာသာပင် အိပ်ရာမှ ထကာ ကိုယ်လက်သန့်ရှင်း သုတ်သင်သည်။ ထို့နောက် မျက်နှာသစ်ခုံဆီသွားကာ မျက်နှာကို ရေဖြင့် လောင်းလိုက်သည်။ သာမဏေကလည်း ပြုမြဲဝတ်အတိုင်း ဆရာအရှင်ထံသို့ တံပူ ဆက်ကပ်သည်။ သို့သော် လက်နှစ်ဖက် အစုံဖြင့် ကပ်နိုင်ခြင်းကား မရှိ။ ပျက်စီးသွားသော မျက်စိကို လက်တစ်ဖက်ဖြင့် ဖိအုပ်ထားရသည် ဖြစ်သောကြောင့် အားနေသော လက်တစ်ဖက်ဖြင့်သာ ကပ်နိုင်သည်။ ဤတွင်...

"ဟဲ့... သာမဏေ၊ ဆရာဖြစ်သူကို လက်တစ်ဖက်တည်းနဲ့ တံပူကပ်ရသတဲ့လား။ သင့်ဆရာက မဆုံးမဘူးလား။ သင့်အပြုအမူ ဘယ်လောက် မဖွယ်မရာ ဖြစ်နေသလဲဆိုတာ သင မသိဘူးလား"

စသည်ဖြင့် ကြိမ်းမောင်း ပြစ်တင်လေသည်။

ဤအတိုင်းသာ ဆက်လက် ကြိမ်းမောင်းပြစ်တင်နေပါလျှင် အခြေအနေမှာ ဆရာဖြစ်သူ အတွက်ရော၊ မိမိအတွက်ပါ ပို၍ ဆိုးရွားလာစရာ ရှိပေတော့သည်။ အဖြစ်မှန်ကို ရှင်းပြ လျှောက်ထားဖို့ အချိန်တန်ပေပြီဟု သာမဏေငယ် ဆုံးဖြတ်လိုက်၏။

"ဆရာအရှင် ဘုရား... ခေတ္တမျှ သည်းခံ နားထောင်ပါဘုရား"

ဟု အစချီကာ သာမဏေငယ်သည် (မိမိ၏ အရိယာအဖြစ်မှတပါး) ညဉ့်က ဖြစ်ပျက်ခဲ့သည်များ၊ နံနက်မိုးသောက်ချိန် ဖြစ်ပျက်ခဲ့သည်များကို အစအဆုံး ရှင်းလင်း လျှောက်ထားလိုက်လေသည်။

အရှင်တိဿကား နောင်တကြီးစွာ ရခဲ့ပေပြီ။ တပည့် သာမဏေ၏ အရိယာအဆင့် အစစ်အမှန်ကို မသိသော်ငြား ဆရာ ပါစိတ်အာပတ် သင့်မည်စိုးသဖြင့် တစ်ညဉ့်လုံး မအိပ်ခဲ့သည့် တပည့်၊ တစ်ညဉ့်လုံး ထိုင်နေခဲ့သော တပည့်၊ မိမိ၏ ယပ်ဖျားဒဏ်ကြောင့် မျက်စိပျက်ခဲ့သော်လည်း ထိုအဖြစ်ကို မိမိ မသိစေရဘဲ ပြုမြဲဝတ်တို့ကို မပျက်မကွက် ပြုခဲ့သော တပည့်။

အရှင်တိဿသည် စိတ်မကောင်းခြင်းကြီးစွာ ကွဲအက်သော နောင်တသံဖြင့် ရေရွတ် တောင်းပန်လေသည်။

"သူတော်ကောင်း သာမဏေ။ ငါ ဒီအကြောင်းခြင်းရာ အဖြစ်မှန်တွေကို မသိခဲ့ပါဘူး။ မသိခဲ့လို့ အခုလို ဖြစ်ရတာပါ။ ငါ့ကို သည်းခံပါ"

သာမဏေငယ် တည်ငြိမ်စွာ ဆိုလေသည်။

"အရှင်ဘုရား... ခုလိုဖြစ်ရတာမှာ အရှင်ဘုရားရဲ့ အပြစ်မရှိပါ ဘုရား။ တပည့်တော်ရဲ့ အပြစ်လည်း မပါပါ ဘုရား။ သံသရာဝဋ်သာလျှင် အကြောင်းရင်းခံပါ ဘုရား"

အရှင်တိဿကား နောင်တကို ပွေ့ပိုက်ထားဆဲ ဖြစ်လေသည်။ ဖြစ်ခဲ့ရသည့် အကြောင်းခြင်းရာအတွက် စိတ်မအေးနိုင်။ ပူပန်လောင်ကျွမ်းဆဲပင် ဖြစ်သည်။ ထို့ကြောင့် မြတ်စွာဘုရား ထံတော်မှောက် ရောက်သောအခါ ဖြစ်ကြောင်းကုန်စင်ကို လျှောက်ထားလေသည်။

ဘုရားရှင် မိန့်တော်မူလေ၏။

"တရားကိုလည်းကောင်း သိ၍ ကိလေသာမှ လွတ်ပြီးသော၊ ငြိမ်သက်သော၊ တာဒိဂုဏ်နှင့် ပြည့်စုံသော ရဟန္တာ၏ စိတ်သည် ငြိမ်သက်၏။ နှုတ်အမူအရာသည် လည်းကောင်း၊ ကိုယ်အမူအရာသည် လည်းကောင်း ငြိမ်သက်၏"

ရဟန္တာပုဂ္ဂိုလ်တို့၏ ဂုဏ်ကျေးဇူးနှင့် ဆက်စပ်၍ တရားဒေသနာကို ဟောကြားတော်မူသည်၏ အဆုံး၌ အရှင်တိဿသည် ပဋိသမ္ဘိဒါလေးပါး ရရှိသော ရဟန္တာအဖြစ်သို့ ရောက်ခဲ့လေသည်။

တပည့်ကို အကြောင်းပြု၍ ရဟန္တာ ဖြစ်ခဲ့လေသော အရှင်တိဿ မထေရ်နှင့် တပည့် သာမဏေလေးအကြောင်းကို ကောသမ္ဗီပြည်သားတို့ တဿဿ ပြောမဆုံး၊ ကြည်ညိုမဆုံး ရှိကြလေတော့သည်။

## အရှင် ရေဝတ

ညီအစ်မ သုံးယောက်... စာလာ၊ သပစာလာ၊ သီသူပစာလာ။

ညီအစ်ကို နှစ်ယောက်... နန္ဒ၊ ဥပသေန။

ငါးယောက်သော ညီအစ်ကို မောင်နမတို့၏ အစ်ကို အကြီးဆုံးဖြစ်သော ဥပတိဿကား 'အရှင် သာရိပုတ္တရာ' ဘွဲ့မည်ဖြင့် ဘုရားရှင်၏ အရိပ်အာဝါသ၊ တရားတော်၏ အရိပ်အာဝါသ အောက်ဝယ် ငြိမ်းချမ်းစွာ တည်ရှိ လွတ်မြောက်ခဲ့ပြီ ဖြစ်၏။

ရှစ်ဆယ့်ခုနစ်ကုဋေသော စည်းစိမ်ဥစ္စာတို့ကို စွန့်လွှတ် ရဟန်းပြုခဲ့ပြီးသည့်နောက် နောင်တော် အရှင်မြတ်ကြီး၏ မြင့်မြတ်သော တည်ဆိုက်ခြင်းကို အားကျကြည်ညို နှစ်သက်ခဲ့ကြသော ညီအစ်မ သုံးယောက်နှင့် ညီ နှစ်ယောက်တို့သည်လည်း လူ့ဘောင်တွင် မနေကြတော့ဘဲ နောင်တော်ကြီးထံ ဝင်ရောက် ရဟန်းဘောင်သို့ ကူးပြောင်းသွားခဲ့ကြပြီ ဖြစ်၏။

သြော်- သူတို့ ရက်ရက်ရောရော စွန့်လွှတ်နိုင်ကြပါဘိခြင်း။

ဩော်- သူတို့ လွတ်မြောက် ငြိမ်းချမ်းကြပါဘိခြင်း။

ဩော်-သူတို့ မငဲ့မကွက် ရုန်းထွက်နိုင်ကြပါဘိခြင်း။

ဤသို့ တွေးတောဆင်ခြင်ရင်း မိမိကိုယ် မိမိ အားမလို အားမရ စိတ်၊ လက်ရှိဘဝတွင် မပျော်ပိုက်နိုင်တော့သော ခံစားမှုများဖြင့် စံအိမ်တွင် ကျန်ရစ်သူကား ခုနစ်နှစ်အရွယ် ညီအထွေးဆုံး ရေဝတပင် ဖြစ်လေသည်။

မိရိုးဖလာ အစဉ်အလာအရ မိသားစု ပိုင်ဆိုင်သမျှသော စည်းစိမ်ဥစ္စာ ခပ်သိမ်းသည် အထွေးဆုံး ရေဝတဆီသို့သာ စုပုံရောက်ရှိတော့မည် ဖြစ်သည်။ ဇမ္ဗူဒိပ်တွင် အချမ်းသာ အကြွယ်ဝဆုံး၊ အသက်အငယ်ဆုံး သူဌေးကလေး ဖြစ်ရတော့မည်။ သူဌေးကလေး ရေဝတ။

မယ်တော် သာရီ ပုဏ္ဏေးမကြီးကလည်း တစ်ဦးတည်းသော အမွေဆက်ခံမည့် သားထွေးလေး ရေဝတအား နေ့နေ့ညည့်ညည့် အရိပ်တကြည့်ကြည့် ရှိလေသည်။ သူ့ နောင်တော်ကြီးလို၊ ပြီးတော့ ထိုနောင်တော်ကြီးနောက် ကောက်ကောက်ပါအောင် လိုက်သွားသော အစ်မ သုံးယောက်၊ အစ်ကို နှစ်ယောက်တို့လို မဖြစ်စေရ။ မျိုးရိုးနှင့် အရပ်ရပ် စည်းစိမ်တို့ကို အမွေဆက်ခံမည့် ရေဝတအား အပြင်ထွက်မသွားစေရအောင် ဖြစ်နိုင်လျှင် သံကွန်ချာဖြင့် ထိန်းသိမ်းထားချင်လှသည်။ ထိုသံကွန်ချာကား...။

ရေဝတသည် မယ်တော်ကြီး၏ အစီအမံ ပြင်ဆင်မှုများကို ကြိုတင်သိနေ၏။ မိမိသည် မျိုးရိုးအမွေကို တစ်ဦးတည်း ဒိုင်ခံသိမ်းပိုက်ရတော့မည်ဟု နားလည်နေ၏။ ထိုအဖြစ်ကို အရောက်မခံနိုင်။ သို့သော် ဘယ်လိုနည်းနှင့် ရုန်းထွက်ရမည်နည်း။ လွတ်မြောက်ရာ နည်းကိုလည်း မသိ။ မတွေး မကြံတတ်။ မိမိကား ငယ်လွန်းလှသေးသည်။ မိမိကိုယ် မိမိ ပဲ့မကိုင်နိုင်သေး။ မိမိ၏ ရွေးချယ်မှုကို မိမိဘာသာ မပြုနိုင်သေး။

ထိုအချိန်တွင်ပင် သံကွန်ချာကြီး ကျရောက်လာလေသည်။

"လူကလေး ရေဝတကို သက်တူရွယ်တူ အမျိုးအနွယ်တူ မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်ပေးကြစို့"

မယ်တော် သာရီ ပုဏ္ဏေးမကြီးကား ဗုဒ္ဓဘာသာဝင် မဟုတ်။ ရိုးရာ အယူဝါဒကို အစွဲအလမ်းကြီးသူပီပီ ကျန်ရစ်ခဲ့သည့် သားအထွေးဆုံးလေးအား အိမ်ထောင်ရက်သား ချပေးရန် စီစဉ်လေသည်။

ထုံးတမ်းစဉ်လာ ရှိသည်နှင့်အညီ မယ်တော် သာရီပုဏ္ဏေးမကြီးသည် သား ရေဝတအား မိန်းကလေးအိမ်သို့ ဆောင်ယူ၍ မင်္ဂလာအခမ်းအနားများ ကြိုတင် စီမံပြင်ဆင်ခြင်း၊ မင်္ဂလာစကားများ ပြောကြားခြင်းများကို ပြုလုပ်လေသည်။ သတို့သား ရေဝတဘက်မှ မိခင်ကြီးနှင့်အတူ သက်ကြီးဝါကြီး ဆွေမျိုးများ၊ ဂုဏ်သရေရှိ လူကြီးလူကောင်းများကို ပင့်ဆောင်သွားကြသည်။ မိန်းကလေးဘက်မှလည်း အလားတူ ပြင်ဆင်ဧည့်ခံကြသည်။

ထုံးစံအတိုင်း ပြောကြားဆွေးနွေး တိုင်ပင်ကြပြီးနောက် လူကြီးများက ရေဝတနှင့် သတို့သမီးငယ်တို့အား ဆုံးမခြင်း၊ ဆုပေးခြင်း စသည်များ ပြုလုပ်ကြ၏။ သူငယ်သတို့သား ရေဝတကား မိမိသည် မမြင်လာသော အကျဉ်းအကျပ်ကြီးတစ်ခုထဲသို့ ရောက်ရှိနေရကာ ထိုအထဲမှ မည်သို့ လွတ်မြောက်အောင် ဖန်တီးရမှန်းလည်း မသိ ဖြစ်နေလေသည်။ သူတို့ နှစ်ဖက်လူကြီးများ၏ ရိုးရာအစဉ်အလာ အဲဒီ အခန်းများကလည်း များပြား ရှုပ်ထွေးလှဘိခြင်း။

ပန်းများ၊ အမွှေးနံ့သာခဲနဲ့ အမှုန့်များဆီမှ ချိုအီစူးရဲ ရနံ့များကို မသက်မသာ ရှူရှိုက်နေရသည်။ အဆိုင်းအဆိုင်း သွယ်ဝန်းခြယ်လှယ်ထားသော ရောင်စုံပိုးစများ၊ ကြိုးတန်းများ၊ ဖိမာန်မျက်နှာကြက် အလှဆင်ယင်မှုများကိုလည်း ပင့်ကူအိမ် ကွန်ရက်များဟု ရေဝတ ထင်မြင်နေသည်။ မင်္ဂလာပွဲ တက်ရောက်ကြသူများ၏ စကားပြောသံ၊ နှုတ်ဆက်သံ၊ဆုတောင်းသံ၊ ရယ်မောသံများကလည်း နားမခံသာအောင် ပွက်ညံနေကြသည်။ မချမ်းမမြေ့ ဖြစ်နေသော ရေဝတသည် အကြီးအကျယ် စိတ်နှလုံး ညှိုးချုံးနေလေသည်။ ထိုအရာတို့ကို မနှစ်မမြို့ ဖြစ်နေသော်လည်း မနှစ်မမြို့ဖြစ်စရာ အခြေခံကို ရှာမတွေ့၊ စဉ်းစားမရ၊ အရာအားလုံး ရှုပ်ထွေးနေခြင်းကိုသာ ခံစားနေရ၏။ ထိုအရှုပ်ထွေးမှုကြီးထဲမှ တစ်စုံတစ်ခုသော 'အစ' ကို ဆွဲထုတ်နိုင်မှသာ ပြေပျောက် ရှင်းလင်းသွားလိမ့်မည်။ ခက်တာက အစ ဘယ်သို့ရှာရမှန်း မသိ။

ထုံးတမ်းနှင့်အညီ သတို့သားကို သတို့သားဘက်မှ လူကြီးသူမများက ဆုပေးစကား ကောင်းချီးစကား ခြွေကြ၏။ ထိုစကားလုံးများမှာလည်း ထပ်ခါတလဲလဲ ဖြစ်နေကြပြန်သည်။ 'စီးပွားဥစ္စာ တိုးတက်ပါစေ'၊ 'အနာရောဂါ ကင်းရှင်းပါစေ'၊ 'မိဂုဏ်ဖဂုဏ် ဆွေမျိုးဂုဏ်ကို ဆောင်နိုင်ပါစေ'၊ 'ရွှေငွေ ရတနာတို့ အလျှံပယ် ကြွယ်ဝပါစေ'၊ 'အကောင်းဆုံး အစာ၊ အကောင်းဆုံး အဝတ်၊ အကောင်းဆုံး ယာဉ်ရထား၊ အကောင်းဆုံး အိမ်ဂေဟာတို့၌ စားနိုင်၊ ဝတ်နိုင်၊ စီးနိုင်၊ နေထိုင်နိုင်ပါစေ'။

သတို့သားအလှည့် ပြီးသောအခါ သတို့သမီးအလှည့် ရောက်ပြန်၏။ ပန်းများကြဲလျက်၊ အမွှေးနံ့သာများ ဆွတ်ဖျန်းလျက်၊ ခုနစ်နှစ်အရွယ် သတို့သမီးလေးကို ဝန်းရံ ပတ်လှည့်ကာ ဆုပေးစကားများ ရွတ်ဆိုကြသည်။ ထို ဆုပေးစကားများမှာလည်း ထပ်ပြန်တလဲလဲ ဖြစ်ကြလေသည်။ ထိုစဉ်...

သတို့သမီး၏ ဆွေမျိုးအကြီးအကဲ တစ်ဦးက...

"ကိုင်း... တို့များရဲ့ ဆုတောင်းစကားတွေ ဆုပေးစကားတွေထဲမှာ အရေးကြီးပြီး လက်တွေ့ကျတဲ့ စကားတစ်ခွန်း မပါသေးဘူး"

ဟု ဆိုလိုက်၏။

"ဘယ်လို အရေးကြီးပြီး ဘယ်လို လက်တွေ့ကျတာလဲ"

အားလုံးက ဝိုင်းမေးကြသည်။ လူကြီးက ပြုံး၍...

"အသက်ရှည်ခြင်းပေါ့။ ဒါ့ထက် အရေးကြီးတာ ဘာရှိမလဲ"

"မှန်တယ်၊ မှန်တယ်...။ ဒါပေမယ့် လက်တွေ့ကျပုံကတော့..."

လူကြီးက ထောင့်တစ်နေရာတွင် ထိုင်နေသူတစ်ဦးကို ညွှန်ပြလိုက်၏။ ထိုင်နေသူကား သတို့သမီးဘက်ရှိ ဆွေမျိုးစုတွင် အသက်အကြီးဆုံးဖြစ်သော အဘွားအိုကြီးတစ်ယောက် ဖြစ်၏။ အဘွားအိုမှာ အသက် တစ်ရာ့နှစ်ဆယ် ရှိပေပြီ။ ကောင်းစွာ မထိုင်နိုင်တော့သဖြင့် ဖုံများ အခင်းများကို သက်သောင့်သက်သာဖြစ်အောင် အခုအခံ ပြင်ဆင်ပေးထားရာ ထိုပစ္စည်းများ အကြားတွင် အဘွားအိုကြီးသည် သက်မဲ့အလား မလှုပ်မယှက် ရှိနေလေသည်။ အဘွားအိုသည် မင်္ဂလာအခမ်းအနားသို့ အသက်အကြီးဆုံး ပုဂ္ဂိုလ်အဖြစ် တက်ရောက်လာသော်လည်း ဘာကိုမှ မမြင် မကြားသကဲ့သို့ ဖြစ်နေ၏။



Typing by Lucky82 (mmcybermedia.com)

"ငါတို့ရဲ့ သတို့သမီးလေး အသက်ရှည်ပါစေ။ ဘယ်လောက်အထိ အသက်ရှည်ရမလဲဆိုတော့ ဟောဟိုမှာ ရှိနေတဲ့ ဘွားဘွားကြီးလိုပဲ အသက် တစ်ရာ့နှစ်ဆယ်အထိ အသက်ရှည်ပါစေ"

"ဟုတ်တယ်... ဟုတ်တယ်။ ဘွားဘွားကြီးလိုပဲ အသက် တစ်ရာ့နှစ်ဆယ်အထိ အသက်ရှည်ပါစေ"

အားလုံး ဝိုင်းရေရွတ် ဆုပေးစကားဆိုကြသည်။

ရေဝတသည် ထိုအခါမှပင် အားလုံးနှင့်အတူ အဘွားအိုကို ဂရုထားမိ၏။

အသက် တစ်ရာ့နှစ်ဆယ် ရှိပြီဖြစ်သော အဘွားအိုကို ခြေဆုံးခေါင်းဖျား ကြည့်လိုက်မိသည်။ ဆံပင်များက ကြိုးကျဲကျဲ၊ ဖွေးဖွေးဖြူဆွတ် ဖွာလန်ကြဲ၊ မျက်နှာမှာ အရေပြားအောက်တွင် အသားစိုင်ဟူ၍ ရှိသည် မတူတော့။ ချိုင့်ခွက်နစ်ဝင် အရိုးဂေါ်ဂင် ပေါ်နေသည်။ ထို အရေပြားတို့မှာလည်း ရေတွက်ခြင်းငှာ မစွမ်းနိုင်သော အရေးအကြောင်းများက အစင်းစင်း ရှုပ်ထွေးယှက်ဖြာ နေကြသည်။ တွန့်လိမ်လျော့ကျကာ ပြုတ်ကျလုမတတ် ပျော့ဖပ် ရှုံ့တွ ဖြစ်နေသည်။ မျက်စိများက ဘာအရောင်အဆင်းမှ မရှိတော့။ မျက်ဆံများမှာ အနက်မရှိတော့။ ကြည့်သော်လည်း မမြင်နိုင်တော့သည့် မျက်ဝန်းများ မှုန်ရီမှိုင်းပျ။

ရေဝတသည် မနီးမဝေးမှ လှမ်းကြည့်ရုံဖြင့် အားမရနိုင်တော့သလို ထိုင်ရာမှထကာ အဘွားအိုအနီးသို့ ကပ်ကြည့်သည်။ မင်္ဂလာပွဲတက်ရောက်လာသူများကတော့ သတို့သားလေးသည် သူ့သတို့သမီး၏ ဘွားအေကြီးကို သဘောကျနှစ်သက်ကာ စူးဝင် လေ့လာနေသည်ဟု ထင်မှတ်ကြ၏။

တစ်ချောင်းမှ မရှိတော့သော သွားများနေရာတွင် ပါးစောင်း နှုတ်ခမ်းအရေပြားများက တွင်းချိုင့်ဝှမ်းများပမာ ခွက်ဝင်နေကြ၏။ မတ်တတ် မဆန့်နိုင်သောကြောင့် ခါးသည် ကုန်းငိုက်နေလေရာ တွားသွားသတ္တဝါ တစ်ကောင်၏ ဝပ်စင်းနေပုံနှင့် တူနေ၏။ လည်ပင်းရိုးများကလည်း ဦးခေါင်း၏ အလေးချိန်ကို စွင့်စွင့်ပင့်ဆောင် သယ်မ မထားနိုင်သည် ဖြစ်လေရာ ဦးခေါင်းသည် ဟိုယိမ်း သည်ယိမ်း။ အထဲသို့ လိမ့်ဝင်နေသော နှုတ်ခမ်းပေါ်တွင် အစားအစာ အကြွင်းအစများက ပေကျံနေ၏။

အသက် တစ်ရာ့နှစ်ဆယ် အဘွားအို။

ရေဝတ စိတ်ထဲမှာ ကြိတ်၍ ရေရွတ်မိသည်။

စောစောက ဆုပေးစကားကို ပြန်ကြားသည်။ ငါတို့ရဲ့ သတို့သမီးလေး အသက်ရှည်ပါစေ။ ဘယ်လောက်အထိ အသက်ရှည်ရမလဲဆိုတော့ ဟောဟိုမှာ ရှိနေတဲ့ ဘွားဘွားကြီးလိုပဲ အသက် တစ်ရာ့နှစ်ဆယ်အထိ အသက်ရှည်ပါစေ။

ရေဝတ၏ ရင်နှလုံးအိမ်ထဲတွင် ဖျန်းခနဲ တစ်ချက် ဖြစ်ထွန်းသွား၏။

ဒီအဘွားကြီးလိုတဲ့လား။ ငါလက်ထပ်မယ့် သတို့သမီး ခုနစ်နှစ်အရွယ် မိန်းကလေးဟာ အချိန်တန်ရင် ဒီအဘွားကြီး အရွယ်ရောက်၊ ဒီအဘွားကြီးလိုဖြစ်၊ အသက် တစ်ရာ့နှစ်ဆယ်၊ ဆံပင်တွေ ဖွေးဖွေးဖြူ ကျိုးကျိုးကျဲကျဲ၊ အသားမရှိတဲ့ အရိုးပေါ်မှာ အရေပြားတွေက ရှုံ့တွချိုင့်ခွက်၊ မျက်စိတွေ မှုန်သီရီဝေ၊ သွားတွေမရှိ၊ ဦးခေါင်း တယမ်းယမ်း၊ ခါးက ကုန်းငိုက်။



Typing by Lucky82 (mmcybermedia.com)

တစ်ချိန်လုံးလုံး အရှုပ်ထွေး ချည်ခင်လုံးကြီးထဲမှာ 'အစ' ကို ရှာမရဖြစ်နေသော ရေဝတ၏ အသိတွင် အလင်းတစ်ခု ပြက်သွားကာ 'အစ' ကို တွေ့ရှိသွား၏။

"ဒီနေ့ပဲ ငါ့ရဲ့နောင်တော်ကြီး ဉပတိဿထံ သွားမယ်။ သာသနာ့ဘောင်ထဲ ဝင်တော့မယ်"

*      *      *      *

လှည်းတန်းကြီးသည် သတို့သမီးအိမ်မှ ထွက်ခွာ၍ သတို့သား ရေဝတအိမ်ဆီသို့ တရွေ့ရွေ့ မောင်းနှင် ရွေ့လျားနေသည်။ ခရီးက မဝေးသော်လည်း အတန်ငယ် လှမ်း၏။ ထို့အပြင် လမ်းခရီးအကြားတွင် တောအုပ်ငယ် ခင်တန်းစပ်များကိုလည်း ဖြတ်သန်းရဦးမည် ဖြစ်၏။

ရေဝတသည် လှည်းပေါ်မှာ ဘယ်သူ့ကိုမှ စကားမပြောဘဲ တိတ်ဆိတ်စွာ လိုက်ပါလာသည်။ လှည်းပေါ်တွင် အတူပါလာသော သတို့သမီးငယ်ကိုလည်း စောင်း၍မျှပင် လှည့်မကြည့်။ ရယ်မောပျော်ရွှင် ဆူညံနေသော လှည်းတန်းကြီးတွင် ရေဝတ တစ်ဦးတည်းသာ တိတ်ဆိတ် ငြိမ်သက်နေလေသည်။

ခင်တန်းတောစပ် တစ်နေရာသို့ ဖြတ်ကြသည်။ ထိုနေရာတွင် ချုံပုတ်များ အတော်အတန် ထူထပ်သည်။ ရေဝတက လှည်းသမားကို လှည်းခဏရပ်ပေးရန် ပြောလိုက်၏။

"ဘာဖြစ်လို့လဲ ရေဝတ၊ အိမ်အမြန်ရောက်ဖို့ အရေးကြီးတယ်လေ... ဟဲဟဲ"

ရေဝတက ဘာမှမပြောဘဲ မျက်နှာကို ရှုံ့မဲ့ကာ ဝမ်းဗိုက်ကို နှိပ်နယ်ပြလိုက်သည်။ လှည်းသမားက ခေါင်းညိတ်၏။

"သြော်... မင်္ဂလာဆောင်မှာ အစားမျိုးစုံစားပြီး ဝမ်းယစ်နေပြီပေါ့... ဟုတ်လား။ ကဲ... ကဲ ဆင်း... ဆင်း။ ချုံပုတ်တွေ နောက်ကိုသွား၊ ကိစ္စ မြန်မြန်ပြီးအောင် လုပ်ခဲ့"

ရေဝတ လှည်းပေါ်မှဆင်း၍ ချုံပုတ်နောက် ဝင်သွား၏။ ခဏနေပြီးမှ ပြန်ထွက်ကာ လှည်းပေါ်တက်သည်။ နောက်တစ်နေရာ၊ နှစ်နေရာများတွင်လည်း ထိုသို့ပင် လှည်းကို ရပ်ခိုင်း၊ ဆင်း၊ ချုံပုတ်များနောက်သို့ဝင်၊ ခေတ္တနေပြီးမှ ပြန်တက်။

နှစ်ကြိမ် သုံးကြိမ် ဖြစ်လာသောအခါ အစောင့်အရှောက် လိုက်ပါလာသော သူများက...

"ရေဝတတော့ ဝမ်းဖောက်ပြန်နေပြီ။ သူ့ကိစ္စပြီးရင် လိုက်လာလိမ့်မယ်။ မီရာလှည်း တက်လိမ့်မယ်။ ဒီအတိုင်းချည်းပဲ သူ့ကို စောင့်စောင့်ခေါ်နေရရင် ခရီးဖင့်လိမ့်မယ်။ လှည်းက တစ်စီးရပ်ရင် အားလုံးကို ရပ်တာ။ ဒီတော့ တအိအိနဲ့ပဲ မောင်းသွားတာပေါ့" ဟု ဆိုကာ ရေဝတကို ရပ်မစောင့်တော့ဘဲ မောင်းသွားကြသည်။

ဤအခွင့်ကောင်းကို စောင့်နေသော ရေဝတလည်း နောက်ဆုံးအကြိမ် လှည်းပေါ်မှ သူဆင်းပြီး ချုံပုတ်နောက်သို့ ဝင်ကာ နောက်ဆုံးလှည်း လွန်သွားသည်အထိ ပုန်းအောင်းနေလိုက်၏။ လှည်းတန်းကြီး၏ နောက်ဆုံးလှည်း၊ တောစပ် ခင်တန်းရိုး အကွေ့တွင် ချိုးကွေ့ ပျောက်ကွယ်သွားသည်။ ရေဝတ ချုံပုတ်နောက်မှ ထွက်လိုက်၏။ သူ့ကို ဘယ်သူမှ မမြင်နိုင်တော့။ ရေဝတ လှည်းတစ်စီးစီးမှာ ပါလာလိမ့်မည်ဟု တွက်ပြီး အားလုံး စိတ်ချလက်ချ မောင်းနှင် သွားကြပေပြီ။



Typing by Lucky82 (mmcybermedia.com)

"လွတ်ပြီ... ကျွတ်ပြီ" ဟု စိတ်ထဲမှာ ကြုံးဝါးကာ ရေဝတသည် ချုံပုတ်များနှင့် ဆက်စပ်နေသော တောအုပ်ဘက်သို့ အားကုန်သွန်စိုက် ပြေးခဲ့တော့သည်။

*　　*　　*　　*

တောအုပ်တစ်ခု၊ နောက်တစ်ခု။ ထို့နောက် လူသူ အလျဉ်းကင်းဝေးသော လွင်ပြင်ပြန့်။ ထို့နောက် တောင်ငူအငယ် တစ်လုံး၊ ဆက်ပြေးလိုက်သောအခါ ရေဝတသည် ရဟန်းများ သီတင်းသုံးနေရာ တောကျောင်းအစုကို တွေ့လိုက်ရလေသည်။

"အရှင်ဘုရားတို့... တပည့်တော် ရေဝတပါ။ ယခုအခါ မြတ်စွာဘုရားထံမှ အရှင်သာရိပုတ္တရာ အဖြစ် ရောက်ရှိနေတဲ့၊ နောက်ပြီး ဥပတိဿရဲ့ ညီအထွေးဆုံး ဖြစ်ပါတယ်။ သနားငဲ့ညှာသောအားဖြင့် တပည့်တော်ကို ရှင်ပြုပေးပါဘုရား"

အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက တောကျောင်းနေ ရဟန်းသုံးကျိပ်တို့အား...

"တပည့်တော်ရဲ့ ညီအထွေးဆုံး ရေဝတ ဆိုသူ ခုနစ်နှစ်အရွယ် သူငယ်တစ်ဦး ရောက်လာပါလိမ့်မယ်။ သူရောက်လာရင် ရှင်ပြုပေးလိုက်ကြပါ"

ဟု ကြိုတင် မှာကြားထားပြီး ဖြစ်ပေသည်။ ထို့ကြောင့် ရဟန်းများကလည်း ရေဝတကို ရှင်ပြုပေးလိုက်ကြ၏။

သာမဏေ အရှင်ရေဝတအဖြစ်သို့ ရောက်ခဲ့ပြီး အဆွေအမျိုးတို့နှင့်တကွ ငြိကပ်စေချင်သော အတွယ်အတာ အနှောင်အဖွဲ့ ဟူသမျှကို စွန့်ခွာခဲ့ပြီ။ သို့သော် ထိုအရာများနှင့် ဝေးနိုင်သမျှ အဝေးဆုံးသို့ ရောက်ရှိရန် လိုအပ်ပေသည်။ မည်သို့ မည်မျှ ဝေးကွာရမည်နည်း။ နေရာဒေသ အားဖြင့်လည်း ဝေးကွာရမည်။ 'လောက' အားဖြင့်လည်း ဝေးကွာရချိမ့်မည်။

တောနေ ရဟန်းများထံမှပင် ရှင်ရေဝတ ကမ္မဋ္ဌာန်းတောင်းသည်။

ထို့နောက် နောက်ထပ် ယူဇနာသုံးဆယ် ကွာဝေးသော အရပ်သို့ တစ်ပါးတည်း ထွက်ခဲ့၏။ ထိုအရပ်ကား တောအတိ တောင်အတိ ဖြစ်သည့်အပြင် အခြားသော သစ်ပင်ချုံနွယ်များ မပေါက်ရောက်၊ ရှားပင်များသာ အတိ ပေါက်ရောက်သည့် ရှားတော ဖြစ်၏။ ရှင်ရေဝတသည် ရှားတောတွင်နေကာ ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်လေသည်။ မကြာမီမှာပင် ပဋိသမ္ဘိဒါလေးပါး ရရှိလျက် ရဟန္တာဖြစ်လေသည်။

ခြောက်သွေ့သော၊ ကြမ်းတမ်းသော ဆူးခက် ဆူးချွန်တို့သာ အတိပြီးသော ဖုန်းဆိုးမြေ ရှားတောဒေသတွင် ဓမ္မပန်းမာလာသည် ငွားငွားစွင့်စွင့် ပွင့်ခဲ့လေပြီ။

ရှင်ရေဝတသည် ကမ္မဋ္ဌာန်းအာရုံ၌ အထူးရှုကြည့် သိမြင်ခြင်း တည်းဟူသော ဘာဝနာဖြင့် တရားအားထုတ်လေရာ မကြာမီမှာပင် ပဋိသမ္ဘိဒါလေးပါး ရရှိလျက် ရဟန္တာဖြစ်ခဲ့လေသည်။

နောင်တော်ကြီး အရှင်သာရိပုတ္တရာသည် ညီတော် အထွေးဆုံး၏ မဂ်ဆိုက် ဖိုလ်ဆိုက် အဖြစ်ကို သိမြင်လိုက်၏။ ထို့ကြောင့် ဝါကျွတ်၍ ပဝါရဏာပြုပြီးသောအခါ ရေဝတ သာမဏေထံသို့ သွားလိုပါကြောင်း ဘုရားရှင်ထံ ခွင့်ပန်၏။ ဘုရားရှင်က အခွင့်ပေးတော်မူရုံမက ကိုယ်တော်မြတ်

ကိုယ်တိုင် ချီးမြှောက်သောအားဖြင့် နောက်ပါ ရဟန်းငါးရာနှင့်တကွ သာမဂေါထံ ကြွချီတော်မူလေသည်။

*　　*　　*　　*

အရှင်သာရိပုတ္တရာ အပါအဝင် ဘုရားရှင် ဦးဆောင်လျက် ရဟန်းတော် ငါးရာတို့သည် ရေဝတ သာမဂေါ ရှိရာအရပ်သို့ ကြွချီခဲ့ကြရာ၌ အတန်ငယ် ခရီးရောက်လျှင်ပင် လမ်းနှစ်သွယ် ခွဆုံသို့ ရောက်တော်မူကြ၏။ ဘုရားရှင်၏ အမှုကိစ္စ အဝဝကို အစစခပ်သိမ်း တာဝန်ယူထားသော အရှင်အာနန္ဒာသည် ခရီးလမ်းအခြေအနေကို စူးစမ်း၍ ဘုရားရှင်ထံ တင်ပြလျှောက်ထားလိုက်သည်။

"အရှင်ဘုရား... ယခုအခါ သွားလိုရာ ခရီးအတွက် လမ်းနှစ်သွယ်အဆုံးသို့ ရောက်ရှိပါပြီ။ နှစ်သွယ်ရှိရာမှာ လမ်းတစ်သွယ်က လမ်းကွေ့ဖြစ်ပြီး ယူဇနာအားဖြင့် ခြောက်ဆယ် ကွာဝေးပါတယ် ဘုရား။ ဒုတိယ လမ်းတစ်သွယ်က အဖြောင့်လမ်း ဖြစ်တဲ့အတွက် ထက်ဝက်အထိ ခရီးကျုံ့ပြီး ယူဇနာ သုံးဆယ်သာ ရှိပါတယ် ဘုရား"

ရဟန်းအပေါင်းတို့က အရှင်အာနန္ဒာ၏ လျှောက်ထားချက်ကို ဆိတ်ဆိတ်နေ၍ နားစွင့်ကြ၏။

"ယူဇနာ ခြောက်ဆယ်ရှိတဲ့ လမ်းကွေ့တစ်လျှောက်မှာ မြို့ရွာများစွာ လူနေအိမ်ခြေများ ရှိပါတယ် ဘုရား။ ယူဇနာ သုံးဆယ်သာရှိတဲ့ လမ်းဖြောင့်ကတော့ ခရီးအကွာအားဖြင့် ထက်ဝက်အထိ တိုတောင်းပေမယ့် လူနေအိမ်ခြေ လုံးဝမရှိပါ၊ နတ်ဘီလူးတို့ ကြီးစိုးတဲ့ တောလမ်းခရီးကြမ်း ဖြစ်ပါတယ် ဘုရား။ နှစ်သွယ်သော လမ်းအနက် ဘယ်စခန်း ဘယ်လမ်းကို ရွေးချယ်ကြရပါမည်လဲ ဘုရား"

ဘုရားရှင် မိန့်တော်မူ၏။

"အာနန္ဒာ... ယခုလိုက်ပါလာတဲ့ ရဟန်းများထဲမှာ သီဝလိ ပါလာရင် လမ်းဖြောင့်မှ သွားကြမယ်"

လူနေအိမ်ခြေ အလျဉ်းမရှိ၊ တောလမ်းခရီးကြမ်း ဖြစ်ရုံမက နတ်ဘီလူးတို့ ကြီးစိုးမင်းမူသော လမ်းကို ဘုရားရှင်သည် ရှင်သီဝလိအား အကြောင်းပြုလျက် ရွေးချယ်ဆုံးဖြတ်တော်မူလေသည်။ နောက်ပါ ရဟန်းငါးရာထဲတွင် လာဘ်လာဘ အရာ၌ ဧတဒဂ်ရသော ရှင်သီဝလိလည်း ပါလာခဲ့လေသည်။

ယူဇနာသုံးဆယ် ခရီးကို ဘုရားရှင်နှင့် ရဟန်းများ ကြွချီခဲ့ကြ၏။ နတ်ဘီလူးတို့နှင့် တွေ့ဆုံ ရင်ဆိုင်ရသည်လည်း မှန်၏။ သို့သော် နတ်ဘီလူးတို့သည် ရန်ပြုဖို့ ဝေးစွ၊ တစ်ယူဇနာ တစ်ယူဇနာတိုင်း၌ ကျောင်းများ ဖန်ဆင်းထားကြလေသည်။ ထို့အပြင် နတ်တို့၌သာ ဖြစ်သော ခဲဖွယ် အာဟာရ ဘောဇဉ်များဖြင့် ရှင်သီဝလိအား ကပ်လှူပူဇော်ကြသည်။ ရှင်သီဝလိကလည်း မိမိအား ကပ်လှူသမျှသော ခဲဖွယ်၊ ဘောဇဉ် တို့ကို ဘုရားရှင် အမှူးရှိသော ရဟန်းတို့အား လှူဒါန်း၏။ ရှင်သီဝလိ၏ ဘုန်းကံကို အမှီသဟဲပြုလျက် ဘုရားရှင်နှင့်တကွသော ရဟန်းသံဃာတော်တို့ ချမ်းမြေ့စွာ အာဟာရ မှီဝဲဘုဉ်းပေးတော် မူကြလေသည်။

ဤအရပ် ဤဒေသသည် ရှင်သီဝလိ ပြုခဲ့ဖူးသော ကုသိုလ်ကောင်းမှုတို့၏ အကျိုးပေးရာ အရပ်ဒေသ ဖြစ်နေသည်ကို ဘုရားရှင် သိတော်မူလျက် ဤသို့ ဆုံးဖြတ် ရွေးချယ်တော်မူခဲ့ခြင်း ဖြစ်ပေသည်။

အရှင်သီဝလိ၏ ကုသိုလ်အမှု မည်သို့ အကျိုးပေးရာအရပ် ဖြစ်ခဲ့ပါသနည်း။ လွန်ခဲ့သော ကိုးဆယ့်တစ်ကမ္ဘာ ဝိပဿီ မြတ်စွာဘုရား လက်ထက်တော်အခါက ရှင်သီဝလိသည် အညတြ ဇနပုဒ်သားတစ်ဦး ဖြစ်ခဲ့ဖူး၏။ ဇနပုဒ်သားသည် ဇနပုဒ်စိုး ရွာစားမင်းထံ အကြောင်းကိစ္စတစ်ရပ်ဖြင့် လာရောက်ခဲ့ရာ၌ လမ်းတွင် ပျားအုံတစ်အုံကို တွေ့ခဲ့လေသည်။ ဇနပုဒ်သားသည် ပျားကောင်များကို ခြောက်လှန့်မောင်းထုတ်၍ ပျားရည်တို့ ပြည့်ဖြိုးသော ပျားအုံကို ယူလာခဲ့၏။

ထိုအချိန်ကား ဗန္ဓုမတီ မြို့တော်ဒေသ၌ အပြိုင်အဆိုင် အလှူပွဲကြီး တစ်ပွဲကို အကြိတ်အနယ် ယှဉ်ပြိုင်ကျင်းပနေချိန် ဖြစ်လေသည်။ အလှူပွဲကား ဝိပဿီ မြတ်စွာဘုရားအား ဘုရားရှင်၏ ခမည်းတော် ဗန္ဓုမတီမင်းကြီးက လှူဒါန်းပူဇော်သော အလှူပွဲက တစ်ဖက်၊ မြို့သူမြို့သားများ စုပေါင်း၍ လှူဒါန်းပူဇော်သော အလှူပွဲက တစ်ဖက်၊ ဘုရင့်အလှူနှင့် မြို့အလှူ သူ့ထက်ငါ ပြိုင်ဆိုင်ပူဇော်နေကြသော အချိန်ဖြစ်၏။ ထိုသို့ အပြိုင်အဆိုင် ဆွမ်းကပ်နေကြရာတွင် မည်သည့်ဘက်ကမျှ အနိုင်မရနိုင်သေးဘဲ ဖြစ်နေလေသည်။သို့သော် တစ်ခု ဆိုစရာရှိသည်မှာ မြို့သူမြို့သားတို့၏ ဆွမ်းပွဲကြီး၌ အမယ်တစ်ခု လိုအပ်နေလေရာ ထိုအမယ်အား ပါလိုက်လျှင် မြို့ဆွမ်းအလှူသည် လုံးဝဥဿုံ ပြည့်စုံသွားနိုင်မည် ဖြစ်၏။ ယင်းကား မချက်ရသေးသော ပျားရည်အစိမ်းပင် ဖြစ်လေသည်။ ပျားရည်အစိမ်းကလည်း ထိုသို့သော အကြိတ်အနယ် အချိန်မျိုးတွင် မြို့တော်၌ ရရန်ခက်ခဲလေသော အရာဖြစ်သည်။ ထို့ကြောင့် မြို့စိုးအကြီးအကဲတို့က မြို့တံခါးလေးရပ် အပြင်၌ လူတစ်ယောက်စီ တစ်ယောက်စီကို ငွေတစ်ထောင်စီပေး၍ လွှတ်ထားကြသည်။ ပျားရည်စိမ်း ဆိုသည်မှာ ဇနပုဒ်မှ တက်လာသော တောသား တစ်ယောက်ယောက် ထံမှသာ ရနိုင်သော ရှားပါး ခဲယဉ်းပစ္စည်း ဖြစ်နေလေသည်။

ထိုအချိန်မှာပင် နောင် ကိုးဆယ့်တစ်ကမ္ဘာ ဂေါတမဘုရားရှင် လက်ထက်တော်၌ ရှင်သီဝလိ ဖြစ်လာမည့် အညတြ ဇနပုဒ်သားသည် ပျားအုံနှင့်တကွ မြို့တံခါးသို့ ရောက်လာလေသည်။ တံခါးဝ၌ တာဝန်ကျသူက ထိုပျားအုံကို အသပြာတစ်ထောင်ဖြင့် ရောင်းပါရန် အရေးဆို ဝယ်ယူတော့သည်။

"တစ်မတ်တောင် မတန်တဲ့ ပျားအုံကို ဘာကြောင့်များ ငွေတစ်ထောင်ပေးပြီး ဖွတ်အတင်း မရမက ဝယ်နေရတာလဲ နောင်ကြီး"

ဇနပုဒ်သားက မေးလိုက်၏။

"ဖွတ်အတင်း မရမက ဝယ်ရပါသကော။ ဒီပျားအုံနဲ့ ဒီပျားရည်စိမ်းဟာ ကျုပ်တို့ရဲ့ ဆွမ်းပွဲမှာ တစ်ခုတည်းသော လိုအပ်နေသော လှူဖွယ်အာဟာရ ဖြစ်နေတယ်လေ"

ဟု အစချီကာ ဘုရင့်အလှူနှင့် မြို့အလှူ ပြိုင်ပွဲကြီးအကြောင်း၊ မြို့အလှူတွင် ပျားရည်အစိမ်းနှင့် နွားနို့ခဲ တစ်မျိုးသာ လိုအပ်နေသဖြင့် ထိုအရာ မရှိပါလျှင် မြို့အလှူ ရှုံးနိမ့်တော့မည် ဖြစ်ကြောင်း ပြောပြလိုက်၏။

အသပြာတစ်ထောင်ဖြင့် တန်ဖိုးဖြတ်ပြီးဖြစ်သော ပျားရည်ကို လက်မလွှတ်သေးဘဲ ဇနပုဒ်သားက -

"ဒီအလှူမှာ မြို့သားများသာ လှူကောင်းသလား။ ဇနပုဒ်သား တောသားကော လှူခွင့်မရှိဘူးလား"

ဟု မေးသည်။ မည်သူမဆို ပါဝင်လှူဒါန်းခွင့်ရှိကြောင်း တားမြစ်ကန့်သတ်ချက် မရှိကြောင်း ပြောပြသောအခါ ဇနပုဒ်သားက ချက်ချင်း ဆုံးဖြတ်လိုက်ပြီးနောက်...

"ဗန္ဓုမတီ မြို့တော်ကြီးမှာ တစ်နေ့တည်း တစ်ချိန်တည်းနဲ့ အသပြာတစ်ထောင် လှူသူရှိပါသလား"

"အဲဒီလိုတော့ မရှိဘူး"

"ဒါဖြင့် ကျွန်ုပ်လက်ထဲက ပျားရည်နှင့် နွားနို့ခဲဟာ အသပြာတစ်ထောင် ထိုက်တန်ပြီဆိုတာ မိတ်ဆွေ သိပါတယ်နော်"

"သိပါတယ်"

"ဒါဆိုရင် အသပြာတစ်ထောင်ကို ပြန်ယူသွားပြီး မိတ်ဆွေရဲ့ လူများကို ပြောပြပါ။ ဇနပုဒ်သားတစ်ယောက်က ဒီပျားရည်ကို တစ်ထောင်နဲ့ မပေးပါ။ မရောင်းပါ။ သူကိုယ်တိုင် သူ့လက်နဲ့ ပေးလှူလိုက်ပါတယ်။ ပျားရည်နဲ့ နို့ခဲပျားလဘို့ကိုတော့ လုံးဝ ကြောင့်ကြမနေပါနဲ့တော့ လို့...."

ဇနပုဒ်သားသည် ရိက္ခာအတွက် ကိုယ်တိုင်ယူလာခဲ့သော တစ်ပဲအသပြာဖြင့် အမွှေးအကြိုင် အစပ်အချို့တို့ကို ဝယ်လိုက်၏။ ယင်းတို့ကို အမှုန့်ပြုပြီး နို့ခဲမှ ဒိန်ရည်ကို ညှစ်၊ ထိုဒိန်ရည်ကို ပျားလဘို့ကို ညှစ်ဆမ်းရောစပ်၍ ပဒုမ္မာကြာရွက်တွင် ထည့်ကာ ဝိပဿီ ဘုရားရှင်အား လှူဒါန်းလေသည်။ ဘုရားရှင်က ထိုအလှူကို ခံယူကာ ထိုခဲဖွယ်ဝတ္တုကိုပင် ရဟန်းအပေါင်း ခြောက်သန်းရှစ်သိန်းအား ဆင့်ပွားလှူဒါန်း မကုန်နိုင်အောင် အဓိဋ္ဌာန်ပြုတော်မူ၏။ ထို့နောက် ဇနပုဒ်သား၏ ဆုတောင်း ပန်ထွာချက်အရ မြတ်စွာဘုရားသည် သင်ဆုတောင်းသည့်အတိုင်း ဖြစ်စေဟု ဇေံဟောတု ကုလပုတ္တ မြွက်ကြားတော်မူလေသည်။

* * * *

ထိုပျားရည်အလှူ၏ အကျိုးပေးမှု ကာလဒေသ ဆိုက်ခဲ့ပြီ ဖြစ်လေရာ နတ်ဘီလူးတို့၏ ကပ်လှူပူဇော်သော အာဟာရ ဘောဇဉ်တို့ဖြင့် ဂေါတမ ဘုရားရှင်နှင့် ရဟန်းအပေါင်းတို့သည် ဆွမ်းအမှု ပြည့်စုံတော်မူကြလေသည်။

ဤသို့ဖြင့်ပင် ရေဝတ သာမဏေ သီတင်းသုံးရာ ရှားတောသို့ ရောက်ကြ၏။ ဆူးခက်၊ ဆူးချွန်၊ ဆူးငုတ်၊ ဆူးချုံတို့ဖြင့်သာ အတိပြီးသော ဖုန်းဆိုးမြေကြမ်း ရှားတော အရပ်ကား ဘုရားရှင်နှင့် ရဟန်းတော်တို့ ရောက်သည့်အချိန်တွင် ဆန့်ကျင်ဘက်ဒေသ ဖြစ်နေ၏။

ကျောင်းအရာမ်၊ ပရဝုဏ်၊ ရေတွင်း၊ ရေကန်၊ ဥယျာဉ်ပန်းမာန်၊ ကုဋီမှအစ မကြွင်းမကျန် ရအောင် ပြည့်စုံကုံလုံနေသည်။ ရှားတောအရပ် ဖုန်းဆိုး၊ မြေဆိုး၊ ဆူးဒေသတစ်ခုနှင့် လားလားမှ မဆိုင်၊ မြို့တော်ကြီးအနီးမှ ဝိဟာရ ဗိမာန်ကြီးသဖွယ် ဖြစ်နေသည်။ ထိုသို့သော ထူးခြားချက်နှင့် ပတ်သက်၍ ပြစ်တင်ဝေဖန်သော အသံနှစ်သံ ထွက်လာ၏။ ရဟန်းအိုကြီး နှစ်ပါးတို့၏ အသံပင် ဖြစ်လေသည်။

"ရေဝတဆိုတဲ့ သာမဏေလေးတစ်ပါး လူသူမနီး ရှားတောအရပ်မှာ တရားကျင့်ကြံ အားထုတ်နေထိုင်တယ် ဆိုပြီး လာခဲ့ကြတာ၊ အခုတော့ ဘယ်မှာ ဟုတ်လို့လဲ"

"ဟုတ်ပါရဲ့... ငါ့ရှင်ဆိုတာ ဟုတ်ပါရဲ့။ သာမဏေဟာ ဒီလောက်ခမ်းနားတဲ့ ကျောင်းအဆောက်အအုံတွေကို ပြုလုပ်နေမှတော့ ဘယ်အချိန်မှာ ကမ္မဋ္ဌာန်းတရား အားထုတ်နိုင်တော့မှာတုန်း"

"တရားအားမထုတ်ဘဲ ကျောင်းကိုသာ ခမ်းနားအောင် ဆောက်နေတဲ့ သာမဏေငယ်လေး တစ်ပါးထံ ကျွန်ုပ်တို့ ဘာကြောင့်များ လာခဲ့ရပါလိမ့်"

"ဒါကတော့ အရှင်သာရိပုတ္တရာရဲ့ ညီအထွေး ဖြစ်နေလို့၊ အင်း... မျက်နှာလိုက်ပြီး ကြွတော်မူတာနဲ့ တူပါရဲ့"

"ဒါပဲ ဖြစ်ရမယ်။ ဟုတ်တယ်... ဟုတ်တယ်"

ဘုရားရှင်နှင့် ရဟန်းတော်များ တစ်လကြာ သီတင်းသုံးတော်မူခဲ့ကြ၏။ ရဟန်းအိုကြီး နှစ်ပါးကား ကျောင်းကို လှည့်လည်ကြည့်ရှုကြရင်း တစ်လလုံးလုံးပင် ထိုသို့ မုတ်ချက်ချ နေခဲ့ကြသည်။ တစ်လ လွန်မြောက်သောအခါ ဘုရားရှင်နှင့် ရဟန်းများ ပြန်ကြွခဲ့ကြ၏။

သို့သော် ပြန်အကြွတွင် ရဟန်းအိုကြီး နှစ်ပါးသည် ဆီကျည်တောက်၊ ရေဘူးများ မေ့ကျန်ခဲ့ကြသဖြင့် လမ်းရောက်မှ သတိရပြီး ရှားတောသို့ ပြန်ခဲ့ကြသည်။ ထိုအချိန်တွင် ခမ်းနားပြည့်စုံသော ကျောင်းတိုက်၊ ဥယျာဉ်၊ ရေတွင်းရေကန်တို့ အလျဉ်းမရှိကြတော့ဘဲ ခြောက်သွေ့ ကြမ်းတမ်း ပူပြင်းလောင်မြိုက်သော ဆူးတို့ အတိပြီးသော ဆူးတောဒေသကြီး အဖြစ်ကိုသာ တွေ့ကြရလေသည်။

ရဟန်းအိုကြီး နှစ်ပါးမှာ ခြေဖဝါး၊ ခြေဖမိုး၊ ခြေကျင်းဝတ်၊ ခြေသလုံးတို့၌ ဆူးစူး၊ ဆူးရှ ဒဏ်ရာတို့ဖြင့် လှည့်လည်ရှာဖွေရင်း နောက်ဆုံး၌ ရှားပင်တစ်ပင်၌ ချိတ်ဆွဲလျက်သား မိမိတို့ ပစ္စည်းများကို ပြန်တွေ့ကြ၏။

ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာ ဖြစ်ခဲ့လေပြီးသော ရေဝတ သာမဏေက ဘုရားရှင်နှင့် ရဟန်းတော်များ မျှတချမ်းသာစွာ သီတင်းသုံးနိုင်ကြစေရန် မိမိ၏ ဈာန်အဘိညာဉ် တန်ခိုးများဖြင့် ဖန်ဆင်းခဲ့ကာ ဘုရားရှင် ပြန်ကြွတော်မူပြီးနောက် ထို ဈာန်အဘိညာဉ် တန်ခိုးများကို ပြန်ရုပ်သိမ်းလိုက်ခြင်း ဖြစ်ကြောင်း ရဟန်းအိုကြီးများ မသုံးသပ်မဆင်ခြင်မိကြချေ။

*      *      *      *

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ပြန်လည်ရောက်ရှိတော်မူကြ၏။ ကျောင်းအစ်မကြီး ဝိသာခါက ရဟန်းများကို မေးလျှောက်လေသည်။

"အရှင်ဘုရားတို့... ရေဝတ သာမဏေလေးရဲ့ နေရာဟာ မွေ့လျော်ဖွယ် ဖြစ်ပါရဲ့လား"

ရဟန်းတော်အများကပင် ရေဝတ သာမဏေ၏ ရှားတောဒေသသည် သုဓမ္မာ နတ်သဘင်နှယ် ဖြစ်ကြောင်း၊ မွေ့လျော်ဖွယ်ဖြစ်ကြောင်း မိန့်ဆိုကြ၏။ ဆူး အစူးခံရသော ရဟန်းအိုကြီး နှစ်ပါးကမူ -

"ဒါယိကာမကြီး မပြောပါနဲ့တော့... ရေဝတရဲ့ ရှားတောဟာ ဆူးလောက၊ ဆူးကမ္ဘာ၊ ဆူးသာအတိ... မွေ့လျော်ဖွယ် တစ်စက်မှ မရှိဘူး"

ဟု ဆိုကြသည်။

အမြေနစ်ခုသည် ပိဘီ ဆန့်ကျင်ဘက် ဖြစ်နေသဖြင့် ဝိသာခါက ဘုရားရှင်အား မိမိအိမ်သို့ ကြွရောက်တော်မူသော တစ်ချိန်၌ ဤအကြောင်းကို မေးလျှောက်လေသည်။

"ရဟန်းများရဲ့ အမြေစကား ဆန့်ကျင်ဘက်နှစ်ခု ဖြစ်နေပါတယ် အရှင်ဘုရား။ အဘယ်သို့သော အကြောင်းပါလဲ ဘုရား"

ဘုရားရှင်က အလုံးစုံသော အကြောင်းအရာကို ဖြေကြားတော်မူပြီးနောက် ရေဝတ သာမဏေကို အကြောင်းပြုလျက် ဒေသနာကို ဟောကြားတော်မူလေသည်။

"ရွာ၌ဖြစ်စေ၊ မြို့၌ဖြစ်စေ၊ ချိုင့်ဝှမ်း၌ဖြစ်စေ၊ ကုန်းမြင့်၌ဖြစ်စေ၊ ရဟန္တာ ပုဂ္ဂိုလ်တို့သည် နေထိုင်ကြကုန်သည်။ ရဟန္တာ ပုဂ္ဂိုလ်တို့ နေထိုင်ရာ အရပ်ဟူသမျှတို့သည် မွေ့လျော်ဖွယ် ဖြစ်၏"





## သံကိစ္စ သာမဏေ

ဤတောအုပ်သည် အနီးဆုံး ရွာကြီးနှင့်ပင် ယူဇနာ တစ်ရာ့နှစ်ဆယ် ကွာဝေး၏။ ထို့ကြောင့် အလွန်ပင် လူသူမနီး တောကြီးမြိုင်အရပ်ဟု ဆိုရမည် ဖြစ်လေသည်။ လူသံ၊ လှည်းသံ၊ ရပ်သံ၊ ရွာသံ အစရှိသော အသံဗလံတို့၏ နှောင့်ယှက်မှုကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ကြသော ရဟန်းသံဃာတို့ အတွက် ဤဒေသသည် ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်ရန် အကောင်းဆုံးဌာန ဖြစ်နေတော့သည်။ ငြိမ်ဆိတ်ခြင်းသည် သမာဓိနှင့် ဘာဝနာတို့ကို ကောင်းစွာ ထောက်ပံ့သည် ဖြစ်သောကြောင့် အရညဝါသီ၊ ဝနဝါသီ တောရပ်မှီသော သူမြတ်တို့သည် ဤနယ်သော အရပ်ဒေသကိုသာ ရွေးချယ်ကြလေသည်။

ဤတောအုပ်တွင် သီတင်းသုံးရန် ကမ္မဋ္ဌာန်းတရား အားထုတ်နေကြသော သာဝတ္ထိပြည်သား ရဟန်း သုံးဆယ်တို့သည်လည်း တောရဆောက်တည်၍ တရားအဆင့် မြင့်တက်ရေးအတွက် ကြိုးပမ်းနေကြ၏။ ရဟန်းတို့သည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းတော်ခံ၍ ဘုရားရှင်၏ ခွင့်ပြုချက်ဖြင့် ဤဒေသသို့ လာရောက်ခဲ့ကြခြင်းလည်း ဖြစ်၏။ ဘုရားရှင်က ခွင့်ပြုတော်မူခြင်းနှင့်အတူ -

"ချစ်သားတို့... အရှင်သာရိပုတ္တရာထံ ဝင်ရောက်ဖူးမြော်ပြီးမှ သွားကြကုန်"

ဟု မိန့်ကြားတော်မူခဲ့သည်။ အရှင်သာရိပုတ္တရာကလည်း တောအရပ်တွင် ကမ္မဋ္ဌာန်းအားထုတ်ဖို့ သွားကြသည့် ရဟန်းများ မိမိထံ အဖူးအမြော်ဝင်လာကြပြီး ထိုသို့ အဖူးအမြော်ဝင်လာခြင်းမှာလည်း ဘုရားရှင်၏ မိန့်ကြားမှာတော်မူချက်ကြောင့် ဖြစ်သည်ကို သိရသောအခါ ဘုရားရှင်၏ ရည်ရွယ်ရင်းကို သိရှိလိုက်၏။

ထို့ကြောင့်…

"ငါ့ရှင်တို့… တရားအမှု ပြုဖွယ်အတွက် တောအရပ်သို့ ချဉ်းကပ်ကြကုန်။ သင်တို့နဲ့အတူ လိုက်ပါဖို့ ငါ့တပည့် သံကိစ္စ သာမဏေကို ထည့်ပေးလိုက်မယ်"

ဟု မိန့်ခဲ့၏။ ရဟန်းများက မိမိတို့ တရားနှင့် မွေ့လျော်ကြချိန်တွင် မိမိတို့အား ဝတ်ကြီးဝတ်ငယ် ပြုစုပေးရန် သာမဏေလေးတစ်ပါးကို ထည့်ပေးလိုက်ခြင်း ဖြစ်သည်ဟုပင် သာမန်မျှပင် နားလည် ယူဆခဲ့ကြလေသည်။

ရဟန်းတို့ နားလည်ယူဆခဲ့ကြသည့်အတိုင်း ခုနစ်နှစ်အရွယ်သာ ရှိသေးသော သံကိစ္စ သာမဏေသည် ဝတ်ကြီးဝတ်ငယ်တို့ကို ကျေပွန်စွာ ပြုစုပေးခဲ့လေသည်။ ထို့ကြောင့် ဤ လူသူမနီး တောကြီးမြိုင်လယ်တွင် ရဟန်းသုံးကျိပ်နှင့် သာမဏေလေးတစ်ပါးတို့ ရှိနေကြလေသည်။

များမကြာမီမှာပင် သာမဏေလေးအတွက် ကူဖော်လောင်ဖက်ဟု ဆိုရမည့် လူတစ်ယောက်တိုးလာ၏။ ထိုသူမှာ သူ့ရွာ သူ့အိမ်၌ အလုပ်အကိုင် မယ်မယ်ရရ မရှိသည့် စားရမဲ့ သောက်ရမဲ့ လူဆင်းရဲတစ်ဦး ဖြစ်သည်။ သူဆင်းရဲယောက်ျားသည် ရဟန်းများ၏ စားကြွင်းစားကျန်များကို စားသောက်ရင်းဖြင့် တစ်ဝမ်းတစ်ခါး ပူစရာမလိုဟု ဆုံးဖြတ်ကာ လာရောက်ခဲ့ခြင်း ဖြစ်သည်။ သို့သော် မရိုင်းလှသော သူဆင်းရဲသည် စားကြွင်းစားကျန်ကို မှီခိုကပ်ရပ် စားသောက်နေခြင်း သက်သက်မဟုတ်။

ထိုကျေးဇူးအတွက် မိမိ တတ်နိုင်သမျှ တုံ့ဆပ်ပေးရမည်ဟု ခံယူထားကာ ရဟန်းတို့၏ ဝေယျာဝစ္စ ဝတ်ကြီးဝတ်ငယ်များကို တတ်နိုင်သလောက် လုပ်ကိုင်ပေး၏။ ဤသို့ဖြင့် သံကိစ္စ သာမဏေမှာ ကူဖော်လောင်ဖက်တစ်ယောက် ရလာခဲ့လေသည်။ သူဆင်းရဲက သာမဏေကို မေးတတ်၏။

"ကိုရင်လေး… ဒီလူသူမနီး တောကြီးထဲက ကျောင်းသင်္ခမ်းမှာ ရဟန်းများရဲ့ ဝတ်ကြီးဝတ်ငယ်ကို ပြုစုပေးနေရတာ မပင်ပန်းဘူးလား။ မကြောက်ဘူးလား"

သာမဏေလေးက အရွယ်နှင့် မလိုက်သော တည်ငြိမ်ရင့်ကျက်ခြင်းဖြင့် ဖြေ၏။

"ကျွန်ုပ်ရဲ့ ဆရာက တာဝန်ပေးလိုက်တာ ဖြစ်ပါတယ်"

ပင်ပန်းပါသည်ဟုလည်း မပြော၊ မပင်ပန်းပါဟုလည်း မဆို၊ ကြောက်သည်ဟုလည်း မပြော၊ မကြောက်ပါဟုလည်း မဆို၊ သာမဏေ၏ အဖြေကို သူဆင်းရဲယောက်ျား နားမလည်နိုင်ချေ။

နောက်တစ်ခါမေးမြန်းပြန်၏။

"ကိုရင်လေး… ရဟန်းများကတော့ ကမ္မဋ္ဌာန်းတရား အားထုတ်နေကြတယ်။ ကိုရင်လေးကတော့ ဒီ ဝတ်ကြီးဝတ်ငယ်တွေနဲ့ လုံးပမ်းနေတော့ ဘယ်လိုလုပ် တရားအားထုတ်ချိန် ရှိတော့မှာလဲ"



Typing by Lucky82 (mmcybermedia.com)

"ကျွန်ုပ်ရဲ့ ဆရာက တာဝန်ပေးလိုက်တာ ဖြစ်ပါတယ်"

တစ်ခုတည်းသော အဖြေကိုပင် ရပြန်သည်။ သူဆင်းရဲ နားမလည်နိုင်ပြန်၊ နှစ်လမျှ ကြာသောအခါ သူဆင်းရဲက ပြောပြန်၏။

"ကိုရင်လေး... ဇာတိရပ်ရွာ၊ မိဘဆွေမျိုးများကို မလွမ်းဘူးလား။ မပြန်ချင်ဘူးလား"

"ကျွန်ုပ်ရဲ့ ဆရာက တာဝန်ပေးလိုက်တာ ဖြစ်ပါတယ်"

သူဆင်းရဲသည် ခေါင်းယမ်းလိုက်ပြီးနောက်...

"ကိုရင်လေး... မေးမလို့ မေးမလို့နဲ့... အားနာလို့ တပည့်တော် မမေးဘဲနေတာ... အခုတော့ မနေနိုင်တော့ဘူး။ မေးပါရစေတော့"

သူဆင်းရဲသည် သာမဏေ၏ မျက်စိမှ တစ်ဖက်သော မျက်စိကို ကြည့်လိုက်၏။

"အဲ... ကိုရင်လေး မျက်စိတစ်ဖက်က ဘာကြောင့် ပျက်နေရတာလဲ ဆိုတာ"

သာမဏေလေးက တည်ငြိမ်စွာဖြင့်...

"ကျွန်ုပ်ရဲ့ အမည်ကပင် သံကိစ္စလို့ တွင်ပါတယ်"

သူဆင်းရဲသည် သူမေးလိုက်တိုင်းပင် အမေးတခြား၊ အဖြေတခြား ထွက်နေသော အဖြစ်ကို စိတ်ပျက်လက်ပျက်ဖြစ်ကာ ခေါင်းယမ်းပြီး ထွက်လာခဲ့လေသည်။

နှစ်လကျော် ကြာမြင့်ခဲ့၏။ သူဆင်းရဲသည် နေမထိထိုင်မသာ ဖြစ်လာသည်က ကမ္မဋ္ဌာန်းတရား အားထုတ်နေကြသော ရဟန်းများထံသို့ ချဉ်းကပ်၍ စကားပြောခွင့် မသာ။ သံကိစ္စဟု အမည်ရသော သာမဏေငယ်လေးကလည်း မိမိမေးလိုက်တိုင်း မိမိသိချင်သော အဖြေကို မပြော။ စကားပြောစရာ လူမရှိ ဖြစ်လာသည်ကို ငြီးငွေ့လာ၏။

စားကြွင်းစားကျန်များဖြင့် တစ်ဝမ်းတစ်ခါး မပူရသော်လည်း အထီးကျန် ခံစားလာရရင်းမှ ရွာမှာ ကျန်ရစ်ခဲ့သော သမီးကို လွမ်းဆွတ်လာသည်။ ထို့ကြောင့် ရဟန်းများထံလည်း မပန်ကြား၊ သာမဏေကိုလည်း ခွင့်မပန်၊ အသိမပေးတော့ဘဲ တောအုပ် ကျောင်းသင်္ခမ်းမှ တိတ်တဆိတ် ထွက်ခွာလာခဲ့လေသည်။

နောက်ထပ် တောအုပ်နှစ်ခုကို ဖြတ်၊ မြက်ရိုင်းပင်ရှည်ကြီးများ ထူထပ်သော လျှိုကို ကျော်ပြီး ညောင်မုတ်ဆိတ်ပင်ကြီးများ အပြိုင်းအရိုင်း ပေါက်နေသည့် တောသို့ သူဆင်းရဲ ရောက်လာသည်။ တစ်ခုသော ညောင်ပင်အောက် အရောက်မှာပင် ဝုန်းခနဲ အသံကြီးနှင့်အတူ အပေါ်မှ ကျလာသည့် တစ်စုံတစ်ခုက သူ့ရှေ့မှောက်မှာ ရောက်လာ၏။ တစ္ဆေ၊ သရဲ၊ ဘီလူးဟု သူ ကြီးစွာတုန်လှုပ်ကာ ငယ်သံပါအောင် အော်လိုက်သည်။

"တိတ်... မအော်နဲ့။ အသံမထွက်အောင် လည်ပင်းဖြတ်လိုက်ရမလား"

သရဲ၊ တစ္ဆေ၊ ဘီလူးထက်ပင် ပို၍ ကြောက်စရာကောင်းသော လူများနှင့် ရင်ဆိုင် တွေ့နေရပြီဟု သူ နားလည်လိုက်၏။ နောက်ထပ် အပေါ်မှ ခုန်ဆင်းလာသူများ တစ်ယောက်ပြီး တစ်ယောက်၊ တဝုန်းဝုန်း တဖြောင်းဖြောင်း သူ့ကို ဝန်းရံ ဝိုင်းအုံလိုက်သူများ ဘယ်နှစ်ယောက် ရှိမည်မှန်းပင် သူ မသိနိုင်တော့...

"အသက် ချမ်းသာပေးကြပါ ခင်ဗျာ"

ဟု အသံသဲ့သဲ့ဖြင့် တောင်းပန်၏။ ဝါးခနဲ ရယ်သံကြီးများ ထွက်ပေါ်လာသည်။

"ဘယ့်နယ့်... လူသတ်မယ့်ဟာ အသက်ချမ်းသာပေးရမှာလဲ"

သူဆင်းရဲသည် တောပုန်းဓားပြများ အလယ်တွင် ကြောက်အားကြီးခြင်းဖြင့် မေ့မြော သွားလေသည်။

သူ သတိရလာသောအခါ သူ့တစ်ကိုယ်လုံးကို နွယ်ကြိုးဖြင့် တုပ်နှောင်ကာ ညောင်ပင်ရင်းတွင် ပစ်ချထားကြောင်း သိရသည်။ မလှမ်းမကမ်းတွင် မီးပုံကြီးတစ်ခု တဟဲဟဲ တောက်လောင်နေသည်။ ဓားပြတချို့က တံစို့များကို ချွန်နေကြသည်။

"ဘာလုပ်ကြမလို့လဲ ခင်ဗျာ"

"မင်းကို သတ်မလို့ပေါ့... သတ်မလို့။ ဟား... ဟား... ဟား"

မီးပုံကြီး၊ တံစို့ချွန်များ၊ ကြောက်စရာရယ်သံများ.... သူဆင်းရဲသည် ကြောက်လန့်ခြင်းကို ဆက်လက် ခံစားရမည်ထက် သတ်၍ အမြန်သေလိုက်ရခြင်းက ကိစ္စပြီးမည်ဟု တွေးမိပြီး သွေးရူးသွေးတန်း အော်ပြန်၏။

"သတ်မှာဆိုလည်း မြန်မြန်သတ်လိုက်ကြပါတော့ ဗျာတို့"

မကောင်းဆိုးဝါး အသံကြီးများဖြင့် တဟီးဟီး တဟားဟား ရယ်ကြပြန်သည်။ အားပါးတရ ရယ်ကြပြီးမှ ခေါင်းဆောင်ဖြစ်ဟန် တူသူက ပြော၏။

"ဒီအတိုင်းသတ်လို့ မဖြစ်သေးဘူးဟဲ့... ယဇ်ကောင်ရဲ့။ ဟိုက မီးပုံကြီး အသင့်ဖြစ်မှ ဟောဒီက တံစို့ချွန်တွေ အသင့်ဖြစ်မှ နင့်ကို တံစို့ထိုးသတ်၊ အသွေးအသားတွေ၊ အူတွေ၊ ကလီစာတွေ ထုတ်ပြီးမှ ငါတို့ ဓားပြတွေရဲ့ ရှေ့ခရီးအောင်ပွဲအတွက် ဗလိနတ်စာ တင်၊ ဆိုင်ရာ ပိုင်ရာတို့ကို ဆက်သရမှာဟဲ့.... ယဇ်ကောင်ရဲ့"

ကြောက်စိတ်သည် ငယ်ထိပ်ကိုဖောက်၍ ထွက်သွားပြီဟု သူဆင်းရဲ ထင်လိုက်မိသည်။ ရဟန်းတို့၏ ကျောင်းသင်္ခမ်းမှ ထွက်ခွာလာခဲ့သည်ကိုလည်း နောင်တကြီးစွာ ရလိုက်၏။သို့သော် အဆုံးစွန်သော ကြောက်စိတ်မှ ရုန်းကန်ထွက်ကြွလာတတ်သော သဘာဝအရ ရဟန်းတို့၏ ကျောင်းသင်္ခမ်း ဟူသော အမှတ်ရစိတ်ကလေးထဲမှပင် လွတ်မြောက်ရေး ရောင်ခြည်မျှင်လေးတစ်ခု ပွင့်လာလေသည်။

"ဆရာကြီးတို့... ဆရာကြီးတို့... ခဏလေး ဆိုင်းကြပါဦး။ ကျွန်တော်က အလုပ်မရှိ အကိုင်မရှိနဲ့ သူတစ်ပါး စားကြွင်းစားကျန်ကို ရှာဖွေစားသောက်ရတဲ့ ယုတ်ညံ့လှသူ ဖြစ်ပါတယ်။ သခင်တို့ရဲ့ ဆိုင်ရာပိုင်ရာ အရှင်သခင်တွေကို ဗလိနတ်စာ ဆက်သရမှာ ကျွန်တော့်လို အယုတ်အညံ့ သတ္တဝါမျိုးနဲ့ဆိုရင် မသင့်တော်ပါဘူး ခင်ဗျာ"

သူ့စကား ထိရောက်သွားပုံရ၏။ တံစို့ချွန်နေသော ဓားပြများ တန့်သွားကြသည်။

"မသင့်တော်လို့ ဘယ်မှာ အခြားယဇ်ကောင် ရှိလို့လဲ"

သူ အားတက်သွားသည်။

"အောင်မယ်လေး... ရှိပါသော်ကော သခင်တို့ရယ်။ ဒီနေရာနဲ့ မဝေးပါဘူး။ တောကျောင်းမှာ ရဟန်း သုံးကျိပ်တောင် ရှိသပ။ သာဝတ္ထိသား အမျိုးကောင်းတွေပါ။ ကျုပ်လို လူအောက်တန်းစား ဘာလုပ်မှာလဲ။ အဲဒီ အမျိုးကောင်းသားတွေထဲက တစ်ယောက်ယောက်ကိုသာ သတ်ပြီး ဗလိနတ်စာ ကျွေးလိုက်လို့ကတော့..."

"ဟေ့ လူယုတ်။ တကယ်လား"

"တကယ်ပါ ခင်ဗျာ။ ကျုပ်ကိုယ်တိုင် အဲဒီမှာ စားကြွင်းစားကျန် စားရင်းကနေ ထွက်လာတာပါ။ ကျုပ် လိုက်ပြပါ့မယ်"

တောရကျောင်းကို အဝေးမှ မြင်လောက်သည့် ခရီးအရောက်တွင် သူဆင်းရဲက...

"အဲဒီမှာ ရဟန်းသုံးကျိပ်နဲ့ ကိုရင်လေးတစ်ပါး ရှိပါတယ်။ ကျုပ်တော့ ဆက်မလိုက်ပါရစေနဲ့တော့။ သူတို့ဆီက စားကြွင်းစားကျန်တွေ စားခဲ့ဖူးလို့ မျက်နှာချင်း မဆိုင်ရဲပါဘူး။ ကျုပ် လိုက်ပြတယ်လို့လည်း မပြောကြပါနဲ့။ ဒီကနေပဲ လှည့်ပြန်ပါရစေတော့"

ဟု ဆိုကာ ထွက်ပြေးသွား၏။

ဓားပြများကလည်း သူဆင်းရဲကို စိတ်မဝင်စားတော့။

ထို့နောက် တောရကျောင်းဆီသို့ ချဉ်းကပ်လာကြပြီး ကျောက်စည်ကို တီးခတ်လိုက်ကြ၏။ ကျောက်စည်သံကြောင့် ရဟန်းများ စုဝေးလာကြသည်။

ဓားပြခေါင်းဆောင်က ဆိုလိုက်၏။

"ကိုင်း... ရှည်ရှည်ဝေးဝေး ပြောမနေဘူး။ ကျုပ်တို့ ဗလိနတ်စာကျွေးဖို့ တစ်ပါး အလိုရှိတယ်။ ကိုယ့်ဟာကိုယ် စာရင်းပေးမလား။ ကျုပ်တို့က ရွေးရမလား... ပြော"

ရဟန်းတို့ကား အခြားသူများအတွက် မိမိ၏ အသက်ကို ပေးလိုသူချည်း ဖြစ်၏။ ထို့ကြောင့် မိမိကိုသာ ရွေးချယ်၍ ခေါ်ဆောင်သွားရန် အသင့်ပြင်လိုက်ကြသည်။ ရဟန်းများ ထိုသို့ အသီးသီး အသင့်ပြင်နေကြဆဲမှာပင် သံကိစ္စသာမဏေသည် လျှင်မြန်စွာ ရှေ့သို့ တိုးထွက်လိုက်၏။

"အရှင်ဘုရားတို့ ကိုယ်စား တပည့်တော်ကို လိုက်ပါသွားခွင့်ပြုပါ ဘုရား"

ရဟန်းများက ခွင့်မပြုကြချေ။

"ခွင့်မပြုဘူး သာမဏေ" ဟု တပြိုင်တည်းပင် ဆိုကြသည်။ သို့သော် သံကိစ္စသာမဏေက တည်ငြိမ်စွာလျှောက်၏။

"အရှင်ဘုရားတို့... ဤသို့သော အရေးကိစ္စ ပေါ်ပေါက်လာမယ် ဆိုတာကို ကြိုတင်သိမြင်ထားခဲ့တဲ့အတွက် တပည့်တော်ရဲ့ ဆရာအရှင်မြတ် အရှင်သာရိပုတ္တရာက တပည့်တော်ကို ထည့်လိုက်ခြင်း ဖြစ်ပါတယ် ဘုရား။ တပည့်တော် လိုက်သွားပါရစေ ဘုရား"

အခိုင်အမာ ယုံကြည်စွာ လျှောက်ထားခွင့်ပန်စကား ဖြစ်သည်။ သာမဏေငယ်၏ အသွင်မှာလည်း လုံ့ဝ ဆုံးဖြတ်ထားပြီး ဖြစ်ဟန်ဖြင့် တည်ကြည်လေးနက်လျက် ရှိလေသည်။

"ကောင်းပါပြီ သာမဏေ။ ခွင့်ပြုကြပါပြီ"


Typing by Lucky82 (mmcybermedia.com)

ဓားပြတို့ကား ဝမ်းသာအားရ ဖြစ်နေကြလေသည်။

"ပိုကောင်းသပ... ငယ်ငယ်ရွယ်ရွယ် လတ်လတ်ဆတ်ဆတ် ဆိုတော့ ဗလိနတ်စာ ကျွေးရတာ ပိုထိရောက်သပ။ လာ... ကိုရင်လေး"

တောပုန်းဓားပြတို့ ဗလိနတ်စာကျွေးမည့် ညောင်ပင်စခန်းသို့ ရောက်ခဲ့ကြ၏။ စကားလည်း မဆို၊ တုန်လှုပ်ဟန်လည်း မပြ၊ ရုန်းဖယ်ခြင်းလည်း မပြုဘဲ ခေါင်းဆောင်ရာကို ငြိမ်သက်စွာ လိုက်ပါလာသော သာမဏေလေးကို ကြည့်၍ ဓားပြများ နားမလည်နိုင်အောင် ဖြစ်နေကြသည်။ ညောင်ပင်ရင်းတွင် နေရာချထားလိုက်သော အခါမှာလည်း အလိုက်သင့်ပင် တင်ပျဉ်ခွေ၍ ထိုင်ကာ မလှုပ်မရှား ရှိနေသည်။

"ဟုတ်ပြီ... ငါသိပြီ" ဟု ဓားပြခေါင်းဆောင်က ပြော၏။

"ဘာသိတာလဲ... ခေါင်းဆောင်ကြီး"

"သာမဏေလေး အကြောက်လွန်ပြီး ဆွံ့အသွားတာ ဖြစ်မယ်"

"ဟာ... ဟုတ်တယ်... ဟုတ်တယ်...၊ စကားလည်း မပြောနိုင်တော့ဘူး။ လှုပ်ရှားရုန်းကန်ဖို့လည်း သတိမရတော့ဘူး။ ဒါလည်းကောင်းတာပဲ ယဇ်ကောင်ကို ချုပ်နေစရာ မလိုတော့ဘူးပေါ့"

"ငါတို့ရဲ့ ယဇ်ကောင်ကတော့ ငယ်ငယ်ရွယ်ရွယ်နဲ့ လတ်လတ်ဆတ်ဆတ်တော့ ရှိပါရဲ့။ ဒါပေမယ့် တစ်ခုတော့ ဆိုးသဗျား"

"ဘာပါလိမ့်"

"သူ့ မျက်စိတစ်ဖက် ကြည့်ပါလား။ ပျက်နေတယ်လေ။ အင်္ဂါမစုံဘူး"

"ဒါ ပြဿနာမရှိပါဘူး"

"ဘာဖြစ်လို့လဲ"

"အို... မကြာခင် ဟို ကျန်တဲ့ အကောင်းတစ်ဖက်လည်း ဒီအတိုင်းဖြစ်တော့မယ့် ဥစ္စာကိုး"

"ဟား... ဟား... ဟား... ဟူးဟူးဟူး..."

ဓားပြများ ဟစ်လျက် အော်လျက် အသံကုန် ရယ်ကြသည်။

"ကိုင်း... မီးပြန်မွှေးဟေ့။ တံစို့ ထပ်ချွန်ဟေ့"

စင်စစ် ပထမ အဖမ်းခံရသော သူဆင်းရဲလည်း မသိ၊ ဓားပြများလည်း မသိ၊ တောရ ဆောက်တည်နေကြသော ရဟန်း သုံးကျိပ်တို့လည်း မသိသော ဖြစ်ရပ် ကေန်ရှိခဲ့လေသည်။

အမိဝမ်းတွင်း၌ သန္ဓေသားအဖြစ် ရှိခဲ့စဉ်ကပင် မိခင်မှာ ကွယ်လွန်ခဲ့သည်။ သားချင်းများက မိခင်၏ အလောင်းကို သုသာန်သို့ သယ်ယူခဲ့ပြီး မီးသဂြိုဟ်ခဲ့သည်။ မီးတောက်ကြီးများ အကြားတွင် အလောင်းသည် အလုံးစုံ မီးလောင်ပြာကျ သွားခဲ့သည်။ သို့သော် သူငယ်ရှိနေသော ဝမ်းကြာတိုက် သားအိမ်ကား မီးမလောင်ဘဲ ပကတိအတိုင်း ကျန်ရစ်ခဲ့လေသည်။ နေဝင်ဖျိုးဖျ အချိန်၌ မီးသဂြိုဟ်သော သူတို့သည် မီးမဟပ် မီးမလောင်ဘဲ ရှိနေသော သားအိမ်ကို တွေ့ပြီး

အံ့အားအသင့်ကြီး သင့်သွားကြသည်။ သို့သော် သူတို့တာဝန်မှာ အားလုံး မီးလောင်ကျွမ်းသွားအောင် ပြုလုပ်ဖို့ ဖြစ်သဖြင့် သားအိမ်ကို တံစူးဝါးချွန်တို့ဖြင့် ထိုးဆွကာ ရဲရဲနီနေသော မီးကျီးခဲပုံပေါ် တင်ထားလိုက်ကြသည်။ ထို့နောက် သူတို့သည် ပြီးပြီဖြစ်သဖြင့် အိမ်ပြန်သွားခဲ့ကြသည်။

နောက်တစ်နေ့ နံနက် မီးငြိမ်း၍ ပြန်လာကြသည်။

အလောင်းကောင်များကို ထင်းပုံပေါ်တင်၊ လောင်အားကောင်းစေသည့် ဆီများ ဆွတ်ဖြန်းကာ မီးရှို့သည့်အလုပ်ဖြင့် နေသားကျနေပြီဖြစ်သော ထိုယောက်ျားတို့သည် ယမန်နေ့က သူတို့ရှို့ခဲ့သည့် မီးကျီးခဲပုံကို တွေ့လိုက်ရသောအခါအကြီးအကျယ် တုန်လှုပ်ကာ သရဲသဘက် ထင်မှတ်၍ ထွက်ပြေးကြမည် ပြု၏။

သို့သော် သူတို့ တွေ့လိုက်ရသည်မှာ ကြောက်မက်ဖွယ် မကောင်းဆိုးဝါး၊ ဖုတ်၊ တစ္ဆေ မဟုတ်။ အလောင်းကောင်ကြီး မီးကျွမ်းနေသည်လည်း မဟုတ်။

မီးကျီးခဲ ငွေ့ငွေ့ပေါ်တွင် ကောင်းစွာ နှစ်ခြိုက်အိပ်စက်နေသော ချစ်စဖွယ် မွေးကင်းစ ကလေးငယ်လေး တစ်ယောက်သာ ဖြစ်လေသည်။ သေဆုံးပြီးသော မိခင်၏ ရုပ်အလောင်း အပြီးတိုင် ပြာကျသွားသော်လည်း သားအိမ်သည် မီးမလောင်ဘဲ ပကတိ ကျန်ရစ်သည့် အဖြစ်၊ ထိုသားအိမ်ကို တံစူးဝါးဖြင့် ထိုးဆွကာ မီးကျီးခဲပေါ် တင်ထားခဲ့သည့်တိုင်အောင် တစ်ညဥ့်တာ လွန်ပြီးနောက် အထဲမှ သန္ဓေသားသည် မွေးကင်းစ ကလေးငယ်အဖြစ် အသက်မသေ ရှိနေသည့် အဖြစ်။

ဆွေမျိုးများကို အကြောင်းကြားလိုက်ကြ၏။ သုသာန်မြေ၌ မကြုံဖူးအောင် ထူးခြားလှသော ဖြစ်ရပ် ပေါ်ပေါက်လာသဖြင့် ကြိတ်ကြိတ်တိုး စည်ကားခဲ့လေသည်။ ကလေးငယ်ကို ပွေ့ချီ၍ ခေါ်ဆောင်သွားကြရာ ပရိသတ် လူအုပ်လည်း နောက်မှ အစဉ်အတိုင်း လိုက်ကြည့်လေသည်။

သို့သော် သားအိမ်ကို တံစူးဝါးဖြင့် ထိုးဆွခဲ့ကြစဉ်က တံစူးဝါး ထိုးမိသဖြင့် မျက်စိတစ်ဖက် ပျက်သွားခဲ့လေရကား ယင်းကိုပင် အစွဲပြုကာ သူငယ်ကို 'သံကိစ္စ' ဟု အမည် မှည့်လိုက်ကြလေသည်။ ဤဘဝမှာပင် ကေန်စင်စစ် ရဟန္တာဖြစ်မည့် ပစ္ဆိမဘဝိက ပုဂ္ဂိုလ်ဖြစ်သဖြင့် မီးပုံမီးတောက်ကြီးများ အလယ်မှာပင် ဘေးမသီရန်မခ မွေးဖွားလျက် မီးကျီးခဲအပြင်၌ တစ်စုံတစ်ရာ ဘေးအန္တရာယ် မဖြစ်ဘဲ အိပ်စက်နေနိုင်ခြင်း ဖြစ်ကြောင်းကိုကား လူအများ မသိကြချေ။

သံကိစ္စကလေးကား ခုနစ်နှစ်အရွယ် ရောက်လာခဲ့၏။ မိမိ ဖွားမြင်ခဲ့ပုံကို ပြန်လည်တင်ပြကာ ကြီးစွာသော သံဝေဂနှင့်အတူ သတိကို စွဲကပ်ပြီးနောက် အရှင်သာရိပုတ္တရာ ထံတွင် ရှင်ပြုခဲ့လေသည်။ အရှင်သာရိပုတ္တရာ၏ သင်ကြားမှုဖြင့် တစပဉ္စက ကမ္မဋ္ဌာန်းတရား ပွားများလျက်ပင် ခေါင်းရိတ်ခံပြီး၊ ခေါင်းရိတ်ခံ ပြီးဆုံးချိန်မှာပင် ရဟန္တာပုဂ္ဂိုလ် ဖြစ်သွားခဲ့လေသည်။

သံကိစ္စ သာမဏေ ရဟန္တာ။

ဓားပြခေါင်းဆောင်သည် စိတ်ကြိုက် သွေးထားသော ဓားကောက်ကြီးကို အားကုန်လွှဲ၍ ပိုင်းချလိုက်၏။ တပည့်များက ငေါက်ခနဲ ပန်းထွက်လာမည့် သွေးများကိုခံရန် ယဇ်ခွက်များ အသင့်ပြင်လိုက်ကြသည်။ သို့သော် 'အား' ဟူသော အသံနက်ကြီးသာ ခေါင်းဆောင်ကြီးထံမှ ထွက်ပေါ်လာ၏။ သာမဏေလေး၏ လည်ကုပ်ဆီတွင်ကား ဆူးခြစ်ရာလောက်မျှပင် အရာထင်ခြင်း မရှိ။

"ငါ့ လက်ချောင်းတွေ... လက်ချောင်းတွေ ပြုတ်ထွက်တော့မယ် ထင်တယ်။ လုပ်ကြပါဦး"

ဓားပြမှူးက ဓားရိုးဆုပ်ကိုင်လက်ကို အခြားလက်ဖြင့် ဖျစ်ညှစ်ရင်း အော်နေ၏။ တကယ်တော့ သူ့လက်ချောင်းများ မည်သို့မျှ မဖြစ်။ သံမဏိတုံးကြီးကို ခုတ်လိုက်ရသလို တွန်းကန်ပြန်ထွက်သဖြင့် အဆမတန် ကျဉ်သွားခြင်း ဖြစ်သည်။

"ဟယ်..."

ဓားပြများ၏ အာမေဋိတ်သံကြီး ထွက်ကျသွားသည်။

"ခေါင်းဆောင်ကြီး... ခေါင်းဆောင်ကြီးရဲ့ ဓားကောက်... ဓားကောက်..."

ဓားကောက်ကြီးမှာ အသွားခွေလိပ် နေချေသည်။ ဓားပြခေါင်းဆောင်သည် သူ့ဓားကောက်ကြီး ရုပ်ပျက်ဆင်းပျက် ဖြစ်နေပုံကို ငုံ့ကြည့်ရင်း အံ့ဩခြင်းနှင့် ထိတ်လန့်ခြင်းတို့၏ အဆက်မပြတ်သော လှုံ့ဆော်မှုတို့ကြောင့် မျက်လုံးကြီးများ ပြူးကျယ်လာ၏။ ဤဓားကောက်ကြီးနှင့် သူ၏ ကြီးမားလှသော ခွန်အားဗလတို့ကို ပေါင်းစပ်လိုက်ခြင်းဖြင့် ကျောက်တိုင်များလည်း ပြုတ်ကျခဲ့ဖူးပြီး မာကျောပေ့ဆိုသော ရှားငုတ်ကြီးများလည်း မွမွကျေခဲ့ကြဖူးပြီ။ ယခုကား...

ဓားကောက်ကြီး၏ အသွားမှာ ရှုံ့တွခွေလိပ် တွန့်ခေါက်သွားကာ အပိုင်းခံ အခုတ်ခံ သာမဏေလေးမှာတော့ ပကတိ အနာမရှိ၊ ဒဏ်ရာမဲ့။ သွေးဆိုသည်ကား ဝေးစွ။





စင်စစ်ကား ဓားအိမ်မှ ဓားကောက်ကြီးကို ချွတ်ကိုင်လျက် ဓားပြကြီး မိမိထံလာနေစဉ်ကတည်းကပင် သံကိစ္စသာမဏေသည် ဈာန်သမာပတ် ဝင်စားနေခဲ့သည်။ ထိုဈာန်သမာပတ်၏ အာနုဘော်ကပင် ဓားကို ကာကွယ်တားဆီးလိုက်ခြင်း ဖြစ်လေသည်။

ဓားပြခေါင်းဆောင်ကြီးသည် မိမိလက်ထဲမှ ဓားကောက်ကို တစ်လှည့်၊ သံကိစ္စသာမဏေကို တစ်လှည့် ကြည့်လိုက်ပြီးနောက် ဓားကောက်ကြီးကို လွှတ်ချလိုက်လေ၏။ ထို့နောက် ကြီးမားထွားကြိုင်းလှသော ခန္ဓာကိုယ်ကြီးသည် သာမဏေလေး၏ ရှေ့မှောက်တွင် ပြားပြားဝပ်ဆင်းလျက်သား ဖြစ်သွားတော့သည်။ ထို့နောက် ကတုန်ကယင်ဖြင့် မေးမိလေရာ မေး၏။

"အရှင်ဘုရား၊ တပည့်တော် ဓားနဲ့ ပိုင်းခုတ်တာကို မကြောက်ဘူးလား"

သံကိစ္စသာမဏေသည် ဆိုခွင့်ကြုံလေပြီ။ ဓားပြခေါင်းဆောင်နှင့် တကွသော ဓားပြများ တုန်လှုပ်အံ့ဩမှုဖြင့် တိမ်းတိမ်းပွေပွေ ရှိနေကြခိုက် သာမဏေက ရင့်ကျက်သော ဣန္ဒြေဖြင့် တည်ငြိမ်စွာ...

"ရဟန္တာပုဂ္ဂိုလ်သည် အလုံးစုံသော ကြောက်ခြင်းကို လွန်မြောက်ပြီး၊ ရဟန္တာသည် သံယောဇဉ်ကို အကြွင်းမဲ့ ဖြတ်အပ်ပြီး၊ ရဟန္တာသည် ကိုယ်နှင့် အသက်ကို ငဲ့ကွက်ခြင်း အလျဉ်းကင်းသည် ဖြစ်၍ စိတ်၌ ဆင်းရဲခြင်း မရှိတော့။ ရဟန္တာသည် ဘဝကို ဆောင်တတ်သော တဏှာကုန်စင်ပြီး ဖြစ်သဖြင့် ဝန်ထုပ်ဝန်ပိုးကို ပစ်ချထားဘိသကဲ့သို့ ဖြစ်ကာ မျက်မှောက်ဘဝ၌ သေရခြင်းကို မကြောက်လန့်တော့"

ဓားပြများသည် ထိုအခိုက်အတန့်လေးမှာပင် အမှောင်ဘက်ခြမ်းမှ အလင်းဘက်ခြမ်းသို့ ခုန်ကူးသွားကြလေသည်။

"တပည့်တော်တို့ကို ရဟန်းပြုပေးပါ ဘုရား။ ရဟန်းပြုပေးပါ ဘုရား"

အဝိဉာဏက ပစ္စည်းများ ဆိုသည်မှာ ယင်းတို့ကို ကိုင်တွယ်အသုံးပြုသော ဝိဉာဏက ပုဂ္ဂိုလ်၏ ပြဋ္ဌာန်းချက်အတိုင်း ဖြစ်ပျက် ပြောင်းလဲကြသည်သာပင်။

ခိုးဆိုးလုယက် သတ်ဖြတ်ရာတွင် ဓားပြများ ကိုင်ဆွဲအသုံးပြုခဲ့သော ဓားများသည် ယခုအခါ ဆန့်ကျင်ဘက်အသွင်သို့ ပြောင်းသွား၏။ သံကိစ္စသာမဏေသည် ထိုဓားများဖြင့်ပင် ဓားပြများ ဝတ်ချင်သလို ဝတ်ဆင်ထားကြသည့် ပုံစံအမျိုးမျိုးသော ကိုယ်ကြပ်၊ သင်တိုင်းစသည်တို့မှ အမြိတ်အဆာများကို လှီးဖြတ်ပယ်ရှား၍ သင့်တင့်သောအဝတ် ဖြစ်စေလိုက်၏။ ဓားပြများ ဝတ်ဆင်ခဲ့ကြစဉ်က အဆင်း၊ အကွက်၊ အပြောက်များဖြင့် ဖြစ်ချင်သလို ဖြစ်နေခဲ့သော ထိုအဝတ်တို့ကို ကြေးနီ ဆိုးလိုက်ခြင်းဖြင့် တစ်ရောင်တည်းသော အဝတ်တန်ဆာ ဖြစ်စေ၏။

သံကိစ္စ သာမဏေက မြင့်မြတ်သော နေရာအဖြစ် သစ်ငုတ်ပြင်၌ ထိုင်ကာ သီတင်းသုံးပြီး ခေါင်းတုံးရိတ်၍ ကြေးနီဆိုး အဝတ် (သင်္ကန်း) ကိုယ်စီဖြင့် တစ်သွေးတစ်ရောင်တည်း ဖြစ်သွားသော ဓားပြများက နိမ့်သော မြေအပြင်၌ ဆောင့်ကြောင့်ထိုင်ကြသည်။ ဒူးပေါ်၌ လက်အစုံတို့ ထိကပ်ရာ နဖူး။

သံကိစ္စ သာမဏေက ဆယ်ပါးသီလ အဆုံးအမ၌ တည်စေပြီးသည့်နောက်တွင်ကား ဓားပြများ မဟုတ်ကြတော့ဘဲ ရှင်လျက်ဖြင့် ဘဝပြောင်းသွားကြလေသည်။ ထို့နောက် ရှင်အပါးငါးရာနှင့် သံကိစ္စ သာမဏေတို့ ရဟန်းသုံးကျိပ်ထံ ဝင်၍ ဖူးမြော်ရှိခိုးကြသည်။

ထို့နောက် ဥပဇ္ဈာယ်ဆရာ အရှင်သာရိပုတ္တရာထံသို့ သံကိစ္စ သာမဏေက ခေါ်သွား၏။ အရှင်မြတ်ကြီးအား ရှိခိုးပြီးနောက် ဘုရားရှင်ထံတော်မှောက် အဖူးအမြော် ရောက်ခဲ့ပြန်သည်။ ဘုရားရှင်က တရားစကား ဟောကြားတော်မူကာ ဒေသနာတော်ကို ပြတော်မူ၏။

"အကြင်သူသည် သီလမရှိဘဲ သမာဓိ တည်ကြည်လည်း အသက်တစ်ရာ ရှည်ငြားအံ့။ သူ၏ အသက်ရှည်ခြင်းသည် မမြတ်ချေ။ သီလရှိ၍ ဈာန်သမာပတ် ပွားများနေသောသူ၏ တစ်ရက်တာမျှ အသက်ရှည်ခြင်းက မြတ်၏"

ဒေသနာတော်အဆုံး၌ ရဟန်းငါးရာအသွင် ဝတ်ဆင်ထားကြသော တပည့်ငါးရာတို့သည် ရဟန္တာ ဖြစ်ကြလေသည်။

(နောက်ဆက်တွဲ)

သံကိစ္စသာမဏေနှင့် ဆက်စပ်၍ လွန်စွာထူးခြား၍ ကြည်ညိုဖွယ်ဖြစ်ရပ် ဆက်လက် ပေါ်ပေါက်သေးသည်။ သံကိစ္စသာမဏေ အရွယ်တိုင်၍ ရဟန်းပြုပြီး ဆယ်ဝါရသောအခါ တပည့် ပရိသတ်များကို လက်ခံခဲ့သည်။ ထိုတပည့်များအနက် တူဖြစ်သူ အဓိမုတ္တလည်း သာမဏေ ဖြစ်ခဲ့သည်။ သာမဏေဘဝမှ ရဟန်းပြုရန် အချိန်သင့်သောအခါ အသက် ပြည့်, မပြည့် သိနိုင်ရန် အဓိမုတ္တသည် မိဘဆွေမျိုးများရှိရာ အရပ်ဒေသသို့ ပြန်ခဲ့၏။

ဤတွင်လည်း ဦးရီးတော် သံကိစ္စနယ်ပင် လမ်းခရီးတောအုပ်၌ ဓားပြများက ယဇ်ပူဇော်ရန် ဖမ်းဆီးခြင်း ခံရသည်။ သို့သော် အဓိမုတ္တ၏ တရားကို ကြည်ညိုသဖြင့် ဓားပြများက

ပြန်လွှတ်လိုက်ကြသည်။ ဤတောအုပ်တွင် မိမိတို့ ပုန်းအောင်းလှုပ်ရှားနေကြောင်း မည်သူ့ကိုမျှ မပြောပါဟုလည်း ကတိစကား ထားလိုက်ကြသည်။ အစိမုတ္တ သာမဏေကလည်း ကတိပြုခဲ့ပါသည်။ သို့ဖြင့် အပြန်ခရီးတွင် မိဘများလည်း လိုက်ပါလာခဲ့ကြရာ ဓားပြများက ဖမ်း၍ ရိုက်ပုတ် ညှဉ်းဆဲကြသည်။ မိဘများက -

"သာမဏေ... သင်သည် ခိုးသားများနှင့် တစ်စိတ်တစ်ဝမ်းတည်း ဖြစ်ခဲ့သည်။ ဤတောအုပ်ကိုပင် ဖြတ်ခဲ့သည်။ ခိုးသားများရှိကြောင်း သင် သိလျက် ငါတို့ကို သတိမပေးခဲ့"

ဟု ငိုကြွေး မြည်တမ်းကြသည်။

ဤတွင်မှ ဓားပြများသည် မိဘများ အသက်ဘေးထက် ကတိကို အပျက်မခံသော အစိမုတ္တ၏ တည်ကြည်မြဲမြံမှုကို တုန်လှုပ်သွားကြကာ ဒူးထောက် တောင်းပန်ကြတော့သည်။ ထို့နောက် ရဟန်းပြုပေးပါရန် တောင်းပန်ကြသည်။ ဦးရီးတော် သံကိစ္စနည်းတူ အစိမုတ္တကလည်း ဓားပြများကို ဘုရားရှင်ရှေ့တော်မှောက် ခေါ်ဆောင်သွားခဲ့သည်။ ဘုရားရှင်ကလည်း အထက်ပါ ဒေသနာတော်ကို ထပ်မံ ဟောကြားတော်မူပါသည်။

## သုခ သာမဏေ

'တစ်နပ်စားကျွန်'

ဇာရာဏသီတွင် လူအများ သြချပြောရလောက်အောင် ထူးခြားသော ဖြစ်ရပ်တစ်ခု ပေါ်ပေါက်လာ၏။ ထိုဖြစ်ရပ်ကို စကားလုံးဝေါဟာရဖြင့် ချုပ်လိုက်သောအခါ 'တစ်နပ်စားကျွန်' ဟူသော ဝေါဟာရ ပေါ်ပေါက်လာသည်။

တစ်နပ်စားကျွန် သို့မဟုတ် ဘတ္တအတိက...။

လခရိက္ခာ ပေးကမ်း၍ ခိုင်းစေသော ကျွန်၊ ဥစ္စာ၊ ရွှေ၊ ငွေတို့ဖြင့် ဝယ်ယူထားသော ကျွန်၊ ယင်း ငွေဝယ်ကျွန်မှ ပေါက်ဖွားသော သားသမီး မျိုးဆက်ကျွန် သို့မဟုတ် ကျွန်မှ ဆင်းသက်သော သားပေါက်၊ သားပေါက်မှ ဆင်းသက်သော သားတက်ကျွန်၊ စစ်ပွဲမှ သုံ့ပန်းအဖြစ် ဖမ်းဆီးရမိပြီး ခိုင်းစေသော ကျွန် စသည်ဖြင့် ကျွန်အမျိုးမျိုး ရှိကြလေရာ ဗာရာဏသီ မြို့သူမြို့သားများအဖို့ ထိုထိုသော ကျွန်အမျိုးအစားများကို နားလည်ရင်းနှီးပြီး ဖြစ်ကြလေသည်။

ယခုကား ထိုထိုသော ကျွန်အမျိုးအစားများနှင့် ကွဲပြားခြားနားသည့် ကျွန်အမျိုးအစားသစ် တစ်ခု ပေါ်ပေါက်နေ၏။ တစ်နပ်စားကျွန်...

"ကြုံ့, ကြုံဖူးပေါင်ကွယ်။ ထမင်းလေး တစ်နပ်အတွက် ကျွန်လုပ်ရတယ်လို့"

"အဲဒီကျွန်ကလည်း သုံးနှစ် သုံးမိုးလုံးလုံး ကျွန်ခံရမှာနော်"

"မိုက်လိုက်ပါဘိ။ ထမင်းတစ်နပ်အတွက် ကိုယ့်ကိုယ်ကို သုံးနှစ်သုံးမိုး ကျွန်ပြုသတဲ့"

"ဒီလိုတော့ မပြောကြနဲ့လေ။ အဲဒီ ထမင်းတစ်နပ်ကလည်း ကျွန်ခံချင်စရာ ကောင်းလောက်အောင် တန်ဖိုးကြီးတဲ့ ထမင်းတစ်နပ်ကိုး"

ထိုသို့သော ဝေဖန်ကဲ့ရဲ့စကားများ ထွက်ပေါ်လာစေသည့် နောက်ခံ အကြောင်းအရင်း ခြင်းရာများကလည်း စိတ်ဝင်စားစရာ ဖြစ်ခဲ့၏။ ပထမ လက်သည်ကား ဗာရာဏသီမြို့နေ ဂန္ဓသူဌေး ဖြစ်သည်။ ဂန္ဓသူဌေးသည် စည်းစိမ်ခံခြင်းအမှု၌ သူမတူအောင် အလိုကြီးလွန်းသူလည်း ဖြစ်သည်။ ထို့အပြင် သူ၏ ချမ်းသာကြွယ်ဝမှုနှင့် စည်းစိမ်ယစ်မူးခြင်းကို အများသူငါတို့ သိသာအောင် ကြွားဝါပြသခြင်း၌လည်း လွန်စွာ မွေ့လျော်သူ ဖြစ်သည်။ လွေ့လွေ့ရမ်းရမ်း သုံးစွဲဖြုန်းတီးခြင်းကို လောက၏ ကြီးမြတ်သော ဂုဏ်တစ်ခုဟု မှတ်ယူသူလည်း ဖြစ်သည်။

ဂန္ဓသူဌေးသည် တစ်နေ့သောအခါ သူ့ အိမ်အမှုလုပ်များ အားလုံးကို ခေါ်ယူကာ အမိန့်ပေးလေ၏။

"ငါ့မှာ မိဘဘိုးဘွား အစဉ်အဆက် ထားခဲ့တဲ့ အမွေပစ္စည်းတွေနဲ့ ဒီတစ်သက် စားမကုန် သုံးမကုန် ဖြုန်းမကုန်ဘူး။ ငါ တစ်ခုစဉ်းစားမိတယ်။ ငါ့ မိဘဘိုးဘွားတွေက ဒီလောက်အထိ ချမ်းသာခြင်းမက ချမ်းသာအောင် တစ်သက်လုံး ရှာဖွေစုဆောင်းခဲ့ပြီးနောက်မှာ ငါ့အတွက် ပစ္စည်းဥစ္စာတွေ ထားခဲ့ပြီး သေလွန်သွားကြတယ်။ သူတို့ ယူမသွားနိုင်ကြဘူး"

အိမ်စေအမှုလုပ် အစေခံများကား သူဌေးအမိန့်အတိုင်း လိုက်နာရန်သာ အသင့် နားစွင့်နေကြ၏။

"ငါကတော့ ငါ့မိဘ ဘိုးဘွားတွေလို မလုပ်ဘူး။ ပါနိုင်သလောက် ပါအောင် ငါ ယူဆောင်သွားမှာ ဖြစ်တယ်။ ဘယ်လိုနည်းနဲ့ ယူဆောင်မလဲ။ ငါတစ်ခု စဉ်းစားထားတယ်။ ဟဲ... ဟဲ..."

ဗာရာဏသီမှာ ဘယ်တုန်းကမှ ဘယ်သူမှ မလုပ်ဖူးသေးတဲ့ အလုပ် ငါလုပ်ပြမယ်။ ဘယ်လိုလဲ သိလား။ အကြီးကျယ်ဆုံး ထမင်းပွဲကြီးကို စီစဉ်ပြီး ငါ စားသောက်ပြမယ်။ ဒီနည်းနဲ့ ငါ့စည်းစိမ်ဥစ္စာတွေကို ယူဆောင်သွားမှာ ဖြစ်တယ်။ အကြီးဆုံး စားသောက်ပွဲကြီးဆိုတာ သိလား။ ဆိုင်ရာ အစေခံ အကြီးအမှူးတွေ မှတ်ကြစမ်း။ ငါပြောပြမယ်"

အစေခံများ လှုပ်လှုပ်ရွရွ ဖြစ်သွားကြသည်။ သူဌေးက ဆက်ပြောသည်။

"အရင် ခါတိုင်းနေ့တွေမှာ နေ့လယ်စာအတွက် အသပြာ တစ်ထောင်၊ ညစာအတွက် အသပြာ တစ်ထောင် ငါသုံးတယ် မဟုတ်လား။ လပြည့်နေ့လို နေ့မျိုးတွေမှာ အသပြာ တစ်သိန်း၊ ထမင်းတစ်နပ်စာ ငါသုံးတယ် မဟုတ်လား။ အခု ဒီလိုမဟုတ်ဘူး။ တစ်သိန်းပေါင်းများစွာ သုံးပြီး ငါ ထမင်းတစ်နပ် စားပြမယ်။ ဂန္ဓသူဌေး အဲဒီလို ကြီးကျယ်တဲ့ ထမင်းတစ်နပ် စားသောက်ပွဲကို လာကြည့်ကြလို့ ဗာရာဏသီမှာ စည်လှည့်ပြီး ကြေညာရမယ်။ ကိုင်း... အသေးစိတ်ကတော့ ဒီလို မှတ်ကြစမ်း..."


Typing by Lucky82 (mmcybermedia.com)

ထမင်းမစားမီ ရေချိုးသန့်စင်ရန် ရေချိုးအိမ်ကို ဖန်သားအတိပြီးစေကာ တည်ဆောက်မည်။ ရေချိုးအိမ်က အသပြာ တစ်သိန်းတန်။

ထိုတစ်သိန်းတန် ရေချိုးအိမ်တွင် ရေချိုးပျဉ်ကလည်း ဖန်သားပျဉ် တစ်သိန်းတန် ဖြစ်၏။ ထို့နောက် ထိုင်စရာကလည်း တစ်သိန်းတန် ပလ္လင်၊ ထမင်းစားခွက်ကလည်း တစ်သိန်းတန် ထမင်းစားခွက်၊ တစ်သိန်းတန် ထမင်းအုပ်၊ တစ်သိန်းတန် မဏ္ဍပ်၊ တစ်သိန်းတန် တံခါးပေါက်၊ စားမည့် ထမင်းဟင်း ခဲဖွယ်ဘောဇဉ်များကလည်း တစ်သိန်းတန်၊ ထမင်းစားပွဲနေ့တွင် ဗာရာဏသီမြို့၏ အချက်အချာကျသော နေရာများမှာလည်း တစ်သိန်းတန် အကုန်အကျခံ၍ ပြင်ဆင် မွမ်းမံ၏။

"ဂန္ဓသူဌေးရဲ့ တစ်သိန်းတန် ထမင်းပွဲကြီးတဲ့ဟေ့"

ဗာရာဏသီတွင် အုတ်အော်သောင်းတင်း ဖြစ်သွားသည်။ လူအများအပြားပင် ပွဲကြည့်စင်များ ထိုး၍ ထမင်းစားပွဲကို လာကြည့်ကြသည်။

သူဌေးသည် တစ်သိန်းတန် ရေချိုးအိမ်၌ တစ်သိန်းတန် ရေချိုးပျဉ်ထက် တက်ပြီး နံ့သာရေ တစ်ဆယ့်ခြောက်ခွက်ကို ချိုး၏။ ထို့နောက် တစ်သိန်းတန် တံခါးပေါက်ကို ဖွင့်၊ တစ်သိန်းတန် ပလ္လင်ပေါ် တက်၊ တစ်သိန်းတန် ထမင်းအုပ်ထဲမှ ထမင်းခွက်ထဲသို့ တစ်သိန်းတန် ထမင်းကို ခူးခပ်ထည့်ကာ လာရောက်ကြည့်ရှုကြသူ လူအများရှေ့မှာ ထမင်းစားပြသည်။

ထမင်းစားနေချိန်မှာလည်း ကချေသည်များက ဝန်းရံကာ ဖျော်ဖြေပေးနေကြသည်။

ပရိသတ်ထဲတွင် ဂန္ဓသူဌေး၏ ထမင်းစားပွဲကို အားကျသူများလည်း ရှိ၏။ ထမင်းလေး တစ်နပ်များ ဒီလောက်ကြီး ချဲ့ရသလားဟု ကဲ့ရဲ့သူများကလည်း မနည်းမနော။ အများစုကတော့ သူဌေးကို အထင်တကြီးဖြစ်ကာ တစ်သိန်းတန် ထမင်းပွဲကြီး စားနိုင်တယ်ဟူ၍ ချီးကျူးကြသည်။ အချို့ကမူ သူ့ တစ်နပ်စာ ထမင်းပွဲဟာ တို့များ တစ်ရွာလုံး တစ်သက်စာလောက် ရှိပါပေတယ်ဟု တအံ့တသြ ဖြစ်ကြသည်။

ထိုပရိသတ်ထဲတွင် တစ်ယောက်သောသူကား အများနှင့်မတူ ထူးခြားလာခဲ့လေသည်။ သူသည် ဗာရာဏသီနှင့် မနီးမဝေး ရွာတစ်ရွာမှ ကျေးတောသားတစ်ယောက် ဖြစ်၏။ ရွာတွင် လယ်ယာလုပ်ငန်းများကို ပင်ပန်းဆင်းရဲကြီးစွာ လုပ်ကိုင်ရင်း တစ်လ တစ်ခေါက် ရိက္ခာသယ်ရန် ဗာရာဏသီသို့ လာရသည်။ ယခု သူ ဗာရာဏသီရောက်သည့်အခါ ဂန္ဓသူဌေး၏ တစ်သိန်းတန် ထမင်းပွဲကြီးနှင့် ကြုံလေသည်။ ကျေးတောသားသည် သူဌေး၏ ထမင်းစားပွဲကြီးကို အများနှင့်အတူ ငေးမောကြည့်ရှုရင်း စကားတစ်လုံးမှ မဆိုနိုင်ဘဲ ကြီးစွာ တုန်လှုပ်နေ၏။

မြို့ခံမိတ်ဆွေက သူ့ကိုကြည့်ပြီး မေး၏။

"မောင်ရင် ဘာဖြစ်နေတာလဲ။ သူဌေး ထမင်းစားပွဲကြည့်ပြီး အထူးအဆန်း ဖြစ်နေတာလား။ မောင်ရင့် ကြည့်ရတာ မရှုနိုင် မကယ်နိုင်..."

ကျေးတောသားမှာ မျက်နှာတစ်ပြင်လုံး သွေးဆုတ်ဖြူလျော်နေကာ မျက်လုံးများလည်း ပြူးကျယ်နေ၏။ တံတွေးကို အကြိမ်ကြိမ် မျိုချသဖြင့် လည်ဇလုပ်မှာ မရပ်မနား ထက်အောက် တက်ချည် သက်ချည် ဖြစ်နေ၏။ မြို့ခံမိတ်ဆွေက သူ့ကို ဆုပ်ကိုင်ခါယမ်းလိုက်သောအခါမှ သူ သတိပြန်လည်လာသကဲ့သို့ ကတုန်ကယင် သက်ပြင်းကြီး ချသည်။

"မောင်ရင် ဘာဖြစ်နေသလဲ။ နေမကောင်းဘူးလား"

"ကျုပ်... ကျုပ်... သေရတော့မယ် ထင်တယ်"

"ဘာဖြစ်လို့လဲ"

"ကျုပ် အဲဒီ ထမင်းမစားရရင် သေလိမ့်မယ်"

"ဘာပြောတယ်။ ဒီလောက်ဆာနေရင်လည်း အိမ်ပြန်စားတော့ပေါ့"

"မဟုတ်ဘူး။ သူဌေးစားတဲ့ ထမင်း... အဲဒါကို စားချင်တာ"

"ဟာ... မဖြစ်နိုင်တာကြီးပဲ။ ကဲ...လာ... ပြန်မယ်"

"မဟုတ်ဘူး။ မဟုတ်ဘူး။ ကျုပ် သူဌေးထမင်းမှ မစားရရင် သေလိမ့်မယ်"

ကျေးတောသားသည် မိတ်ဆွေဖြစ်သူ၏ လက်ထဲမှ ရုန်းထွက်ကာ ရုတ်တရက် အဆိပ်တက်သကဲ့သို့ တလူးလူး တလိမ့်လိမ့် ဖြစ်နေ၏။ ကျေးတောသား အကယ်ပင် အခြေမလှသည်ကို တွေ့သဖြင့် မြို့ခံမိတ်ဆွေလည်း လှမ်းအော်လိုက်လေသည်။

"သူဌေးမင်း ခင်ဗျာ။ ဟောဒီမှာ ကျွန်တော့်မိတ်ဆွေဟာ သူဌေးမင်းရဲ့ ထမင်းပွဲက တစ်လုတ် နှစ်လုတ်စာမှ မစားရရင် သေတော့မယ် ဖြစ်နေပါတယ်။ ကျေးဇူးပြုပြီး နည်းနည်းပါးပါး စားခွင့်ပြုပါခင်ဗျာ။ စွန့်ကြဲပါခင်ဗျာ"

အော်သံကြားသဖြင့် ဂန္ဓသူဌေးသည် ကချေသည်များ တူရိယာသံများကို လက်ပြ၍ ဟန့်တားလိုက်၏။

"ဟောဒီမှာ ကြည့်ပါခင်ဗျာ။ တကယ်ပဲ ဒီလူဟာ သူဌေးမင်းရဲ့ ထမင်းကိုမှ မစားရရင် သေတော့မှာပါ။ အခုပဲ အမြှုပ်တစီစီနဲ့ တက်မတတ် ချက်မတတ် ဖြစ်နေပါပြီ ခင်ဗျာ"

"အဲဒီလူကို ဒီခေါ် လာကြစမ်း" ဟု သူဌေးက အမိန့်ပေးလိုက်သည်။

သူဌေးက တစ်သိန်းတန် ပလ္လင်ထက်မှ ငုံ့ကြည့်လိုက်သည်။

"ဒီထမင်းကို တကယ်စားချင်တာလား ကျေးတောသား"

သူက အသံမထွက်နိုင်ဘဲ မျက်လုံးများ လှန်ကြည့်ကာ ခေါင်းညိတ်ပြသည်။

"စားချင်တယ်ဆို ကျွေးရတာပ။ ဒါပေမယ့် အလကားတော့ မရဘူး။ အင်း... မင်းကြည့်ရတာ အသပြာလည်း ပေးနိုင်တဲ့ အခြေအနေ မရှိဘူး။ ဒီတော့ ထမင်းပွဲအတွက် မင်းပေးရမယ့် အဖိုးအခကို မင်းနဲ့ ကိုက်ညီအောင် မင်းနိုင်နင်းတဲ့ အတိုင်းအတာဖြစ်အောင် ငါ သတ်မှတ်မယ်။ ဘယ်နယ့်လဲ"

"ဟုတ်... ဟုတ်... ကဲ့"

သူ အသံယဲ့ယဲ့ ထွက်လာ၏။

"ငါ့ဆီမှာ သုံးနှစ်တိတိ ကျွန်ခံရမယ်။ ဘယ့်နယ်လဲ"

သူဌေးက လှောင်ပြောင်နေသည်ဟု ထင်ကာ ပရိသတ်တချို့ ရယ်မောကြသည်။

"ဘယ်နယ်လဲဟေ့… သုံးနှစ်တိတိ ကျွန်ခံရင် ငါ့ထမင်းပွဲကို စားရစေ့မယ်။ အဲ… ငါစားနေကျ ထမင်းခွက်နဲ့ စားရစေ့မယ်"

ကျေးတောသား၏ ဖြူဆွတ်သော ဖျော့တော့မျက်နှာ သွေးရောင်လွှမ်းသွား၏။ နှုတ်ခမ်းများ ဆတ်ဆတ်တုန်လာ၏။ ထို့နောက် အက်ကွဲသောအသံ ထွက်ကျလာ၏။

"ကျုပ် သဘောတူပါတယ်"

ရုတ်တရက် တိတ်ဆိတ်သွားပြီးမှ ပရိသတ်မှာ ကျွတ်ကျွတ်ညံသွားလေသည်။

ဂန္ဓသူဌေးက ပြုံး၍ အသံမြှင့်ကာ ပြောသည်။

"ကိုင်း… အားလုံး ကြားကြတဲ့အတိုင်းပဲနော်… သုံးနှစ် ကျွန်ခံပြီးရင် ကျုပ် ထမင်းခွက်နဲ့ ကျုပ် ထမင်းကို စားခွင့်ရမယ်"

ကျေးတောသား၏ မူလနာမည်ကို ဘယ်သူမှ မသိကြ။ သို့သော် ထိုနေ့မှစ၍ သူ့ကို ထမင်းတစ်နပ်အတွက် သုံးနှစ်သုံးမိုး ကျွန်ခံသော လူထူးလူဆန်းအဖြစ် 'တစ်နပ်စားကျွန်' 'ဘတ္တိအတိက' ဟု အားလုံးက တညီတညွတ်တည်း မှည့်ခေါ်လိုက်ကြလေသည်။

သုံးနှစ် ပြည့်မြောက်ခဲ့ပြီ ဖြစ်၏။

ဘတ္တိအတိကသည် အိမ်မှုကိစ္စ အဝဝကို ဂန္ဓသူဌေး အလိုကျ ကျေပွန်စွာ ဆောင်ရွက်ခဲ့သည်။ ဘတ္တိအတိကမှုကား တစ်သိန်းတန် ထမင်းပွဲကြီးကိုသာ အာရုံပြုကာ ကျွန်ရင်းတစ်ယောက်လို အမှုထမ်းခဲ့သည်။ ထို့ကြောင့် ဂန္ဓသူဌေးသည် မိမိ ကတိအတိုင်း တစ်သိန်းတန် ထမင်းပွဲကို ပြင်ဆင် စီမံပေးရတော့သည်။

"ဘတ္တအတိက တစ်နပ်စားကျွန်တော့ တစ်သိန်းတန် ထမင်းပွဲကြီး စားတော့မယ်"

ဗာရာဏသီတွင် လွန်ခဲ့သော သုံးနှစ်။ ဂန္ဓသူဌေးကိုယ်တိုင် စားပြသော ထမင်းပွဲကြီးထက် ပို၍ သတင်းကြီးသွား၏။ ဂန္ဓသူဌေးသည် သူစားခဲ့သလို ထမင်းပွဲကြီးကို အပြည့်အဝ စီမံပေးပါ၏လော။ ဘတ္တအတိကသည် သုံးနှစ်သုံးမိုး ကျွန်ခံပြီးနောက် သူ့ကျွန်သက်ဖြင့် ရလိုက်သည့် ထမင်းပွဲကို ဘယ်သို့ စားမည်နည်း ဟူ၍ လူအများ စိတ်ဝင်စားဆုံး ဖြစ်နေကြသည်။

ဂန္ဓသူဌေး ကတိတည်ပေသည်။ မိမိ စားခဲ့သည့် အခမ်းအနားအတိုင်း တစ်သိန်းတန် ရေချိုးအိမ်၊ တစ်သိန်းတန် ရေချိုးပျဉ်၊ နံ့သာရည် တစ်ဆယ့်ခြောက်အိုး၊ တစ်သိန်းတန် တံခါး၊ တစ်သိန်းတန် ပလ္လင်တို့ကို အသုံးပြုခွင့် ပေး၏။ ထို့နောက် ဘတ္တအတိက ရှေ့မှောက်တွင် တစ်သိန်းတန် ထမင်းအုပ်၊ တစ်သိန်းတန် ထမင်းခွက်၊ တစ်သိန်းတန် ထမင်းကို ခူးခပ် ပြင်ဆင်စေသည်။ သူဌေးကတော်မှ အပဖြစ်သော ကချေသည်များကိုလည်း ဘတ္တအတိက ထမင်းစားနေစဉ် ပြုစုလုပ်ကျွေးစေဖို့ အခြံအရံ ထည့်လွှတ်လိုက်သည်။

လူအများတို့ကလည်း ဘတ္တအတိက၏ ထမင်းစားပွဲကြီးကို ကြိတ်ကြိတ်တိုး လာရောက်ကြည့်ရှုကြသည်။ လွန်ခဲ့သော သုံးနှစ်က 'ထမင်းတစ်နပ်အတွက်များ သုံးနှစ် ကျွန်ခံသတဲ့လား' ဟု ကဲ့ရဲ့ခဲ့ကြသူများပင် ယခုအခါ 'ဘတ္တအတိကဟာ စားထိုက်ပါပေရဲ့။ ကျွန်ခံရကျိုး နပ်ပါပေရဲ့' အုတ်အော်သောင်းတင်း ပြောကြလေသည်။ 'သားမယားကို စွန့်၊ ကိုယ့်ဘဝ လွတ်လပ်ခွင့်ကို စွန့်ပြီး

သုံးနှစ်ကျွန်ခံလို့ ထမင်းတစ်နပ် စားရတယ် ဆိုပေမယ့် ဘတ္တအတိကတို့ကတော့ ဗာရာဏသီမှာ စံတင်လောက်ပါပေတယ်' ဟု ဆိုကြလေသည်။

ဘတ္တအတိကသည် မိန်းမပျို အခြံအရံများနှင့်အတူ ထမင်းပွဲတွင် ဝင်ထိုင်လိုက်၏။ နံ့သာရည်တို့ဖြင့် ရေမိုးချိုးခဲ့သဖြင့် တစ်ကိုယ်လုံး မွှေးကြိုင်လန်းဆန်းနေ၏။ ထမင်းပွဲကြီးကလည်း အမြိုင်သား ကြိုဆိုကမ်းလင့်နေပြီ။

သုံးနှစ်လုံးလုံး သူမျိုသိပ်ခဲ့သော ထမင်းပွဲ၊ ကျွန်ခံပြီး စားရသော ထမင်းပွဲ၊ သူကိုယ်တိုင်၏ ဆင်းရဲပင်ပန်းမှု၊ ဗာရာဏသီတစ်မြို့လုံး၏ ကဲ့ရဲ့ပြစ်တင်မှုများကို အရင်းအနှီးပြု၍ ဖြစ်ပေါ်လာသော ထမင်းပွဲ။

ချောမောလှပသော မိန်းမပျိုတစ်ဦးက ရွှေခွက် တစ်ခွက်ကို ယူလာ၏။ နောက်တစ်ယောက်က ရွှေကရားကို ကိုင်မြှောက်၏။ ဘတ္တအတိက လက်ဆေးရန် ရွှေခွက်အတွင်းသို့ အသာအယာ လက်ခင်းထိုးဖြန့်ပေးသည်။ မိန်းမပျိုက ရွှေကရားထဲမှ ရေစင်တို့ကို သူ့ လက်ပေါ် သွန်းလောင်းပေးသည်။ ထမင်းမစားမီ လက်ဆေးသည့် အခမ်းအနားကပင် ပရိသတ်တို့အတွက် ရှုမငြီး ကြည့်မဝ ဖြစ်နေပေပြီ။

ဘတ္တအတိက လက်ဆေးခြင်းအမှု ပြီးသည့်နောက် အသင့်ဖွင့်ထားသော တစ်သိန်းတန် ဘောဇဉ်ခွက်ထဲမှ တစ်သိန်းတန် ထမင်းကို နှိုက်ရန် လက်ပြင်လိုက်၏။

ထိုအချိန်မှာပင်...

ဘတ္တအတိက ရှေ့မှောက်၌ ရပ်တော်မူလျက် ကိုယ်ကိုပြသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တစ်ပါး ထင်ရှားစွာ ပေါ်လာလေသည်။

စင်စစ်ကား ဂန္ဓမာဒနတောင်၌ သီတင်းသုံးသော ပစ္စေကဗုဒ္ဓါ အရှင်သည် ခုနစ်ရက်မြောက်နေ့၌ နိရောဓသမာပတ်မှ ထတော်မူခဲ့သည်။ ထိုနေ့ နံနက်မှာပင် ဆွမ်းခံကြွရာ အရပ်ကို စုံစမ်းဆင်ခြင်ခဲ့လေသည်။ အရှင်မြတ်ထံ၌ ဘတ္တအတိကကို မြင်တော်မူခဲ့သည်။ 'သုံးနှစ်ကျွန်ခံပြီး ထမင်းခွက်ကို ရရှိသော ဤသူ၌ သဒ္ဓါတရား ရှိပါသလော' ဟု ဆင်ခြင်ရာ ရှိကြောင်း သိတော်မူခဲ့၏။ 'သဒ္ဓါနှင့် ပြည့်စုံသော်လည်း လှူဒါန်းဖို့ အစွမ်းရှိလေသလော' ဟု ဆက်လက်ဆင်ခြင်ရာ လှူဒါန်းဖို့ အစွမ်းရှိကြောင်း မြင်တော်မူ၏။ ဤလှူဒါန်းမှုကို အကြောင်းပြု၍ ကြီးကျယ်သော စည်းစိမ်ချမ်းသာကို ရဖို့လည်း မြင်တော်မူ၏။

သို့ဖြင့် ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် သင်္ကန်းကို ရုံ၊ သပိတ်ကို ယူလျက် ကောင်းကင်ခရီးဖြင့် ကြွတော်မူကာ ဘတ္တအတိက ရှေ့မှောက်၌ ထင်ရှားပြတော်မူလေသည်။

ဘောဇဉ်ခွက်ထဲ လက်နှိုက်ကာနီး၌ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို ထင်ရှားစွာ ဖူးမြင်လိုက်ရသော ဘတ္တအတိက၏ လက်သည် ခုလပ်မှာပင် တုံ့သွား၏။ ထမင်းနှိုက်အံ့ လက်က ရပ်ဆိုင်းသွားစဉ်မှာပင် ဘတ္တအတိက၏ အတွေးများက တဖျပ်ဖျပ် လှုပ်ရှားပေါ်ပေါက်လာ၏။

"ငါ အခု တစ်သိန်းတန် ထမင်းပွဲကို စားတော့မယ်။ ဒီထမင်းကို စားရဖို့ ငါဟာ သုံးနှစ်လုံးလုံး ဆင်းရဲငြိုငြင်စွာ ကျွန်ခံခဲ့ရတယ်။ ငါဟာ ရှေးယခင်က ဒါနဆိုတဲ့ ကုသိုလ်ကောင်းမှု မရှိခဲ့တဲ့အတွက် ထမင်းတစ်နပ်အတွက် သုံးနှစ် ကျွန်ခံခဲ့ရတယ်။ အဲဒီထမင်းပွဲ အခု ငါ့ရှေ့မှောက် ရောက်နေပြီ။ ငါစားတော့မယ့်ဆဲဆဲ အရှင်ပစ္စေကဗုဒ္ဓါ ကြွရောက်တော်မူ၏။ ငါ့ထံမှာ ဆွမ်းရပ်တယ်။


Typing by Lucky82 (mmcybermedia.com)

ဒီထမင်းပွဲကိုငါ အခု စားလိုက်ရင် ငါ့အတွက် တစ်ရက်စားသာပဲ ဖြစ်မယ်။ အရှင်မြတ်ကို လောင်းလှူလိုက်ရင် ကမ္ဘာကုဋေပေါင်းများစွာ ငါ့ကို အကျိုးပြုပေးမယ်"

ဘတ္တအတိကသည် နှိုက်အုံ့ဆဲဆဲ လက်ကို ရုတ်သိမ်းကာ တစ်သိန်းတန် ထမင်းခွက်ကို မလိုက်၏။ ထို့နောက် ထမင်းကို အရှင်မြတ်၏ သပိတ်ထဲသို့ လောင်းလှူလိုက်လေသည်။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်က ထမင်းတစ်ဝက်သာ ကျန်သောအခါ သပိတ်ကို လက်ဖြင့် ပိတ်တော်မူသည်။ ဘတ္တအတိက၏ သဒ္ဓါကား ပြတ်သားခဲ့လေပြီ။

ဘတ္တအတိက လျှောက်၏။

"အရှင်မြတ်ဘုရား... ဆွမ်းကို နှစ်စုနှစ်ဖို့ မခွဲပါဘုရား။ တပည့်တော်ကို ယခုဘဝအတွက်သာ ချီးမြှောက်တော်မမူစေလိုပါ။ နောင်ဘဝအတွက် ချီးမြှင့်မှုကိုသာ ပြုတော်မူပါဘုရား။ အကြွင်းအကျန် မထား၊ အားလုံးကို လောင်းလှူပါတယ် ဘုရား"

ထမင်းအုပ်ထဲ ရှိရှိသမျှကို အကုန်အစင် လောင်းလှူပြီးနောက် ဘတ္တအတိကသည် ဘောဇဉ်အုပ်ခွက်ကို ချ၍ လက်အုပ်ချီကာ လျှောက်တင်လေသည်။

"အရှင်မြတ်ဘုရား... ထမင်းတစ်နပ်ကို အကြောင်းပြု၍ သုံးနှစ်သုံးမိုး ကျွန်ခံကာ ဆင်းရဲခြင်းကြီးစွာ အခစားလုပ်ခဲ့ရသော တပည့်တော်ရဲ့ ဆင်းရဲဒုက္ခများ အဆုံးသတ်ကာ ဖြစ်လေရာ ဘဝမှာ ဆင်းရဲခြင်းနဲ့ မကြုံရပါစေနဲ့ ဘုရား။ အရှင်ဘုရားတို့ သိမြင်အပ်သော တရားကို သိမြင်ရပါလို၏ ဘုရား"

"အလိုရှိအပ် တောင်းတအပ်သော ဆုများ ပြည့်စုံစေ"

ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည် ဘတ္တအတိကကို ဆုပေးပြီးနောက် 'ယခုသဘင်၌ ရှိနေသမျှ လူအပေါင်းတို့ ဂန္ဓမာဒနတောင်သို့ ငါရောက်သည့်တိုင် ငါ့ကို မြင်ကာ တည်နိုင်ကြပါစေ' ဟု အဓိဋ္ဌာန်ပြုကာ ကောင်းကင်ခရီးဖြင့် ပြန်ကြွတော်မူလေသည်။ ထိုအခါမှပင် ထမင်းစားပွဲကြီးသို့ စုရုံးရောက်နေကြသူတို့သည် အရှင်မြတ်ကို ဖူးမြင်ကြရလေသည်။

ဘတ္တအတိက၏ ဆွမ်းအလှူကား ဝတ္ထု၏ ပြည့်စုံခြင်း တည်းဟူသော နိရောဓသမာပတ်ရရှိသည့် ပစ္စေကဗုဒ္ဓါ အရှင်မြတ် အလှူခံပုဂ္ဂိုလ် ဖြစ်ခြင်း၊ ပစ္စည်း၏ ပြည့်စုံခြင်း တည်းဟူသော သုံးနှစ်ကျွန်ခံကာ တရားသဖြင့် ရအပ်သော တစ်သိန်းတန် ဆွမ်းဖြစ်ခြင်း၊ စေတနာ၏ ပြည့်စုံခြင်း တည်းဟူသော ကာလသုံးပါးတို့၌ ဝမ်းမြောက်ဝမ်းသာ ဉာဏ်ပညာယှဉ်သော စိတ်စေတနာ ဖြစ်ပေါ်ခြင်း၊ ဂုဏ်လွန်ကဲမှု၏ ပြည့်စုံခြင်း တည်းဟူသော အလှူခံပုဂ္ဂိုလ် ပစ္စကဗုဒ္ဓါ အရှင်မြတ် နိရောဓသမာပတ်မှ ထတော်မူလာခဲ့ခြင်း၊ ဤ လေးပါးသောပြည့်စုံခြင်း သမ္ပဒါတို့ ပေါင်းဆုံကြလေပြီ။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည် ဂန္ဓာမာဒနတောင်သို့ ကြွသွားကာ ရအပ်သော ဆွမ်းကို ပစ္စေကဗုဒ္ဓါ ငါးရာအား ခွဲဝေပေး၏။

ဤသည်ကို အရှင်မြတ်၏ အဓိဋ္ဌာန်ဖြင့် လူအားလုံး မျက်ဝါးထင်ထင် ဖူးမြင်တွေ့ရှိကြလေသည်။ ထိုအခါ တစ်ခဲနက်သော အုတ်အုတ်ကျက်ကျက် အသံတို့ ဖြစ်ပေါ်သွား၏။ ကောင်းချီးကြွေးကြော်သံတို့ဖြင့် ထစ်ချုန်းသော ထိုအသံကို စံအိမ်တိုက်အတွင်းရှိ ဂန္ဓသူဌေး ကြားလိုက်သည်။

"ဘတ္တအတိကတော့ ငါ့ရဲ့ တစ်သိန်းတန် ထမင်းပွဲမှာ မကြုံဖူး မစားဖူးတာနဲ့ လူရယ်စရာ ဖြစ်နေပြီထင်တယ်" ဟု တွေးမိကာ အစေအပါးများကို လွှတ်၍ စုံစမ်းစေလိုက်၏။ အစေအပါးများ

ပြန်လာ၍ အကြောင်းခြင်းရာ အမှန်ကို ပြောပြကြသောအခါ ဂန္ဓသူဌေးသည် အံ့သြခြင်းမက အံ့သြရာမှ ပီတိကြီးစွာ ဖြစ်ပေါ်သွားသည်။ 'သြော်... ဘတ္တအတိကဟာ ပြုနိုင်ခဲတဲ့အမှုကို ပြုလေသူပါတကား။ သုံးနှစ်ကျွန်ခံပြီး ရလိုက်တဲ့ ထမင်းကို ရက်ရက်ရောရော စွန့်လွှတ်ပြီး လှူဒါန်းလိုက်တယ်။ ငါ့မှာတော့ တစ်သက်လုံး ဒီစည်းစိမ်ချမ်းသာနဲ့ တည်နေခဲ့ပြီး သူ့လို မလှူနိုင်ခဲ့၊ သူ့လို မလုပ်နိုင်ခဲ့ဘူး' ဟု တွေးမိသည်။

ထို့ကြောင့် ဘတ္တအတိကကို ခေါ်၍...

"သင် အဲဒီအတိုင်း ပေးလှူခဲ့တယ်ဆိုတာ အမှန်ပဲလား"

"အမှန်ပါပဲ အရှင်"

ဂန္ဓသူဌေး၏ အမူအရာနှင့် လေသံသည် ယခင် သုံးနှစ်လုံးလုံး အရှင်သခင်နှင့် ကျွန်ဟူ၍ ဆက်ဆံပုံမျိုး လုံးဝ မဟုတ်တော့ပေ။

"ဘတ္တအတိက။ အင်း... သင့်ကို ဒီလိုခေါ်ရတာပဲ စိတ်ထဲ မလုံမလဲ ရှိလိုက်ပါဘိတော့။ ထားပါတော့လေ... ငါအခု သင့်ထံက တစ်ခု တောင်းဆိုပါရစေ"

အရှင်က ကျွန်ထံမှ ပြန်လည်တောင်းဆို တောင်းခံသည့်အလှည့် ရောက်သွား၏။

"အမိန့်ရှိပါ အရှင်"

"ဟောဒီမှာ အသပြာ တစ်ထောင် လက်ခံပါ။ မငြင်းပါနဲ့။ ပြီးတော့ သင်ပြုခဲ့တဲ့ အလှူဒါန အဖို့ကို ငါ့အား အမျှဝေပေးပါ"

ဘတ္တအတိကသည် အသာတကြည်ပင် လက်ခံပြီး...

"ကျွန်ုပ် ပြုခဲ့ရသော ကုသိုလ်အဖို့ကို အရှင့်အား ပေးဝေပါတယ်"

ဟု ဆိုလိုက်၏။ ဂန္ဓသူဌေးသည် ကြည်နူးခြင်းကြီးစွာ မျက်လွှာပိတ်လိုက်၏။

ထို့နောက် ဘတ္တအတိကသည် 'ကျွန်ုပ်ရဲ့ ဝတ္တု သမ္ပဒါ၊ ပစ္စယ သမ္ပဒါ၊ စေတနာ သမ္ပဒါ၊ ဂုဏာတိရေက သမ္ပဒါ၊ သမ္ပဒါလေးပါးတို့၏ ပြည့်စုံပေါင်းဆုံခြင်းဖြင့် မျက်မှောက် လက်ငင်းဒိဋ္ဌ အကျိုးပေးလေပြီ' ဟု ဆိုလေသည်။

ဤမျှဖြင့် မပြီးသေး။ ဘုရင်မင်းမြတ်သည် ထိုအကြောင်းကို ကြားသိရပြီးနောက် ဘတ္တအတိကကို ခေါ်ယူကာ ဂန္ဓသူဌေးနည်းတူ ထိုကုသိုလ် အဖို့ဘာဂကို အမျှတောင်းခံပြန်၏။ ဘတ္တအတိကလည်း မင်းကြီးအား အမျှဝေပေးလိုက်၏။

ဘုရင်မင်းမြတ်သည်လည်း ထိုကုသိုလ်၏ ဝမ်းမြောက်ခြင်း ပီတိစိတ်ဖြင့် ကြီးစွာသော စေတနာသဒ္ဓါ ပေါ်ပေါက်လာကာ 'ဘတ္တအတိက' သူဌေးဘွဲ့မည် ရည်အပ်နှင်းလိုက်၏။ ဘတ္တအတိကသည် တစ်နပ်စားကျွန် ဟူသော အမည်မှ သူဌေးဟူသော အမည်အဖြစ်သို့ ပြောင်းလဲ ရောက်ရှိခဲ့လေသည်။

ဂန္ဓသူဌေးနှင့် ဘတ္တအတိက သူဌေးတို့သည်လည်း မိတ်ဆွေရောင်းရင်း ဖြစ်သွားကြ၏။

ဘတ္တအတိက စုတေသောအခါ နတ်ပြည်၌ ဖြစ်ခဲ့သည်။ ဘုရားတစ်ဆူကြား ကာလပတ်လုံး နတ်စည်းစိမ် ခံစားကာ ဂေါတမမြတ်စွာဘုရား ပွင့်တော်မူသော အခါသမယ သာဝတ္ထိပြည်၌

လူအဖြစ် သန္ဓေတည်ခဲ့သည်။ ပဋိသန္ဓေစွဲယူရာကား အရှင်သာရိပုတ္တရာ မထေရ်မြတ်၏ အလုပ်အကျွေး အမျိုးအိမ်၌ ဖြစ်လေသည်။

ဖွားမြင်ပြီးနောက် အချိန်အရွယ် သင့်သောအခါ ရှင်သာမဏေ ပြုခဲ့၏။ 'သုခ သာမဏေ' ဟု တွင်လေသည်။ သုခ သာမဏေသည် ရှင်ပြုပြီးနောက် ရှစ်ရက်မြောက်သော နေ့တွင် အရှင်သာရိပုတ္တရာနောက်မှ သပိတ်ပိုက်၍ ဆွမ်းခံလိုက်ပါခဲ့၏။ (ဤမှစ၍ ပစ္စုပ္ပန် ဝတ္ထုရကြောင်းမှာ ပဏ္ဍိတ သာမဏေ ဝတ္ထုရကြောင်းနှင့် အားလုံးအတူပင် ဖြစ်ပါသည်။ ရေသွယ် လယ်သမားတို့ အလိုရှိရာ မြောင်းဖောက်သွယ်ယူကြခြင်း၊ မြားလုပ်သူသည် မြားကို ဖြောင့်အောင် ပြုလုပ်ရခြင်း၊ လက်သမားတို့သည်း သစ်ကို လိုသော ပုံစံရအောင် ရွေ၍ လှည်းဘီးပြုလုပ်ခြင်း၊ အခြင်းအရာ သုံးခုကို မြင်ရပြီး ဆွမ်းခံဆက်မလိုက်တော့ဘဲ သုခသာမဏေသည် ကျောင်းသို့ ပြန်လာခဲ့ကာ မိမိကိုယ် မိမိ ယဉ်ကျေးအောင် ဆုံးမလျက် တရားကျင့်ကြံအားထုတ်သည်။

ရှင်ပြုပြီး ရှစ်ရက်မြောက်သော ထိုနေ့မှာပင် သုခသာမဏေသည် ရဟန္တာ ဖြစ်ခဲ့သည်။ သုခသာမဏေကို အကြောင်းပြု၍ ဘုရားရှင် ဟောတော်မူသော ဒေသနာတော်မှာလည်း ပဏ္ဍိတသာမဏေ ဇာတ်ကြောင်း ဒေသနာတော်ပင် ဖြစ်ပါသည်။ ဝတ္ထုသွား ထပ်တူဖြစ်၍ အကျယ် အသေးစိတ် မပြတော့ပါ။ **စာရေးသူ**)

## သုမန သာမဏေ

ဝိဉ္ဈာတောအုပ်ကြီးနှင့် နယ်နိမိတ်ချင်း ဆက်စပ်နေသော မုဏ္ဍ ရွာကြီးတွင် မဟာမုဏ္ဍ အမည်ရှိ သူဌေးတစ်ဦး နေထိုင်လေသည်။ သူဌေးတွင် မဟာသုမန အမည်ရှိ သားအကြီးနှင့် စူဠသုမန အမည်ရှိ သားအငယ်တို့ ထွန်းကားသည်။

တစ်နေ့သောအခါ မုဏ္ဍရွာသို့ အရှင်အနုရုဒ္ဓါ ကောင်းကင်ခရီးဖြင့် ကြွလာတော်မူခဲ့သည်။ ထို့နောက် လျှောက်ပတ်သော အရပ်တွင် သီတင်းသုံးကာ ရွာတွင်းသို့ ဆွမ်းခံဝင်ရန် အရှင်အနုရုဒ္ဓါသည် သင်္ကန်းရုံလေသည်။ မဟာမုဏ္ဍ သူဌေးသည် အရှင်အနုရုဒ္ဓါကို ဆည်းကပ်ကိုးကွယ်ဖူးသူ ဖြစ်သဖြင့် ဝမ်းမြောက်ကြည်နူးစွာပင် အရှင်မြတ်အား အိမ်သို့ပင့်ကာ ဆွမ်းလုပ်ကျွေးမှုကို ခံယူပါရန် လျှောက်ထား၏။ အရှင်မြတ်ကလည်း လက်ခံတော်မူလိုက်လေသည်။ တစ်ဆက်တည်းမှာပင် ဤရွာ၌ ဝါဆိုပါရန် သူဌေးက လျှောက်ထားသည်။ ဝါဆိုရန် အချိန် နီးကပ်နေပြီလည်း ဖြစ်သည်။ အရှင်မြတ်က ထိုလျှောက်ထားချက်ကိုလည်း လက်ခံတော်မူသည်။

စင်စစ် ဤရွာကြီးသို့ အရှင်အနုရုဒ္ဓါ ကြွရောက်လာခြင်းမှာ သူဌေး၏ သားအငယ် စူဠသုမနအား ကြီးစွာသော အကျိုးဖြစ်ထွန်းစေမှုအတွက် ဖြစ်ကြောင်း သူဌေး မသိခဲ့ချေ။ အရှင်အနုရုဒ္ဓါကား ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်တော်က ကောင်းမှုကုသိုလ် ပြုခဲ့ပြီး ဒိဗ္ဗစက္ခုရသော အရာ၌ ဧတဒဂ်ဆုကို ပန်ဆင်ခဲ့ပြီး ဘဒ္ဒကမ္ဘာ၌ ထိုဆု ပြည့်စုံဖို့ ဖြစ်လာခဲ့လေသည်။

အရှင်အနုရုဒ္ဓါသည် ကပိလဝတ်တွင် ဘုရားရှင်၏ ခမည်းတော် သုဒ္ဓေါဒနမင်း၏ ညီတော်၊ အမိတောဒန အိမ်၌ ဖွားမြင်ခဲ့ပြီး မဟာနာမ် ကိုယ်တော်ကြီး၏ ညီငယ် အနုရုဒ္ဓါမင်းသားဟု ထင်ရှားခဲ့သူလည်း ဖြစ်၏။ တစ်ခုသော ဘဝ၌မူ အနုရုဒ္ဓါသည် အန္နဘာရ အမည်ဖြင့် ဗာရာဏသီ သုမန သူဌေးကြီးထံ၌ မြတ်ရိတ်သမား သူဆင်းရဲအဖြစ် အသက်မွေးခဲ့ရဖူး၏။ ဥပရိပစ္စေက ဗုဒ္ဓါမြတ် နိရောဓသမာပတ်မှ ထတော်မူခဲ့ပြီး အန္နဘာရက မိမိအတွက် ချက်ထားသော ထမင်းဟင်းများကို လောင်းလှူခဲ့၏။ ထိုသို့ မြတ်ရိတ်သမား သူဆင်းရဲက ပေးလှူသည်ကို သုမနသူဌေးကြီး ကြားသိခဲ့ပြီးနောက် ဆွမ်းအလှူဒါနအမျှကို တောင်းခံ၏။ သူဌေးကြီးက အန္နဘာရအား အလုပ်ကြမ်းသမား ဘဝမှ လွတ်ပေးကာ အိမ်တစ်ဆောင် ဆောက်လုပ်နေထိုင်ခွင့်နှင့် အလိုရှိသမျှ ပစ္စည်းများကို ယူငင်ခွင့်ကို ပေးခဲ့သည်။ ပြည့်ရှင်မင်းကလည်း အန္နဘာရအား သူဌေးအရာ ချီးမြှင့်ခဲ့သည်။

ဤသို့ဖြင့် အန္နဘာရနှင့် သုမနသူဌေးတို့သည် အဆွေခင်ပွန်းအဖြစ် ကုသိုလ်ကောင်းမှု ပြုဖက်များအဖြစ် အသက်ထက်ဆုံး တည်ခဲ့ပြီး ယခုဘဝ၌ အန္နဘာရသည် အရှင်အနုရုဒ္ဓါ၊ သုမနသူဌေးသည် မဟာမုဏ္ဍ သူဌေး၏ သားအငယ် စူဠသုမန ဖြစ်လာခဲ့ကြသည်။

မဟာမုဏ္ဍ သူဌေး၏ လျှောက်ထားချက်အရ အရှင်အနုရုဒ္ဓါသည် မုဏ္ဍရွာတွင် ဝါဆိုခဲ့ပြီးနောက် ဝါကျွတ်၍ ပဝါရဏာ ပြုပြီးသောအခါ သူဌေးက အရှင်အနုရုဒ္ဓါအား သင်္ကန်း သုံးထည်နှင့်တကွ တင်လဲ၊ ဆန်စသည်တို့ကို လှူဒါန်းဆက်ကပ်လေသည်။

အရှင်မြတ်က သင်္ကန်းကို အလှူ လက်ခံသော်လည်း တင်လဲ၊ ဆန်၊ ဆီ တို့ကိုကား ငြင်းပယ်တော်မူသည်။ မုဏ္ဍသူဌေးက လက်ခံပါရန်လျှောက်၏။

"အရှင်ဘုရား… ဒါတွေဟာ ဝါဆိုပြီးရဟန်း ရထိုက်တဲ့ ပစ္စည်းတွေ ဖြစ်ပါတယ် ဘုရား။ အလှူခံတော်မူပါ ဘုရား"

"ဥပသကာ… ငါ ဒီလှူဖွယ် ပစ္စည်းများကို အလှူလက်မခံဘူး"

"ဘာကြောင့်ပါလဲ ဘုရား"

"ငါ့မှာ ကိုရင်လည်း မရှိ၊ ကပ္ပိယလည်း မရှိဘူး"

"သို့ဆိုလျှင် တပည့်တော်ရဲ့ သားအကြီး မဟာသုမနကို အရှင်ဘုရားထံမှာ သာမဏေပြုဖို့ အပ်နှံပါရစေဘုရား"

"မဟာသုမနကို သာမဏေအဖြစ် ငါ အလိုမရှိပါ"

"သို့ဆိုလျှင် သားအငယ် စူဠသုမနကို အပ်နှံပါရစေဘုရား"

အရှင်အနုရုဒ္ဓါသည် စူဠသုမနကို လက်ခံလိုက်၏။ ခုနစ်နှစ်အရွယ် စူဠသုမနသည် ခေါင်းရိတ်အပြီး နောက်ဆုံး သင်တုန်းဓားချက်မှာပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့သည်။ အရှင်မြတ်သည် ကိုရင် စူဠသုမနနှင့်အတူ မုက္ကာရှာနိဂုံး၌ လဝက်ခန့် သီတင်းသုံးတော်မူပြီးနောက် မြတ်စွာဘုရားကို ဖူးမြော်ရန် မိဘများအား ခွင့်ပန်ပြီး ကောင်းကင်ခရီးဖြင့် ကြွတော်မူခဲ့သည်။ ထို့နောက် ဟိမဝန္တာ တောကျောင်းတစ်ဆောင်သို့ သက်ဆင်းကြသည်။

အရှင်အနုရုဒ္ဓါကား ပင်ကိုအားဖြင့် လုံ့လဝီရိယ ထက်သန်လှ၏။ ညဦးယံနှင့် ပစ္ဆိမယံကာလ တစ်လျှောက်လုံး စင်္ကြံ ကြွတော်မူခဲ့သည်။ ဤတွင် လေပူလေနာ ထလာကာ လေအောင့်ထိုးကျင်သော ဝေဒနာဖြင့် မခံမရပ်နိုင်အောင် ခံစားရလေသည်။ သုမနသာမဏေသည် ဥပဇ္ဈာယ်ဆရာ ဝေဒနာ ခံစားနေရသည်ကို မေးလျှောက်လေသည်။

"အရှင်ဘုရား... ယခင်က ဤသို့ ပြင်းစွာ လေနာရောဂါ ခံစားခဲ့ဖူးပါသလား ဘုရား"

"ခံစားခဲ့ရဖူးတယ် သာမဏေ"

"ဘယ်လိုဆေးမျိုးနဲ့ ချမ်းသာ ပျောက်ကင်းပါသလဲ ဘုရား"

"သာမဏေ... အနောတတ်အိုင်က ရေနဲ့ ချမ်းသာဖူးတယ်"

"တပည့်တော် အနောတတ်အိုင်က ရေကို သွားယူပါမယ် ဘုရား"

"သာမဏေ... အနောတတ်အိုင်မှာ ပန္နဂ အမည်ရှိတဲ့ နဂါးမင်း အုပ်စိုးနေထိုင်တယ်။ နဂါးမင်းဟာ ငါ့ကို သိပေတယ်။ သင်စွမ်းနိုင်လျှင် သူ့ထံ ခွင့်ပန်ပြီး ဆေးအတွက် ရေတစ်အိုး ယူခဲ့ပါ"

သုမန သာမဏေသည် ဆရာကို ရှိခိုးပြီး ကောင်းကင်ခရီးဖြင့် ယူဇနာငါးရာ ခရီးကို ကြွခဲ့၏။ ထိုနေ့ကား ပန္နဂ နဂါးမင်းသည် နဂါးမ ရံရွေတော် ကချေသည်များ ခြံရံလျက် ပျော်ပျော်ပါးပါး ရေကစားရန် ပြင်ဆင်သောနေ့ပင် ဖြစ်လေသည်။

ထက်ကောင်းကင်မှ သုမနသာမဏေ ပျံကြွလာသည်ကို မြင်သောအခါ နဂါးမင်းသည် ပင်ကို သဘာဝ၏ အမျက်မာန်ကြီးခြင်း၊ ကချေသည်များ ခြံရံလျက် ရေကစားရန် ပြင်ဆင်နေခြင်းတို့ကို အကြောင်းပြု၍ အမျက်ချောင်းချောင်း ထွက်လေတော့သည်။

"ဦးပြည်း သာမဏေဟာ ခြေမှုန့်ဖုန်မှုန့်တွေကို သူ့ခြေမှာကပ်၊ အဲဒီတွေကို ငါ့ခေါင်းပေါ် ကြဲချပြီး ကောင်းကင်မှာ လှည့်လည်နေတယ်။ အနောတတ်အိုင်က ရေကို အလိုရှိလို့ သူလာတာပဲ ဖြစ်ရမယ်။ ဘယ်လိုနည်းနဲ့မှ ဒီ ဦးပြည်းသာမဏေ ရေကို မရစေရဘူး"

ပန္နဂ နဂါးမင်းသည် ကြီးစွာသော ပါးပျဉ်းကို ဖန်ဆင်းကာ ယူဇနာ ငါးဆယ်ကျယ်ဝန်းသော အနောတတ်အိုင်၏ မျက်နှာပြင်အား အိုးခွက်၌ အိုးဖုံးဖြင့် ဖုံးအုပ်ထားသလို အလုံအခြုံ အစေ့အစပ် ဖုံးပိတ် ကာကွယ်လိုက်၏။

နဂါးမင်း အမျက်စောင်းမာန်ဖြင့် ခုခံတုံ့ပြန်ရန် အသင့်ပြုလိုက်ပြီကို မြင်သောအခါ သုမန သာမဏေက အကြည်အသာ ခွင့်ပန်လေသည်။

"ထက်မြက်သော တန်ခိုး၊ ကြီးကျယ်သော ခွန်အားစွမ်းပကားများနဲ့ ပြည့်စုံသော နဂါးမင်း ကျွန်ုပ်စကားကို နားထောင်ပါ။ ကျွန်ုပ်ဆေးဝါးအတွက် လာခဲ့ပါတယ်။ ရေတစ်အိုး ပေးစေလိုပါတယ်"

“အရှေ့အရပ်ဒေသမှာ ဂင်္ဂါမြစ်ဟာ သမုဒ္ဒရာသို့ စီးဝင်သက်ဆင်းတယ်။ အသင် အဲဒီက ရေကိုယူ။ အနောတတ်အိုင်က ရေကိုတော့ မမျှော်လင့်ပါနဲ့”

နဂါးမင်းသည် အကြည်အသာ ခွင့်ပန်ခြင်းဖြင့် သူ့အလိုအတိုင်း ပေးတော့မည် မဟုတ်ဟု သာမဏေ သိလိုက်၏။ ထို့ကြောင့် တန်ခိုးဖြင့် အနိုင်အထက်ပြုကာ မျက်မာန်ကို ဖယ်ရှားစေခဲ့အံ့။ လွှမ်းမိုးနှိမ်နင်းပြီး ရေကို ရယူတော့အံ့ဟု ကြံကာ...

“နဂါးမင်း ငါ့ရဲ့ ဆရာက အခြားတစ်ပါးသော အရပ်မှ ရေကို ယူခိုင်းတာ မဟုတ်။ အနောတတ်အိုင်က ရေကိုသာ အလိုရှိတယ်။ ဒါကြောင့် ဒီရေကိုပဲ ငါရအောင် ယူမယ်။ သင် ဖယ်ရှားလိုက်ပါ... မတားပါနဲ့”

“သင့်အစွမ်းရှိသပဆိုရင် ရအောင်ယူပေါ့ သာမဏေ”

ပါးပျဉ်းကို ပိုမိုစေ့စပ် တင်းကျပ်အောင် ဖုံးအုပ်လျက် နဂါးမင်းက ဆို၏။

“သင်အစွမ်းရှိသပဆိုရင် ငါမယူနိုင်အောင် တားမြစ်ပါ နဂါးမင်း”

သုမနသာမဏေသည် နဂါးမင်းထံမှ သုံးကြိမ်တိုင်တိုင် ပဋိညာဉ်ယူသည်။ ထို့နောက် ဘုရားသာသနာတော်၏ အာနုဘော်ကို ပြကာ အရယူရမည်ဟု ဆုံးဖြတ်ကာ ပြိုင်ပွဲကို စတင် ဖွင့်လှစ်လိုက်လေသည်။

“လောကပါလ နတ်မင်းကြီး လေးပါး၊ သိကြားမင်း၊ သုယာမနတ်၊ သန္တုသိတနတ်၊ နိမ္မာနတိနတ် အစရှိသော နတ်ပြဟ္မာအပေါင်းတို့... အနောတတ်အိုင်၏ ထက်ကောင်းကင်ခွင်၌ တစ်ခဲနက် စုဝေး တည်ကြပါကုန်လော့”





အသညသတ်နှင့် အရူပပြဟ္မာဘုံကို ချန်လှပ်ကာ ကြွင်းသော နတ်ဘုံ၊ ပြဟ္မာဘုံများဆီသို့ တစ်မုဟုတ်ချင်း လှည့်လည်ကြွကာ ဖိတ်ခေါ်လိုက်၏။ နတ်ပြဟ္မာများသည် အနောတတ်အိုင် အပြင်၏ အထက်၌ စုရုံးတည်ရှိလာကြသည်ကား ကျည်တောက်၌ မုန့်ညက်မှုန့် အပြည့် တည်သကဲ့သို့ပင် ရှိလေသည်။

နတ်ပြဟ္မာတို့ စုရုံးပြီးကြပြီးနောက်တွင် သာမဏေသည် ကောင်းကင်၌ တည်ကာမိန့်ပြန်၏။

“ထက်မြက်သော တန်ခိုး၊ ကြီးကျယ်သော စွမ်းပကားတို့နဲ့ ပြည့်စုံတဲ့ နဂါးမင်း... ငါ့စကားကို နားထောင်ပါ။ ဆေးအတွက် ငါလာပါတယ်။ ငါ့ကို ရေတစ်အိုး ယူခွင့်ပြုပါ”

နဂါးမင်းကား အမျက်မာန်ကို မလျှော့...

“သာမဏေ... သင့်မှာ အစွမ်းရှိတယ်ဆိုရင် ငါ့ရဲ့ ရေကို သင်ရအောင်ယူ”

ဤသို့ဖြင့် သုံးကြိမ်တိုင်တိုင် ပြောဆိုပြီးနောက် သာမဏေသည် မိမိကိုယ် မိမိ တစ်ဆယ့်နှစ် ယူဇနာရှိသော ပြဟ္မာ ခန္ဓာကိုယ်ဖြစ်အောင် ဖန်ဆင်းလိုက်၏။ ထို့နောက် ကောင်းကင်မှ သက်ဆင်းကာ နဂါးမင်း၏ ပါးပျဉ်းကို တက်နင်းလိုက်သည်။ အောက်သို့ နိမ့်ကျအောင် ဖိနှိပ် လိုက်သည်။ နဂါးမင်း၏ ပါးပျဉ်းသည် အောက်ဘက်သို့ တအိအိ ပိကျသွားပြီး ဖုံးအုပ်ထားသော ပါးပျဉ်း အနားစွန်းနေရာ အများအပြားတို့တွင် လစ်ဟာလွတ်ကင်းသော နေရာများ ဖြစ်ပေါ်လာ၏။ ပါးပျဉ်းကွက်မှာ ခွက်နေသောနေရာ၌ ခွက်ဝင်ပြီး ဖုသောနေရာများ၌ ဖုတက်လာကြ၏။ ထို့နောက် လွတ်ကင်းလစ်ဟာသွားသော နေရာများမှ ထန်းလုံးမျှသော ရေတို့ အပေါ်သို့ အရှိန်ပြင်းစွာ ပန်းထွက်လာကြသည်။ သုမနသာမဏေကား ကောင်းကင်မှပင် ရေကို အိုးနှင့် တစ်လုံးပြည့်အောင် ခံယူလိုက်၏။ နတ်ပြဟ္မာတို့ အံ့သြသိမ့်သိမ့် ကောင်းချီးသြဘာ ပေးကြလေသည်။

နဂါးမင်းကား အမျက်မာန်မှ အရှက်သို့ ကူးပြောင်းကာ မျက်လုံးကြီးများလည်း လယ်ခေါင်ရန်းပွင့် အဆင်းကဲ့သို့ နီမြန်းလာ၏။

"ဒီ ဦးပြည်းငယ်ကလေးဟာ နတ်ပြဟ္မာအပေါင်းကို စုရုံးစေပြီး ရေကို ရအောင်ယူ... ငါ့ကို အရှက်ရစေတယ်။ သင်းကိုဖမ်း၊ ခံတွင်းထဲ လက်နှိုက်ပြီး သင်းနလုံးသားကို ဖြစ်ဖြစ်ဆုပ်ချေမယ်။ ခြေထောက်က ဆွဲကိုင်ပြီး သင်းကို ဂင်္ဂါမြစ် တစ်ဖက်ကမ်းအရောက် လွှင့်ပစ်မယ်"

ဟု ကြုံးဝါးကြံစည်ကာ ရေအိုင်အထက်မှ လူးလွန့်ခုန်ပျံ တက်လိုက်၏။

သို့သော် ထိုအချိန်တွင် သာမဏေသည် မြင့်စွာသော ဝေးစွာသော ကောင်းကင်ခရီးဖြင့် ဆရာအရှင်ထံသို့ ကြွနှင့်ပေပြီ။ နဂါးမင်း မီအောင် မလိုက်နိုင်တော့ပေ။

အရှင်အနုရုဒ္ဓါအား အနောတတ်အိုင်မှရေကို သုမနသာမဏေ ဆက်ကပ်နေစဉ်မှာပင် နဂါးမင်း ရောက်လာ၏။

"အရှင်ဘုရား... ရေကို မသုံးဆောင်ပါနဲ့... သာမဏေဟာ တပည့်တော် မပေးဘဲ ခပ်ယူသွားခဲ့တာပါ"

သုမန သာမဏေက တည်ငြိမ်စွာ လျှောက်သည်။

"အသင် စွမ်းနိုင်လျှင် ခပ်ယူပါလို့ ဆိုသဖြင့် တပည့်တော် ခပ်ယူခဲ့ပါ၏ ဘုရား"

အရှင် အနုရုဒ္ဓါကား ရဟန္တာပုဂ္ဂိုလ်သည် မုသားမပြောဟု သိတော်မူကာ ရေကို သောက်လိုက်၏။ ထိုခဏမှာပင် ထကြွနေသော လေပူများ ငြိမ်သက်သွားသည်။ ထို့နောက် နဂါးမင်းအား တရားဓမ္မ ဟောကြားသည်။ ပန္နဂ နဂါးမင်းလည်း အမျက်ပြေငြိမ်းသွားကာ သုမန သာမဏေ ရှေ့မှောက်၌ ရိုကျိုးစွာ ဝပ်စင်းရှိခိုးလျက်...

"နောင်အခါ အနောတတ်ရေကို အလိုရှိလျှင် တပည့်တော်ကိုယ်တိုင် လာပို့ပါမည်"

ဟု လျှောက်ထားကာ ပြန်သွားလေသည်။

အရှင် အနုရုဒ္ဓါသည် သုမနသာမဏေနှင့်အတူ ဘုရားရှင် သီတင်းသုံးတော်မူရာ ပုဗ္ဗာရုံကျောင်းတော်သို့ ရောက်ရှိခဲ့၏။ ရဟန်းများက အရှင်အနုရုဒ္ဓါ၏ သပိတ်သင်္ကန်းကို ဆီးယူကြိုဆိုကြစဉ် အချို့ ရဟန်းများကမူကား သုမန သာမဏေ၏ သေးကွေးငယ်နုသော သဏ္ဌာန်ကို ကြည့်ရင်း ဦးခေါင်း ကိုင်သူက ကိုင်၊ နားရွက်များကို ဆိတ်သူက ဆိတ်၊ လက်မောင်းကို ဖျစ်သူက ဖျစ်ကြလေသည်။

"ဘယ်နယ်လဲ ညီထွေး... သာသနာတော်မှာ ပျော်ရဲ့လား"

"သာမဏေ သေးသေးလေး... မပျော်ဘဲနဲ့တော့ မနေနဲ့နော်"

ဘုရားရှင် ရှေ့တော်မှောက် ရောက်ခဲ့ကြ၏။ ဆရာတပည့်၏ အပူဇော် ခံယူပြီးနောက် ဘုရားရှင်က သုမနသာမဏေ၏ တန်ခိုးစွမ်းအားကို ရဟန်းများအား သိစေလိုသဖြင့်...

"အာနန္ဒာ... ငါဘုရားသည် အနောတတ်အိုင်ရေဖြင့် ခြေဆေးလိုသည်။ သာမဏေများ အနောတတ်အိုင် ရေသယ်ဆောင်ရန် စေလွှတ်ပါတော့"

ဟု မိန့်တော်မူလေသည်။

ပုဗ္ဗာရုံကျောင်း၌ ရှိရှိသမျှ သာမဏေငါးရာတို့ကို အရှင်အာနန္ဒာက စုရုံးစေလိုက်သည်။ အနောတတ်ရေကို မည်သူ သယ်ဆောင်ပေးမည်နည်းဟု မေးမြန်းလိုက်သည်။ အမျက်တော်မာန်ကြီးလှပြီး တန်ခိုးဣဒ္ဓိပါတ်နှင့်လည်း ပြည့်စုံတော်မူသော ပန္နဂနဂါးမင်း အုပ်စိုးသည့် အနောတတ်ရေအိုင်၊ ခရီးယူဇနာကလည်း ယူဇနာ ရာချီဝေးသည့် အနောတတ် ရေအိုင်၊ ထိုဆီမှ ရေကို သယ်ဆောင်နိုင်ရေးအတွက် မည်သူမျှ စွမ်းဆောင်နိုင်ခြင်း မရှိကြ။

သုမန သာမဏေအလှည့် ရောက်ခဲ့၏။

"တပည့်တော် သယ်ဆောင်ပါမည် ဘုရား"

ရွှက်အိုးခြောက်ဆယ်ဆံ့ အိုးကြီးကို တန်ခိုးဖြင့် သယ်ဆောင်ကာ သုမနသာမဏေသည် ကောင်းကင်ခရီးဖြင့် ကြွသွား၏။ နဂါးမင်းက ကိုယ်တိုင်ထမ်း၍ ကျောင်းတော်အထိ လိုက်ပါပို့ဆောင်ပါရစေဟု လျှောက်သည်။

"နဂါးမင်းကြီး... ကျွန်ုပ်ကိုသာ ဘုရားရှင် စေခိုင်းတော်မူခြင်း ဖြစ်ပါတယ်... သင် နေရစ်ခဲ့ပါ"

ကောင်းကင်ခရီးမှ ရေအိုးကြီးကိုထမ်းကာ ပြန်ကြွလာသော သုမန သာမဏေကို ဘုရားရှင် ကိုယ်တော်တိုင်က...

"ရဟန်းတို့... ဟသ်ာမင်း၏ တင့်တယ်ခြင်းဖြင့် ယခု ပြန်လာနေသော သုမန သာမဏေအား ရှုကြလော့"

ဟု ချီးမြှောက်တော်မူလေသည်။ ရေအိုးကို သင့်ရာမှာချပြီး ဘုရားရှင်အား ရှိခိုးနေသော သာမဏေ၏ အသက်ကို ဘုရားရှင် မေးမြန်းတော်မူ၏။ ထို့နောက်...

"သုမန... သင် ယနေ့မှစ၍ ရှင်ရဟန်း ဖြစ်လော့"

ဟု မိန့်ကြားတော်မူသည်။ ဤသို့ဖြင့် ခုနစ်နှစ်အရွယ်မျှသာ ရှိသော သုမန သာမဏေသည် ရဟန်းအဖြစ်ကို ရလေသည်။ ဘုရားရှင်က ဒေသနာတော် ချီးမြှင့်တော်မူလေသည်။

"အကြင် ရဟန်းသည် ငယ်ရွယ်သော်လည်း သာသနာတော်၌ လုံ့လကြိုးကုတ်အားထုတ်၏။ ထိုရဟန်းသည် တိမ်တိုက်မှ လွတ်သော လကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏"

## ရှင်တိဿ

ရာဇဂြိုဟ်တွင် မဟာသေန ပုဏ္ဏားကြီး နေထိုင်သည်။ သူသည် အရှင်သာရိပုတ္တရာ၏ ခမည်းတော်၊ ဝင်္ဂန္တ ပုဏ္ဏားနှင့် မိတ်ဆွေသူငယ်ချင်းလည်း ဖြစ်သည်။ မဟာသေန ပုဏ္ဏားကြီးကား အချိန်ကာလ ကြာညောင်းလာသည်နှင့် အမျှ စည်းစိမ်ကုန်ခမ်း ဆင်းရဲနွမ်းပါးခဲ့လေသည်။ သူ့မှာ လှူဒါန်းဖို့ ဝေးစွ၊ သူကိုယ်တိုင်၏ ဝမ်းပင် ဝအောင် မစားနိုင်သောဘဝ ရောက်ခဲ့သည်။ မဟာသေနသည် သူငယ်ချင်း ဝင်္ဂန္တ၏ သားတော် အရှင်သာရိပုတ္တရာကို မိမိ၏ သားနှင့်မခြား ချစ်ခင်ကြည်ညိုသူလည်း ဖြစ်သည်။ သို့သော် သူ့မှာ အရှင်မြတ်အား တစ်ဇွန်း တစ်သောက်စာပင် မလောင်းလှူနိုင်သဖြင့် ကြေကွဲ ခံစားနေရလေသည်။

အရှင်သာရိပုတ္တရာသည်လည်း ထိုအဖြစ်ကို သိတော်မူလေသည်။ မဟာသေန၌ မိမိတည်းဟူသော အလှူခံပုဂ္ဂိုလ်ကို လှူလိုသော စေတနာ၊ သဒ္ဓါတို့ဖြင့် ပြည့်စုံနေသော်လည်း လှူစရာ ဝတ္ထုပစ္စည်း မရှိသဖြင့် အလှူမမြောက် ဖြစ်နေသည်။ ထိုအဖြစ်မှ မဟာသေန လွတ်မြောက်စေရန် ကရုဏာကြီးစွာ ရှေ့ထား၍ အခွင့်အခါကို ဖြစ်ပေါ်စေခဲ့သည်။

အရှင်သာရိပုတ္တရာသည် မဟာသေန ပုဏ္ဏားကြီး၌ အလှူဝတ္ထုပစ္စည်း မရှိသည်ကို သိတော်မူလျက်ပင် မဟာသေန၏ အိမ်တံခါးရှေ့တွင် ဆွမ်းရပ်လေသည်။ မဟာသေနကား...

"ငါဆင်းရဲနေတာ အရှင်မြတ် မသိလေရော့သလား။ ငါ့မှာလည်း လှူစရာပစ္စည်းက ဘာမှ မရှိ"

ဟု စိတ်အားငယ်စွာ တွေးကာ မျက်နှာမပြရဲ ပုန်းကွယ်နေခဲ့၏။ အရှင်သာရိပုတ္တရာကား နေ့စဉ်ပင် ဆွမ်းခံကြွတိုင်း မဟာသေနအိမ်တွင် ဆွမ်းရပ်မြဲ ဖြစ်၏။ မဟာသေနကလည်း ဝမ်းနည်းစွာ ပုန်းအောင်းမြဲ။

မဟာသေန၏ ရုပ်ခန္ဓာက ပုန်းအောင်းနေသော်လည်း "တစ်ခုခုသာ ရှိခဲ့ရင် လှူလိုက်မယ်" ဟူသော သဒ္ဓါဆန္ဒကမူ နေ့စဉ်နှင့်အမျှ လင်းပွင့်နေလေသည်။

တစ်နေ့သောအခါ ပုဏ္ဏားတို့၏ မန္တာန်ရွတ်ပွဲမှ အဝတ်ကြမ်း တစ်ထည်နှင့် နို့ဃနာကို မဟာသေန ရရှိလာခဲ့၏။ နို့ဃနာထမင်းကို ရလိုက်သည်နှင့် "အရှင်သာရိပုတ္တရာ ဆွမ်းရပ်လာရင် ကောင်းမှာပဲ... ဒီ နို့ဃနာကို လှူလိုက်မယ်" ဟု အောက်မေ့ကာ တမ်းတနေခဲ့၏။

အရှင်သာရိပုတ္တရာလည်း ထိုခဏမှာပင် ဈာန်ဝင်စားပြီး သမာပတ်မှ ထခိုက်ဖြစ်လေရာ ပုဏ္ဏားကို မြင်လေသည်။ 'ငါ့အား ပုဏ္ဏားကြီး မျှော်နေတယ်။ လှူဖွယ်ပစ္စည်း ရလာလို့ တမ်းတနေတယ်' ဟု သိကာ နှစ်ထပ်သင်္ကန်းရုံ သပိတ်ယူပြီး ပုဏ္ဏားအိမ်သို့ ကြွတော်မူလေသည်။

ပုဏ္ဏားကြီးကား ဖိတ်လျှံသော ပီတိသဒ္ဓါတို့ဖြင့် ဝမ်းသာမဆုံး ရှိချေပြီ။ အိမ်တွင်းသို့ ပင့်ဖိတ်သီတင်းသုံးစေကာ နို့ယနာကို သပိတ်အတွင်းသို့ လောင်းထည့်လေသည်။ နို့ယနာ တစ်ဝက်အရောက်တွင် အရှင်သာရိပုတ္တရာက သပိတ်ဖုံးဖြင့် ပိတ်လိုက်၏။ မဟာသေနက -

"အရှင်ဘုရား... ဒီနို့ယနာဟာ တစ်ဦးစာအတွက်သာ ဖြစ်ပါတယ်။ ထက်ဝက်ခွဲလို့ မမျှပါ။ တပည့်တော်အား ချီးမြှောက်တော်မူပါ။ ဒီတစ်ဘဝ၊ တစ်လောကစာတွက်သာ ချီးမြှောက်တော်မမူပါနဲ့။ နို့ယနာဆွမ်း အကုန်လုံးကို လောင်းလှူပါရစေ"

ဟု လျှောက်တင်သည်။ အရှင်မြတ်ကြီးလည်း လက်ခံတော်မူပြီး ပုဏ္ဏားအိမ်မှာပင် ဆွမ်းဘုဉ်းပေး၏။ ဆွမ်းပြီးသောအခါ အဝတ်ကြမ်းကို လှူပြန်သည်။ အလှူ ထမြောက်ခဲ့ပြီ။

မဟာသေနသည် လက်အုပ်ချီလျက် ဆုတောင်းစကား ဆို၏။ လူနတ် စည်းစိမ်ချမ်းသာကို မတောင်း၊ ဤဘဝ၏ ပြည့်စုံကြွယ်ဝမှုကို မတောင်း။

"အရှင်ဘုရားတို့ သိမြင်အပ်သော တရားထူးကို ရရှိရလိုပါ၏"

"အသင် ဆုတောင်းတိုင်း ပြည့်စုံပါစေ"

အနုမောဒနာစကား ပြောကြားပြီး ကျောင်းတော် ပြန်ကြွခဲ့၏။

ဆင်းရဲဒုက္ခရောက်စဉ်အခါ ပြုရသော အလှူသည် အလှူရှင်အား ကျေနပ်နှစ်သက်မှု အလွန်အကဲ ပေးတတ်သော သဘာဝအရ မဟာသေနသည်လည်း မိမိ၏ အလှူ၌ ထူးကဲစွာ ကြည်ညို ဝမ်းမြောက်စိတ်များ ဖြစ်ပေါ်ကာ အရှင်သာရိပုတ္တရာ အပေါ်၌လည်း လွန်ကဲသော ချစ်ခင်ကြည်ညိုမှု ဖြစ်သွားခဲ့သည်။

ထိုစိတ်ဖြင့်ပင် မဟာသေနသည် ကွယ်လွန်သောအခါ သာဝတ္ထိမြို့၌ လူအဖြစ်ကို ရရှိခဲ့၏။ ထိုအိမ်ကား အရှင်သာရိပုတ္တရာ၏ ဆွမ်းခံအိမ်ပင် ဖြစ်ပြန်လေသည်။

ဘဝဟောင်းက မဟာသေန ပုဏ္ဏားကြီး၏ နို့ယနာဆွမ်း အလှူသည် ဤဘဝတွင် အကျိုးပေးခဲ့ပြီ ဖြစ်၏။ အရှင်တိဿ အလောင်းအလျာ သန္ဓေသားကို လွယ်ထားစဉ်ကပင် မိခင်သည် အလွန်ပူသော အစာ၊ အလွန်အေးသော အစာ၊ အလွန်ချဉ်သော အစာ စသည်များကို လုံးဝ ရှောင်ကြဉ်ကာ သင့်တင့်မျှတသော အာဟာရများဖြင့်သာ ရောင့်ရဲနိုင်ခဲ့၏။

သန္ဓေသားကို လွယ်ထားသော မိခင်တို့မှာ ချင်ခြင်းအာသာ အမျိုးမျိုး ဖြစ်ပေါ်တတ်ရာတွင် အရှင်တိဿ အလောင်းအလျာ သန္ဓေကို လွယ်သော မိခင်၏ ချင်ခြင်းကပင်လျှင် ထူးခြားနေလေသည်။ ထိုချင်ခြင်းကား...

"အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး အမှူးရှိတဲ့ ရဟန်းငါးရာကို ပင့်ဆောင်ပြီး နေအိမ်မှာပဲ ရေမရောတဲ့ နို့ယနာဆွမ်းကို ကပ်လှူချင်လိုက်တာ။ အဲဒီလို ပင့်ဆောင်ကပ်လှူပူဇော်နေချိန်မှာ ကိုယ်တိုင်လည်း ဖန်ရည်စွန်းတဲ့ အဝတ်ကို ဝတ်ရုံ၊ ရွှေခွက်ကို ကိုင်စွဲ၊ ရဟန်းများ ဘုဉ်းပေးပြီးလို့ ကြွင်းကျန်တဲ့ နို့ယနာထမင်းကို စားချင်လိုက်တာ" ဟူ၍ ဖြစ်၏။

ဤ ချင်ခြင်းကို မိခင်နှင့် ဆွေမျိုးများအား ပြောပြလိုက်သည်။

"အို... ဒီချင်ခြင်းဟာ သာမန် မိခင်အလောင်းအလျာများမှာ ဖြစ်ပေါ်တဲ့ အစား၊ အဝတ်၊ အသုံးအဆောင် ချင်ခြင်းတွေနဲ့ မတူဘူး။ တရားနဲ့ ယှဉ်တဲ့ ချင်ခြင်းပဲ။ သူတော်ကောင်းနဲ့ ယှဉ်တဲ့ ချင်ခြင်းပဲ"

ဟု ဆိုကြကာ အရှင်သာရိပုတ္တရာ အမှူးရှိတဲ့ ရဟန်းငါးရာကို ပင့်ဆောင်ကြလေသည်။

ထို့နောက် မိခင်လောင်း၏ အလိုအာသာ ချင်ခြင်းအတိုင်း စီမံပေးကြ၏။

မိခင်လောင်းမှာလည်း ဖန်ရည်စွန်းသော အဝတ်တစ်ထည်ကို ခါးမှာဝတ်ကာ တစ်ထည်ကို ကိုယ်ပေါ်၌ ရုံလျက် ရွှေခွက်ကို ကိုင်စွဲပြီး ရဟန်းများ၏ နေရာအစွန်တွင် ထိုင်သည်။ ထို့နောက် အကြွင်းအကျန် နို့ယနာကို အားပါးတရ စားလိုက်ရခြင်းဖြင့် ချင်ခြင်း ပြေပျောက်သွားခဲ့သည်။

ဤသို့ အရှင်သာရိပုတ္တရာ အမှူးရှိတဲ့ ရဟန်းတော်တို့အား နို့ယနာဆွမ်းကို လှူဒါန်းခြင်းသည် မိခင်လောင်း သားမဖွားမီမှာသာမက သားဖွားပြီးနောက် ပြုအပ်သော မင်္ဂလာများမှာပါ လှူဒါန်းခြင်း ဖြစ်လေသည်။

ဖွားမြင်သည့်နေ့တွင်ကား ကလေးငယ်ကို ရေမိုးသန့်စင်ပေးပြီးနောက် ကျက်သရေရှိသော တစ်နေရာ၌ သိပ်လိုက်ကြ၏။ ကလေးငယ်၏ အောက်မှ အခင်းမှာ တစ်သိန်းတန် ကမ္ဗလာဖြစ်သည်။

ကလေးငယ်သည် ကမ္ဗလာထက်တွင် နွေးထွေးစွာ လျောင်းနေရင်းဖြင့် အရှင်သာရိပုတ္တရာကို ကြည့်ရင်း...

"အရှင်မြတ်ကြီးဟာ ငါ့ရဲ့ လက်ဦးဆရာ ဖြစ်တယ်။ အရှင်မြတ်ကို အမှီပြုလို့ ငါ စည်းစိမ်ချမ်းသာကို ရရှိခဲ့တယ်။ ငါဟာ အခုပဲ အရှင်မြတ်ကို အလှူတစ်ခုနဲ့ ပူဇော်သင့်တယ်"

ဟု စိတ်အကြံ ဖြစ်ပေါ်နေ၏။

ထိုစဉ်မှာပင် ကလေးငယ်ကို ကမ္ဗလာထက်မှ ခေါ်ယူပွေ့ချီကာ အခြား အဝတ်တစ်ထည်ဖြင့် ထွေးပိုက်လျက် သီလယူရန် အရှင်သာရိပုတ္တရာထံ ခေါ်ဆောင်လိုက်ကြ၏။

ကလေးငယ်သည် ကမ္ဗလာကို ကိုယ်မှ မကွာစေရအောင် လက်ပန်းလေးဖြင့် ကုပ်ကပ်ချိတ်တွယ် ရစ်ပတ်ထားလေသည်။ လူကြီးများက ကလေးငယ်၏ လက်နှင့် ကမ္ဗလာ ငြိနေသည်ဟု ယူဆကာ ကမ္ဗလာကို ဖယ်ရှားပစ်ဖို့ ကြိုးစားကြ၏။ ဤသို့ပြုသောအခါ ကလေးသည် ကျယ်လောင်စွာ ငိုတော့သည်။ ထို့ကြောင့် ကမ္ဗလာကို မဖြုတ်တော့ဘဲ တကွအတူ ဆောင်ယူလျက် အရှင်မြတ်ကြီး ရှေ့မှောက်တွင် ချသိပ်ပေးလိုက်ကြသည်။

"အရှင်ဘုရား... ကလေးရဲ့ လှူဒါန်းမှု ဖြစ်ပါစေဘုရား။ တစ်သိန်းတန် ကမ္ဗလာနဲ့ ပူဇော်တဲ့ သားလေးကို သီလပေးတော်မူပါဦး ဘုရား"

အရှင်သာရိပုတ္တရာက ကလေးအမည်ကို မေးသောအခါ အရှင်ဘုရား၏ အမည်နှင့် တူပါကြောင်း လျှောက်ထားကြသည်။ လူ့ဘဝက အရှင်သာရိပုတ္တရာ၏ အမည်မှာ ဥပတိဿ ဖြစ်ခဲ့လေသည်။

"တိဿ အမည်နာမကိုပဲ ခံယူပါစေ"

ဟု အရှင်မြတ်က မိန့်ဆိုကာ သီလပေးတော်မူလိုက်၏။ ဤသို့ဖြင့်ပင် တိဿကလေး၏ အမည်မှည့်ခြင်း မင်္ဂလာ၊ ထမင်းခွံ့ မင်္ဂလာ၊ နားထွင်းမင်္ဂလာ၊ အဝတ်ဆင်မြန်းခြင်း မင်္ဂလာ၊ ဆံထုံးခြင်း မင်္ဂလာတို့မှာလည်း အရှင်သာရိပုတ္တရာ အမှူးပြုသော ရဟန်းငါးရာတို့အား ရေမရောသော နို့ယနာဆွမ်းကိုပင် ဝတ်မပျက် လှူဒါန်းကြလေသည်။ တိဿကလေး ခုနစ်နှစ်အရွယ် ရောက်လာခဲ့လေသည်။

မိခင်အနားကပ်၍ တိဿကလေးက ပြတ်သားရှင်းလင်းစွာ ဆိုသည်။

"မယ်မယ်... အရှင်သာရိပုတ္တရာထံမှာ သား ကိုရင်ဝတ်မယ်"

ခွင့်ပန်ခြင်း မဟုတ်သော၊ အသိပေးခြင်းသာ ဖြစ်သော ထိုစကားကို ကြားရသောအခါ မိခင်ကြီးမှာ မျက်ရည်များ ဝေ့တက်လာ၏။

"သားလေးရယ်... သားမပြောခင်ကတည်းက သား ဆန္ဒဖွင့်ဟလာရင် မဖျက်ဘူး၊ မတားဘူးလို့ မယ်မယ် ဆုံးဖြတ်ထားတာပါ"

ညနေရောက်သောအခါ တိဿကို ကျောင်းသို့ ခေါ်သွားကြပြီး အရှင်သာရိပုတ္တရာအား ခွင့်ပန် လျှောက်ထားလိုက်လေသည်။

အရှင်မြတ်ကြီးက မိန့်တော်မူ၏။

"တိဿ...ရှင်ရဟန်းအဖြစ် ဆိုတာ ပြုလုပ်ဖို့ နေဖို့ ခက်ခဲလှတယ်။ ရှင်ရဟန်းအဖြစ် ဆိုတာ ဆင်းရဲပင်ပန်းစွာ အသက်မွေးကြရတယ်။ အအေးလိုချင်ပေမယ့် အပူရတတ်ပြီး အပူလိုချင်ပေမယ့် အအေး ရတတ်တယ်။ စားသောက်တဲ့အရာ ဌာနမှာရော၊ ဝတ်ဆင်တဲ့အရာ ဌာနမှာပါ ခြိုးခြံရတယ်။ သင်ကား ချမ်းချမ်းသာသာ နေထိုင်ကြီးပြင်းခဲ့ရသူ ဖြစ်တယ်။ ရှင်ရဟန်းအဖြစ်နဲ့ ဆင်းရဲပင်ပန်းစွာ ရှင်သန်ရမှုကို သင် ခံနိုင်ပါ့မလား တိဿ"

"အရှင်ဘုရား မိန့်ကြားဆုံးမတဲ့အတိုင်း တပည့်တော် အလုံးစုံ လိုက်နာပါ့မယ် ဘုရား။ နေထိုင်ပါမယ် ဘုရား။ ဆင်းရဲပင်ပန်းစွာ အသက်မွေးမှုကိုပဲ တပည့်တော် ရွေးချယ်ပါရစေဘုရား"



အရှင်မြတ်ကြီးက "ကောင်းပြီ" ဟုဆိုကာ တစဉ္စကမ္မဌာန်းကို ဟောကြားတော်မူသည်။ ထိုသို့ ခန္ဓာကိုယ်၏ စက်ဆုပ်ဖွယ်ကို နှလုံးသွင်းနိုင်ရန် ဟောကြားပေးပြီး တိဿအား သာမဏေ ပြုပေးလိုက်လေသည်။ ကိုရင် တိဿ ဖြစ်သွားသည့်နေ့မှစ၍ ခုနစ်ရက်ပတ်လုံးပင် မိသားစုကလည်း ဘုရားရှင် အမှူးရှိသော ရဟန်းအပေါင်းတို့အား ရေမရောသော နို့ယနာဆွမ်းကိုသာ လှူဒါန်းကြလေသည်။ ရဟန်းအချို့ကပင် "ငါတို့ ရေမရောတဲ့ နို့ယနာကို အမြဲမပြတ် မစားနိုင်ကြပါဘူး။ နေ့စဉ်ရက်ဆက် ဖြစ်နေပါပေါ့လား" ဟု ပြောယူကြရသည်အထိပင် ဖြစ်၏။

ခုနစ်ရက်မြောက်သောနေ့တွင် ရှင်တိဿ၏ မိဘဆွေမျိုးများ အိမ်ပြန်သွားကြသည်။ ရှစ်ရက်နှင့် ကိုးရက်မြောက် နေ့များ၌ ရှင်တိဿသည် ရဟန်းများနှင့်အတူ သာဝတ္ထိမြို့တွင်း ဆွမ်းခံဝင်ခဲ့၏။ မြို့သူမြို့သားများ၊ မိသားစုဆွေမျိုးများက ရှင်တိဿအား လှူလိုက်ကြသည်မှာ အဝတ်တစ်ထောင် ဆွမ်းတစ်ထောင်။

ရှင်တိဿကလည်း ထိုတစ်ထောင်သော အဝတ်နှင့် ဆွမ်းကို ရဟန်းများအား လှူဒါန်းစေသည်။ မိမိ ယူမသုံး၊ ဤတွင် ရဟန်းများက ရှင်တိဿကို ဘွဲ့နာမတစ်ခု အပ်နှင်းလိုက်ကြ၏။ 'ဆွမ်းအလှူရှင် ရှင်တိဿ' ဟူ၍။

နောက်တစ်ကြိမ်မှာလည်း ဆောင်းအခါ ချမ်းလွန်းသဖြင့် မီးလှုံနေသော ရဟန်းများအတွက် ကမ္ဗလာအထည်ရေ တစ်ထောင် အလှူခံ၍ ပြန်လည် အပ်နှင်းလှူဒါန်းပြန်သဖြင့် ဘွဲ့နာမတစ်ခု ထပ်၍ အပ်နှင်းလိုက်ကြပြန်၏။ 'ကမ္ဗလာအလှူရှင် ရှင်တိဿ'။

ငယ်ငယ်ရွယ်ရွယ်ဖြင့် ရှင်သာမဏေပြုကာ ရှင်သာမဏေ ဘဝမှာပင် ဆွမ်းအလှူရှင်၊ ကမ္ဗလာအလှူရှင် ဟူသော ဘွဲ့နာမများကို ရရှိခဲ့သည့်အတွက် ရှင်တိဿသည် သာဝတ္ထိတွင်

ထင်ရှားကျော်ကြားသော ကိုရင်လေး ဖြစ်လာသည်။ ကျော်စောသူတို့ထံသို့ ပရိသတ် ချဉ်းကပ်ကြစမြဲ ဖြစ်လေရာ ဇေတဝန်ကျောင်းတော်မှာ ရှင်တိဿ၏ ဧည့်သည်များဖြင့် မပြတ် စည်ကားလာ၏။ သူစိမ်းတစ်ရံဆံ ဧည့်သည်ပရိသတ်များ လာရောက်ကြသလို မိသားစု အဆွေအမျိုး တို့ကလည်း အမြဲ လာရောက်နေကြ၏။ ထိုအခါ ရှင်တိဿမှာ ရှင်ရဟန်းတို့ ပြုဖွယ်ကိစ္စကို အချိန် မပေးနိုင်တော့လောက်အောင် ဖြစ်လာလေသည်။

ရှင်တိဿ ထိုအဖြစ်ကို လက်မခံနိုင်။

"ငါ့ထံ လာသူများကို ငါက စကားမပြောလို့လည်း မသင့်တော်၊ လျစ်လျူရှုဖို့ မသင့်တော်သည့်အတိုင်း ဧည့်ထောက်ခံ စကားပြောနေရရင်လည်း အချိန်တွေကုန်လို့ အားကိုး ဆောက်တည်ရာ တရားထူးကို ငါရတော့မှာမဟုတ်၊ ကျော်ကြားမှုနဲ့ ပရိသတ် အခြွေအရံတို့ကြောင့် သင့်ဘဝသင် အနစ်ခံတော့မှာလား တိဿ...။ ဆွမ်းအလှူရှင်၊ ကမ္ဗလာအလှူရှင်ဆိုတဲ့ ဘွဲ့နာမတွေရဲ့ ဖိစီးမှုအောက်မှာ သင် မရုန်း၊ မလွန့်သာ ရှိနေတော့မှာလား... တိဿ...။ မိမိ ပြုဖွယ်အမှုကို အဝေးမှာ ပစ်ချထားပြီး ကျော်ကြားမှုနဲ့ ပရိသတ်ကို အနီးနား ဆွဲခေါ် ယူထားတော့မှာလား... တိဿ...။ ဆောက်ရာတည်ရာ တရားနဲ့ မမွေ့လျော်သော အချည်းနှီးသော ရှင်ရဟန်း အဖြစ်ခံတော့မှာလား... တိဿ...။"

မိမိကိုယ် မိမိ အထပ်ထပ်မေးရင်း ရှင်တိဿသည် အညစ်အကြေးများကို တိုက်ချွတ် ဆေးကြောရန် ဆုံးဖြတ်လိုက်၏။

ဘုရားရှင်ရှေ့မှောက်သို့ ရှင်တိဿ ဝင်လေသည်။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ တပည့်တော်အား ကမ္မဋ္ဌာန်းတရား အားထုတ်နည်း သင်ကြားပို့ချပေးတော်မူပါ ဘုရား"

ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းနည်းနာများ ရရှိခဲ့ပြီးနောက် ရှင်တိဿသည် ဥပဇ္ဈာယ်ဆရာ အရှင်သာရိပုတ္တရာအား ရှိခိုးခွင့်ပန်၏။ ထို့နောက်...

'ဇေတဝန်ကျောင်းတော်ရဲ့ အနီးအနားမှာနေရင် ပရိသတ်တွေ ဆွေမျိုးတွေ လာကြလိမ့်ဦးမယ်။ နေကွန္တမ္ဗပါရမီတော်ရဲ့ အနှောင့်အယှက် အဟန့်အတားတွေ ပေါ်လာလိမ့်ဦးမယ် ဒီတော့ ...'

ရှင်တိဿသည် သပိတ်၊ သင်္ကန်းကိုယူကာ ကျောင်းမှ ထွက်ခဲ့၏။ ထို့နောက် သာဝတ္ထိမှ ယူဇနာ တစ်ရာ့နှစ်ဆယ် ခရီးကွာသော ရွာတစ်ရွာသို့ အရောက် သွားလိုက်သည်။ ရွာ တောကျောင်းလေးတွင် သီတင်းသုံးကာ ထိုနှစ် ဝါကပ်ခဲ့လေသည်။ ချို့တဲ့ဆင်းရဲသော ရွာကလေးကိုပင် ဂေါစရဂါမ် ပြုသည်။ သာဝတ္ထိတွင် ကျန်ရစ်ခဲ့ကြသော မိဘဆွေမျိုး ပရိသတ်တို့မှာ ရှင်တိဿ ပျောက်ဆုံးသွားသည့်အတွက် တသသ ဖြစ်ကျန်ရစ်ခဲ့ကြလေသည်။ ထိုအချိန်ဝယ် ရှင်တိဿကား ဓမ္မ၏ ငြိမ်းအေးချမ်းမြေ့သော သန္တိလောက၌ ကောင်းစွာ မွေ့လျော်နေထိုင်နေပြီ ဖြစ်လေသည်။

ဝါကျွတ်ချိန် ရောက်လာသည်။

အရှင်သာရိပုတ္တရာသည် ဘုရားရှင်အား ရှိခိုးလျက် ရှင်တိဿထံ သွားပါမည်ဟု ခွင့်ပန် လျှောက်ထား၏။ ဘုရားရှင် ခွင့်ပြုတော်မူသဖြင့် ရဟန်းငါးရာတို့နှင့်အတူ သွားကာနီးတွင် အရှင်မောဂ္ဂလာန်အား အသိပေးသောအခါ အရှင်မောဂ္ဂလာန်ကလည်း ဘုရားရှင်ထံ ခွင့်ပန်လျက်

အတူလိုက်ပါခွင့် တောင်းလေသည်။ ထိုမျှသာမက အရှင်မဟာကဿပ၊ အရှင်အနုရုဒ္ဓါ၊ အရှင်ပုဏ္ဏ၊ အရှင်ဥပါလိ အစရှိသော မဟာသာဝကကြီးများကလည်း ရဟန်းငါးရာစီ ခြံရံကာ လိုက်ပါကြ၏။ အသီတိ ရှစ်ကျိပ်သော မဟာသာဝကကြီးများ၏ ငါးရာ ငါးရာစီသော ရဟန်းအခြံရံများ အားလုံး စုစုပေါင်းသောအခါ အခြံအရံ လေးသောင်း ဖြစ်သွားလေသည်။

ရှစ်ကျိပ်သော မဟာသာဝကကြီးများနှင့် ရဟန်းအခြံအရံ လေးသောင်းတို့ ရှင်တိဿ သီတင်းသုံးနေရာ တောရွာတံခါးဝသို့ ရောက်တော်မူကြလေပြီ။

ရွာတံခါးဝတွင် ဒကာတစ်ယောက်က ခရီးဦးကြိုပြုကာ လက်အုပ်ချီနေသည်။ အရှင်သာရိပုတ္တရာက ထိုဒကာအား မေး၏။

"ဒကာ... ဒီအရပ်မှာ တောကျောင်းရှိသလား"

"ရှိပါတယ် ဘုရား"

"အဲဒီ တောကျောင်းမှာ သံဃာနေသလား"

"နေပါတယ် ဘုရား"

"နေသူရဲ့ ဘွဲ့အမည်က ဘာပါလဲ"

"တောနေ ရှင်တိဿ ပါတဲ့ဘုရား"

"သို့ဆိုလျှင် ရှင်တိဿရှိရာသို့ ငါတို့ကို လမ်းပြပေးပါ"

ဒကာသည် အနည်းငယ် လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။ ဤမျှ များပြားသော ရဟန်းတော်တို့ အဘယ်ကြောင့် ဤသာမဏေလေးထံ အရောက် ကြွလာတော်မူကြလေသနည်း။

"အရှင်ဘုရားတို့က ဘယ်သူတွေပါလဲ ဘုရား"

"ငါတို့ ရှင်တိဿထံ လာကြသူများ ဖြစ်တယ်"

ကိုယ်တော်မြတ်ကြီးက မိမိ ဘယ်သူဘယ်ဝါ၊ ထိုသူ ဘယ်သူဘယ်ဝါ ဟူ၍ ထုတ်ဖော် မမိန့်မြွက်ချေ။ ဒကာက ထိုအခါမှ အသေအချာ ကြည့်၏။

အလိုလေး... အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးပါလား...။ အလိုလေး... အရှင်မောဂ္ဂလာန် ပါကလား...။ ဟော... အရှင်အနုရုဒ္ဓါ...။ ဟာ... အရှင်ဥပါလိ...။ ဟင်... အရှင်အာနန္ဒာ...။ အား... မဟာသာဝကကြီးတွေ...။ ဒကာ၏ တစ်ကိုယ်လုံးသို့ ပီတိတွေ ဖြန့်ထွက် ဖုံးလွှမ်းသွား၏။

"အရှင်ဘုရားတို့ ခေတ္တမျှ ရပ်တော်မူကြပါဦး ဘုရား။ ရပ်တော်မူကြပါဦး ဘုရား"

ဒကာသည် ရွာထဲသို့ မြင်းတစ်ကောင်အလား ဒုန်းစိုင်းတော့သည်။

"ဟေး... ဟေး... အမောင်တို့... အမိတို့၊ အမိတို့... အမောင်တို့၊ ကြွလာနေကြပြီ။ ကြွလာနေကြပြီ"

ဒကာမှာ စကားတွေ အမှားမှားအယွင်းယွင်း ဖြစ်နေလေသည်။

"ဘာတုန်း... ဘယ်သူတွေတုန်း မောင်ကြီးရဲ့"

"အရှင်သာရိပုတ္တရာ ဦးဆောင်တဲ့ မဟာသာဝကကြီး ရှစ်ကျိပ်၊ အခြံအရံ ငါးရာစီနဲ့ဗျ။ တို့သာမဏေလေး ရှင်တိဿဆီသို့ ကြွလာတော်မူကြတာဗျ။ ခုတင်၊ ခုံ၊ အခင်း၊ ဆီ၊ ဆီမီး... ရှိသမျှ အကုန် ထုတ်ယူကြပါဗျ။ မြန်မြန် ထွက်လာကြပါဗျ"

တစ်ရွာလုံး အုံးအုံးကျွတ်ကျွတ် ဖြစ်သွားလေသည်။

* * * *

ရဟန္တာ အရှင်မြတ်ကြီးများ တောကျောင်းသို့ ရောက်ရှိတော်မူကြပြီး ရွာနေ ဒကာ၊ ဒကာမများမှာလည်း အရှင်မြတ်ကြီးတို့ စံနေတော်မူကြရန် ခုတင်၊ ခုံ၊ အခင်း ရရာရှိရာ ပရိဘောဂများကို သယ်ဆောင်လာကြ၏။

သာမဏေလေး ရှင်တိဿက မဟာထေရ်ကြီးများ၏ သပိတ်၊ သင်္ကန်းတို့ကို ယူကာ ဝတ်ပြုသည်။ သံဃာတော်များအတွက် နေရာထိုင်ခင်းကိုလည်း ကိုယ်တိုင် စီမံခန့်ခွဲ နေရာချသည်။ ထိုစဉ်မှာပင် အမှောင်သမ်းလာလေသည်။

အရှင်သာရိပုတ္တရာက "ဒကာ၊ ဒကာမတို့.... မှောင်လာပြီ... ပြန်ကြတော့" ဟု မိန့်၏။

"အရှင်ဘုရား... တပည့်တော်တို့ မပြန်ကြတော့ပါ။ ဒီနေ့ တပည့်တော်တို့ ကြံုတောင့်ကြံုခဲ တရားနာရမယ့်နေ့ပါ ဘုရား"

ရွာသူရွာသားများ၏ သဒ္ဓါအား တက်ကြွနေပုံကို ကောင်းစွာ သိရှိတော်မူလျက် အရှင်မြတ်ကြီးက ရှင်တိဿအား မိန့်၏။

"ရှင်တိဿ... ဆီမီးထွန်းပါ။ တရားပွဲသဘင်အတွက် အချိန်ကြေညာပါ"

အားလုံး အဆင်သင့်ဖြစ်သွားသောအခါ အရှင်သာရိပုတ္တရာက မိန့်တော်မူပြန်၏။

"တိဿ... သင့်ရဲ့ ဒကာတွေ တရားနာယူလိုကြတယ်။ သူတို့ကို သင် တရားဟောပါ"

ရှင်တိဿ ငြိမ်နေဆဲ။ ဒကာ ဒကာမများက လျှောက်ကြ၏။

"အရှင်ဘုရား... တပည့်တော်တို့ရဲ့ ကိုရင်လေးဟာ 'သုခိတာဟောထ ဒုက္ခာ မုစ္စထ၊ ချမ်းသာကြပါစေ၊ ဆင်းရဲခြင်း ကင်းလွတ်ကြပါစေ' ဆိုတဲ့ နှစ်ပုဒ်ကလွဲလို့ တခြားတရားကို မဟောပါဘူးဘုရား။ တပည့်တော်တို့ အားပါးတရ တရားနာယူဖို့ အခြား ဓမ္မကထိက တစ်ပါးပါးကို ပေးတော်မူပါဘုရား"

အရှင်မြတ်ကြီးက...

"ကိုရင် ရှင်တိဿ... အဲဒီ တရားနှစ်ပုဒ်အရ ချမ်းသာပါစေဆိုရင် ဘယ်လို ချမ်းသာရမှာလဲ။ ဆင်းရဲခြင်း ကင်းလွတ်ကြပါစေဆိုရင် ဘယ်လို ကင်းလွတ်ကြရမှာလဲဆိုတာကို အကျယ် အနက်ဖွင့်ပြီး ရှင်းလင်း ဟောကြားပေး"

"ကောင်းပါပြီ ဘုရား"

ရှင်တိဿသည် ယပ်တောင်ကို ကိုင်လျက် တရားပလ္လင်အဖြစ် ပြင်ဆင်ထားသော နေရာသို့ တက်လိုက်၏။ ထို့နောက် နိကာယ်ငါးရပ်မှ အကြောင်းအကျိုးများကို ထုတ်ဆောင်ပြကာ လေးကျွန်းလုံး၌ တစ်ခဲနက် ရှာသွန်းဖြိုးသော မိုးကြီးနယ် ခန္ဓာ၊ အာယတန၊ ဓာတ်၊ ဗောဓိပက္ခိယ တရားများကို ပိုင်းဆစ်လျက် ဟောကြားရှင်းလင်း ဖွင့်ဆိုကာ အရဟတ္တဖိုလ် တည်းဟူသော အထွတ်တပ်ပြီး တရားကို အဆုံးသတ်လိုက်လေသည်။

ထို့နောက် အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးထံ လက်အုပ်ချီ၍...

"အရှင်ဘုရား... အရဟတ္တဖိုလ်ရောက်သော ရဟန္တာမှာသာ ချမ်းသာပကတိ ဖြစ်ပါတယ် ဘုရား။ ဆင်းရဲခပ်သိမ်းမှ လွတ်ကင်းပါတယ် ဘုရား။ ကြွင်းသောသူတို့မှာ ဇာတိ အစရှိသော ဒုက္ခ၊ ငရဲ အစရှိသော ဒုက္ခတို့မှ မလွတ်ကြသေးပါ ဘုရား"

သုခိတာဟောထ ဒုက္ခ မုစ္စထ နှစ်ပုဒ်ကို ရှင်တိဿ အဆုံးသတ်လိုက်၏။ အရှင်မြတ်ကြီး သာဓုခေါ်တော်မူလေသည်။

"ရှင်တိဿ... ကောင်းပါလေစွ။ ယခု ချိုသာသော အသံနဲ့ ရွတ်ဆိုပါဦး"

ရှင်တိဿ၏ ချိုမြိန်သာယာသော တရားဒေသနာ ရွတ်သံသည် တောကျောင်း ပရိဝုဏ် တစ်ခုလုံးသို့ ညင်သာစွာ ရိုက်ခတ်ပဲ့တင် ပျံ့လွင့်သွားလေသည်။ သို့သော်...

*     *     *     *

တရားပွဲပြီးဆုံး၍ အရဏ်တက်အချိန် ရောက်သည့်အခါ တရားနာပရိသတ်အတွင်း အုပ်စု နှစ်စု ကွဲသွား၏။

ပထမအုပ်စုက...

"ကြည့်စမ်း... ဒီလို တရားတွေသိ၊ တရားတွေ ဟောနိုင်ပါရက်နဲ့ မိဘလို လုပ်ကျွေးခဲ့တဲ့ ငါတို့ကို သူ ဒီလို မဟောခဲ့ဘူး။ ရှင်တိဿဟာ ချမ်းသာကြပါစေ၊ ဆင်းရဲကင်းကြပါစေနဲ့ပဲ တစ်လျောက်လုံး ဟောခဲ့တယ်။ သူ မတရားဘူး" ဟူ၍ စိတ်ဆိုးကြ၏။

ဒုတိယ အုပ်စုက...

"အို... ကြည့်စမ်းပါဦး။ ဒီလို တရားသိ တရားရှိတဲ့ တရားဟောတတ်တာကို တို့များ မသိခဲ့ကြပေမယ့် တို့ တစ်လျောက်လုံး ပြုစုလုပ်ကျွေးခွင့် ရခဲ့ကြတာပါလား... တို့များ ကံကောင်းလိုက်တာ၊ အရတော်လိုက်တာ"

ဟူ၍ ကြည်နူးနေကြ၏။

ထိုနေ့ နံနက်မှာပင် လောကအလုံးကို ဉာဏ်မျက်စိဖြင့် ဖြန့်ကြက်ကြည့်ရှုတော်မူသော မြတ်စွာဘုရားရှင်သည် ရှင်တိဿနှင့် ဒကာ၊ ဒကာမများကို ဉာဏ်ကွန်ရက်ထဲတွင် မြင်တော်မူလေသည်။

"ငါ၏ သားတော်လေး ရှင်တိဿအပေါ် အမျက်ထွက်သူများ ငရဲရောက်ကြပေတော့မည်။ ငါ ထိုအရပ်သို့ သွားခြင်းဖြင့် အလုံးစုံသော ဒကာ၊ ဒကာမများ ရှင်တိဿအပေါ် မေတ္တာစိတ် သက်ဝင်ကာ ဆင်းရဲမှ လွတ်ကင်းကြပေမည်"

ဟု မြင်တော်မူလေသည်။

ရွာမှာလည်း ရွာသူရွာသားများသည် ရဟန်းအပေါင်းကို ပင့်ဖိတ်ကာ ရွာသို့ပြန်၊ မဏ္ဍပ်ဆောက်၊ အာဟာရဆွမ်း စသည်များ ပြင်ဆင်၊ နေရာများခင်းကျင်းကြပြီး သံဃာကို မျှော်နေကြ၏။

ရဟန်းအပေါင်းတို့ကလည်း ကိုယ်လက်သုတ်သင်ကာ ဆွမ်းခံချိန် ရောက်သောအခါ…

"တိဿ… သင် ငါတို့နဲ့အတူ ဆွမ်းခံထွက်မလား။ နောက်မှ ထွက်မလား"

ဟု မေးကြသည်။

"တပည့်တော်၏ ဆွမ်းခံချိန်မှသာ ထွက်ပါမယ်ဘုရား။ အရှင်ဘုရားတို့သာ ကြွတော်မူနှင့်ကြပါဘုရား"

ဟု ရှင်တိဿက လျှောက်၏။

ဆွမ်းခံထွက်လာသော ရဟန်းများ ရှေ့မှောက်တွင် တုဘက်ကင်း ကျက်သရေတော်ဖြင့် တည့်ရပ်တော်မူလာသည်ကား ဇေတဝန်ကျောင်းတော်မှာကတည်းက သင်္ကန်းရုံကာ သပိတ်တော်ကို ယူလျက် စိတ္တလက္ခဏ တစ်ခုတည်းဖြင့် ကြွတော်မူလာသော မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် ဖြစ်ချေသည်တကား…။

"မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် ကြွတော်မူလာပြီ"

အုတ်အုတ်သဲသဲ၊ ခဲခဲနက်နက် အသံများက တစ်ရွာလုံးသို့ ပျံ့ရိုက်လေပြီ။ အတက်ကြွဆုံး၊ အနိုးကြားဆုံး၊ အပွင့်လန်းဆုံး သဒ္ဓါတရားတို့ဖြင့် ရွာသူရွာသားများသည် ဘုရားရှင် အမှူးရှိသော သံဃာကို အာဟာရခဲဖွယ် ကပ်လှူကြလေပြီ။

ထိုစဉ် ရှင်တိဿသည် ရွာတွင်း ဝင်လာ၏။

ရွာသူရွာသားများကလည်း ရှင်တိဿအတွက် ဆောင်ယူကာ ဆွမ်းကပ်ကြ၏။ ရှင်တိဿက မျှလောက်ရုံ ခံယူကာ ဘုရားရှင်ထံ ချဉ်းကပ်၍ သပိတ်ကို ဆက်ကပ်သည်။

"တိဿ ယူခဲ့"

ဘုရားရှင် မိန့်တော်မူကာ လက်တော်ကိုဆန့်တန်း သပိတ်ကို ယူတော်မူသည်။ ထို့နောက်…

"တိဿ… သင့်ရဲ့ သပိတ်ကို သာရိပုတ္တရာအား ပြလော့"

ရှင်တိဿက အရှင်သာရိပုတ္တရာအား သပိတ်ကို ပြသည်။ အရှင်သာရိပုတ္တရာက ဘုရားရှင် လက်ထက်တော်မှ သပိတ်ကို ယူကာ ရှင်တိဿကိုပင် ပြန်ပေးလျက်…

"ကိုရင်… သွားတော့၊ ရောက်ရာနေရာမှာ ထိုင်ပြီး ဆွမ်းကိစ္စကို ပြုပါ"

ဆွမ်းကိစ္စ အလုံးစုံ ပြီးစီးလေပြီ။

ရွာသူရွာသားတို့က ဘုရားရှင်အား လျှောက်ထားကြ၏။

"ဆွမ်းအနုမောဒနာတရား ဟောကြားတော်မူပါ ဘုရား"


Typing by Lucky82 (mmcybermedia.com)

ဆွမ်းအနုမောဒနာတရား ဟောတော်မူပြီးနောက် ဘုရားရှင်က မိန့်ကြားတော်မူ၏။

"ရှာသူရှာသားတို့... သင်တို့ အရတော်ပေကုန်စွ။ သင်တို့ ဆည်းကပ်ကိုးကွယ်သော ရှင်တိဿကို အမှီပြုကာ ရှစ်ကျိပ်သော မဟာသာဝကကြီးများကို သင်တို့ ဖူးမြင်ခွင့် ရကြတယ်။ သင်တို့ အရတော်လေကုန်စွ။ ငါဘုရားလည်း သင်တို့ ဆည်းကပ်ကိုးကွယ်သော ရှင်တိဿကို အကြောင်းပြု၍ ကြွလာခဲ့တယ်။ ဘုရားရှင်အား ဖူးမြော်ခွင့်ကိုလည်း သင်တို့ ရှင်တိဿကို အမှီပြု၍ ရရှိကြတယ်။ သင်တို့ အရတော်ကြပါပေစွ။ လူ့ဘဝကို ကောင်းစွာ ရကြပါလေစွ"

တစ်စင်းတည်းသော မြားတံသည် ပစ်မှတ်နှစ်ခုကို တစ်ချက်တည်းဖြင့် ထွင်းဖောက်သကဲ့သို့ ဘုရားရှင်၏ စကားသည် နှစ်ခု နှစ်ပက္ခ ကွဲနေသော ပရိသတ်၏နှလုံးသို့ စွဲနစ်ဖောက်ထွင်းလေသည်။

ရှင်တိဿအပေါ် အမျက်ထွက်ခဲ့သော ပရိသတ်အဖို့...

"သြော်... ငါတို့ အရတော်ကြပါပေတကား...။ ဘုရားရှင်နဲ့ ရဟန်းတော်များကို ကျေနပ်နှစ်သိမ့်စေနိုင်တဲ့ ရှင်တိဿကို ဆည်းကပ်ခွင့်၊ ကိုးကွယ်ခွင့်၊ လှူဒါန်းခွင့် ရကြတဲ့ ငါတို့ဟာ လူ့ဘဝ အရတော်ကြပါပေစွတကား..."

ဟူ၍ အမျက်ပြေကာ ဝမ်းမြောက်မိကြသလို ရှင်တိဿအပေါ် ကြည်ညိုပြီး သူများအဖို့မှာလည်း...

"သြော်... အရတော်ပေစွ။ အရတော်ပေစွ"

ဟူ၍ ကြည်ညိုတိုးသွားကြသည်။ ဘုရားရှင်၏ အနုမောဒနာတရား အဆုံးဝယ် များစွာသော လူတို့လည်း သောတာပန် ဖြစ်သွားကြသည်။ ဘုရားရှင်နေရာမှ ဖဲခွာကြွသွားတော်မူ၏။



ရှင်တိဿကိုလည်း နောက်ပါးဝယ် လိုက်ပါစေ၏။ လူအပေါင်းတို့ကလည်း သင့်တင့်ရာအရပ်မှ လိုက်ပါရှိခိုးပြီး ပြန်ကြ၏။

ဘုရားရှင်သည် ရှင်တိဿအား အေးဆေးစွာ စကားမိန့်တော်မူသည်။ ကိုရင်... ဤအရပ် မည်သို့ ခေါ်သနည်း စသော အမေးတော်များကို ရှင်တိဿကလည်း ဖြေကြား လျှောက်ထားသည်။ ဤသို့ အမေးအဖြေပြုရင်းပင် ဘုရားရှင်သည် ရှင်တိဿနေရာမှသည် တောင်ထိပ်ပေါ်သို့ တက်တော်မူ၏။ ရှင်တိဿလည်း လိုက်ပါခဲ့၏။

တောင်ထိပ်မှနေ၍ အောက်ဆီသို့ ကြည့်သောအခါ မြင်နိုင်သည့်မြင်ကွင်းက အပြောကျယ်လှသော မိုးကုပ်စက်ဝိုင်းတစ်ဆုံး သမုဒ္ဒရာပြင်ကြီး...။

"တိဿ တောင်ထိပ်ပေါ်မှ တည့်ရပ်၊ ဟိုသည်ကြည့်သောအခါ ဘာကိုမြင်သလဲ"

ဟု ဘုရားရှင်မေးတော်မူ၏။

"သမုဒ္ဒရာကို မြင်ပါသည် ဘုရား"

"သမုဒ္ဒရာကို မြင်သောအခါ ဘာကို တွေးမိသလဲ"

"ဟောဒီ သမုဒ္ဒရာကြီးလေးစင်းထဲက ရေတွေထက် သံသရာတစ်ကြောမှာ မျောခဲ့တဲ့ တပည့်တော် ဒုက္ခကြုံတိုင်း ငိုရသော မျက်ရည်များက ပိုများပါလားဟု တွေးမိပါတယ် ဘုရား"

ပထမ အမေး... ပထမ အဖြေ။

"တိဿ သင်ဘယ်မှာ နေသလဲ"

"ဒီတောင်ဝှမ်းမှာ နေပါတယ် ဘုရား"

"တောင်ဝှမ်းထဲမှာနေတဲ့အခါ ဘာကို တွေးမိသလဲ"

"တပည့်တော် သေဆုံးခဲ့လို့ ရုပ်အလောင်း သင်္ဂြိုဟ်ခဲ့တဲ့ အကြိမ်ပေါင်းနေရာပေါင်း သည်တောင်ဝှမ်းမှာသာမက အပိုင်းအခြား မရှိဟု တွေးမိပါတယ် ဘုရား"

ဒုတိယ အမေး... ဒုတိယ အဖြေ။

"ကောင်းလေစွ... ကောင်းလေစွ...။ တိဿ... သင်တွေးသည့်အတိုင်း မှန်တယ်။ သတ္တဝါတွေ မြေပေါ်မှာ လဲလျောင်းကာ မသေဖူးတဲ့နေရာဆိုတာ မရှိဘူး"

ဘုရားရှင် ဆက်လက် မိန့်ကြားတော်မူသည်။

"တိဿ... ဒီတောအုပ်ထဲမှာ ကျားသစ်စတဲ့ သားရဲတိရစ္ဆာန်ကြီးများရဲ့ ဟိန်းသံ ဟောက်သံကြောင့် သင် ကြောက်သလား။ မကြောက်သလား"

"တပည့်တော် မကြောက်ပါဘုရား။ မကြောက်တဲ့အပြင် ထိုသားရဲတိရစ္ဆာန်များရဲ့ အသံကို ကြားရခြင်းဖြင့် တောမှာ ပျော်ရွှင်မှုကို ရရှိပါတယ် ဘုရား"

ထို့နောက် ရှင်တိဿသည် တောတောင်၏ တိတ်ဆိတ်ခြင်း၊ နက်ရှိုင်းခြင်း၊ သားရဲပြွမ်းခြင်း၊ သစ်ပင်ပန်းပင်နှင့် သဘာဝတရားတို့ကို စီကာပတ်ကုံးဖွဲ့၍ ဘုရားရှင်အား လျှောက်တင်လေသည်။ ဂါထာပေါင်း ခြောက်ဆယ် ရှိပေသည်။ ထို့နောက်...

"တိဿ"

"မိန့်ကြားတော်မူပါ ဘုရား"

"ငါတို့သွားတော့မယ်... သင်လိုက်မလား၊ နေရစ်မလား"

ရှင်တိဿ အနည်းငယ်မျှ ဆုတ်ဆိုင်းဆိုင်း ရှိနေပြီး...

"တပည့်တော်ရဲ့ ဥပဇ္ဈာယ်ဆရာက တပည့်တော်ကိုခေါ်ရင် လိုက်ပါမယ်ဘုရား။ နေရစ် ဆိုရင် နေရစ်ပါမယ်ဘုရား"

ရှင်တိဿသည် တောမှာသာ နေရစ်လိုသော ဆန္ဒရှိကြောင်း သိတော်မူလျက် အရှင်သာရိပုတ္တရာက

"တိဿ နေရစ်ချင် နေရစ်ခဲ့" ဟု မိန့်၏။

ဘုရားရှင်နှင့် ရဟန်းအပေါင်းကို ရှိခိုးကာ နေရစ်ခဲ့သော ရှင်တိဿအား ထားခဲ့ကာ ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်သို့ ကြွသွားတော်မူလေသည်။

* * * *

“တောနေရှင်တိသသဟာ ခဲယဉ်းသောအမှုများနဲ့ ပြည့်စုံသူပေပဲ။ ပဋိသန္ဓေ ယူချိန်ကစပြီး သူ့ဆွေမျိုးများက မင်္ဂလာခုနစ်ခုမှာ ရဟန်းငါးရာတို့ကို ရေမရောတဲ့ နို့ဃနာဆွမ်းအချို လှူကြ၏။ ကိုရင်ဝတ်တော့လည်း ကျောင်းတွင်းမှာ မြတ်စွာဘုရား အမှူးရှိတဲ့ ရဟန်းအပေါင်းကို ထိုအတိုင်းလှူတယ်”

“ဒါတွေ ဘယ်ကဦးမလဲ။ ကိုရင်ဝတ်ပြီး ရှစ်ရက်မြောက်နေ့မှာ ရွာတွင်းဝင် နှစ်ရက်တည်းနဲ့ပဲ အဝတ်တစ်ထောင် ဆွမ်းတစ်ထောင်ရတယ်”

“နောက်တစ်နေ့မှာ ကမ္ဗလာတစ်ထောင် ရသေးတာကော”

“ဒီလောက် လာဘ်ပူဇော်သက္ကာရမြိုင်တဲ့ ဒီအရပ်ကို စွန့်ပြီး ရှင်တိသသ တောထဲဝင်တယ်”

“ဟုတ်တယ်။ သစ်သီး၊ သစ်ဥ၊ သစ်ရွက် ရောနှောတဲ့ အစာကို စားသုံးတယ်။ ရသမျှ အာဟာရနဲ့ မျှတတယ်။ ဩော်... ရှင်တိသသ လုပ်နိုင်ခဲ့စွာသောအမှုကို ပြုပါပေတယ်”

တရားသဘင်တွင် ရဟန်းများ ပြောဆိုနေကြသော စကားများဖြစ်လေသည်။

ထိုစဉ် ရှင်တိသသအကြောင်း အချို့တစ်ဝက် ကြားဖူးရုံသာရှိသော ရဟန်းတစ်ပါးက မေးလိုက်၏။

“နေပါဦး... ငါ့ရှင်တို့၊ ရှင်တိသသအကြောင်း ကြားသိရတာ ဝမ်းမြောက်ကြည်နူး ဖြစ်ရပါတယ်။ ရေမရောတဲ့ နို့ဃနာလှူတာတွေ၊ အဝတ်တစ်ထောင် ရတာတွေကတော့ သိရပါပြီ။ ကမ္ဗလာ တစ်ထောင်ဆိုတာက...”



ရဟန်းတစ်ပါးက ရှည်လျားပြည့်စုံစွာ ရှင်းပြလေသည်။

“ဒီလို ငါ့ရှင်... တစ်ခုသော ဆောင်းအခါပေါ့။ အလွန်မှလည်း အေးလှတာမို့ ရဟန်းများက မီးဖိုပြီး မီးလှုံနေကြတယ်။ အဲဒါ ဆွမ်းတစ်ထောင်လှူပြီး နောက်တစ်နေ့မှာပဲ မီးတင်းကုပ်မှာ မီးလှုံနေကြတဲ့ ရဟန်းတွေရှိရာ ရှင်တိသသ ရောက်လာတယ်။ သူက မေးတယ်။ အရှင်ဘုရားတို့ ဘာကြောင့် မီးလှုံရင်း ထိုင်နေကြတာပါလဲတဲ့။ အအေးဓာတ်နှိပ်စက်လို့ပါ ကိုရင်လို့ ဖြေတော့ သူက ဆောင်းရဲ့ အအေးဓာတ်ကို ကမ္ဗလာနဲ့သာ ကာကွယ်ရပါတယ်။ ကမ္ဗလာခြုံမှ သင့်ပါမယ်တဲ့။ ရဟန်းများက ငါတို့မှာ ကမ္ဗလာ ဘယ်လိုရှိမလဲ... ဘယ်လိုရနိုင်မလဲ။ သင်ကကော ရှေးဘုန်း ရှေးကံကြီးလို့ ကမ္ဗလာခြုံနိုင်တာလို့ ဆိုကြတယ်။

“ရှင်တိသသက ဘာပြုတယ်မှတ်သလဲ။ တစ်ကျောင်းလုံးမှာ လှည့်လည်ပြီး ကမ္ဗလာ အလိုရှိတဲ့ ရဟန်းများ တပည့်တော်နဲ့အတူ လိုက်ပါကြပါလို့ နှိုးဆော်ပင့်ခေါ်တော့တာပဲ။ ရဟန်းတွေလည်း ထွက်လာလိုက်ကြတာ အပါးတစ်ထောင် အထိပဲ။ ဒီလောက်များပြားတဲ့ ရဟန်းတွေအတွက် ကမ္ဗလာတစ်ထောင် ဘယ်လိုများ လုပ်ရမှာလဲပါလိမ့် လို့ ရဟန်းတွေက တွေးကောင်းတွေး၏။ ရှင်တိသသကတော့ ကြောင့်ကြမဲ့ ကျောင်းကထွက်ပြီး မြို့ထဲဝင်တယ်။ အိမ်အစဉ် လှည့်လိုက်တော့ ဘယ်လိုကနေ ဘယ်လို ရလာမှန်းကို မသိတော့ပါဘူး။ ဟိုအိမ်က ဒီအိမ်က ဟိုဒကာ ဟိုဒကာမတွေက ကမ္ဗလာတွေယူယူပြီး ထွက်လှူလိုက်ကြတာများ...”

“တစ်ထောင်ပြည့်ရောတဲ့လား”

ဟု မူလမေးသူ ရဟန်းက ဖြည့်စွက်မေး၏။

“မဟုတ်ဘူး။ ကမ္ဗလာငါးရာပဲ ရတယ်”

"ဟင်… ဒါဖြင့်"

"ကျွန်ငါးရာ ရပုံက ပိုပြီး ဝမ်းမြောက်ကြည်နူးဖို့ ကောင်းတယ်။ ဒီအဖြစ်သနစ်တွေကို နောက်မှ သိရတာ"

"ဆိုပါဦး ငါ့ရှင်… သာဓုခေါ်ရအောင်"

"ဒီလို ဒီလို… ဈေးတံခါးနားက ကမ္ဗလာငါးကို အထပ်လိုက် ဖြန့်ခင်းပြီး ထိုင်ရောင်းနေတဲ့ ဈေးသည်တစ်ဦး ရှိတယ်။ သူ့နားကို ဒကာတစ်ယောက်က သွားပြီး မိတ်ဆွေ… ကိုရင်လေး တစ်ပါး ရဟန်းတွေကို စုရုံးပြီး လာနေပြီ။ သင့်ကမ္ဗလာတွေ ပါသွားဦးမယ်၊ ဖုံးထား… ဖုံးထားတဲ့"

"ဒီတော့…."

"ဟိုလူက ပြန်မေးတယ်။ 'အဲဒီကိုရင်က ပေးတာပဲ ယူတာလား။ မပေးဘဲ ယူတာလား' တဲ့။ 'ပေးတာကိုပဲ ယူတာပါ' လို့ဆိုတော့ ဈေးသည်က 'ဒါဆိုရင် ကျုပ်ပေးချင်ပေးမယ်။ မပေးချင် မပေးဘူး။ ကျုပ်သဘော' လို့ ပြောလိုက်သတဲ့"

"ဩော်… သူတစ်ပါးပစ္စည်း သူတစ်ပါးအလှူကိုတောင် ဝန်တိုပိတ်ပင်တတ်သေးသကိုး"

"ဒီလို သတ္တဝါမျိုးဟာ အသဒိ သဒါန အတုမရှိတဲ့ အလှူကို ဝန်တိုပိတ်ပင်တတ်တာမို့ ကာဠပမာ ငရဲမှာ ဖြစ်ကြရတာပဲ"

"ဟုတ်တယ်။ ကိုင်း… ဆက်လိုက်ကြဦးစို့။ ဈေးသည်က အင်း… ငါကတော့ ဟိုလူ့ကို ပြောလွှတ်လိုက်ပြီး ငါ့ကမ္ဗလာတွေ ဘယ်လိုလုပ်ရပါ့။ ကိုရင်ရောက်လာလို့ မြင်တွေ့သွားရင် မြင်ပါရက်နဲ့ မပေးလှူရင် ရှက်စရာကြီး။ ဒီတော့ မမြင်အောင် ဖုံးထားမယ်။ ကိုယ့်ပစ္စည်းကိုယ် ဖုံးအုပ်ထားတာက ရှက်စရာမဟုတ်ဘူး။ ငါ့ကမ္ဗလာတွေထဲက တစ်သိန်းတန် ကမ္ဗလာနှစ်ခုကို အမြိတ်ဆာချင်း ဆက်စပ်ပြီး ကမ္ဗလာအပုံအထပ်ထဲ ထည့်ပြီး ဖုံးထားလိုက်သတဲ့"

"အင်း စိတ်ဝင်စားစရာပေပဲ။ ဆက်ပါဦး… ငါ့ရှင်"

"ရှင်တိဿလည်း ရဟန်းတစ်ထောင်နဲ့အတူ အဲဒီနေရာကို ရောက်လာတယ်။ ဈေးသည်မှာ ရှင်တိဿကို မြင်ရင်ပဲ သားလေးလို ချစ်ခင်သွားမိသတဲ့လေ။ အဲဒီ ချစ်ခင်စိတ်နဲ့ပဲ ကမ္ဗလာတွေ ထားဦး… ဒီကိုရင်လေးကိုဖြင့် နှလုံးသည်းပွတ်ကိုတောင်မှ လှူသင့်တယ်လို့ တွေးမိသတဲ့"

"အင်း… ကောင်းလေစွ၊ ကောင်းလေစွ"

"ဒီနောက်မှာတော့ ဈေးသည်ဟာ ဟိုတစ်သိန်းတန် နှစ်ထည်ကိုပါ ထုပ်ဖုံးထားတဲ့ အဝတ်ကို ဖွင့်ဖယ်ပြီး ရှင်တိဿခြေရင်းမှာ ထား၊ ကမ္ဗလာငါးရာကိုလှူ၊ 'ကိုရင်လေး သိမြင်သော တရားကို တပည့်တော်လည်း သိမြင်ရပါလို၏ ဘုရား' လို့ ဆုတောင်းသတဲ့။ ရှင်တိဿကလည်း တောင်းသောဆုအတိုင်း ဖြစ်ပါစေလို့ မိန့်ကြားလိုက်သတဲ့"

"ကောင်းလေစွ… ကောင်းလေစွ"

"အဲဒီလိုနည်းနဲ့ တစ်နေ့တည်း ကမ္ဗလာတစ်ထောင် ရခဲ့ပေတယ် ငါ့ရှင်… ဒါကြောင့် ကမ္ဗလာအလှူရှင် ရှင်တိဿလို့ နာမည်နာမ ရခဲ့ပြန်တယ်"

"ဩော်… ဒါဆိုရင်ဖြင့် ရှင်တိဿဟာ လေးမည် လေးဘွဲ့ရပေါ့နော်"

"ဟုတ်တယ်... ဝါ့ရှင်၊ ခုနစ်နှစ်သားအရွယ်အတွင်းမှာ လေးမည် လေးဘွဲ့ ရတာပါ။ အမည်ရင်းက တိဿ။ နောက် ဒုတိယ ဆွမ်းအလှူရှင် တိဿ။ နောင် တတိယ ကမ္ဗလာအလှူရှင် တိဿ။ နောင် စတုတ္ထ တောကျောင်းနေ တိဿ"

"သာဓု သာဓု သာဓု"

လေးမည်လေးဘွဲ့ရ ရှင်တိဿ သုခတော ပေါထ ဒုက္ခာ မုစ္စထ ချမ်းသာကြပါစေ၊ ဆင်းရဲခြင်းမှ လွတ်ကင်းကြပါစေ ဟူသော အနှစ်ချုပ် ဆုပေးစကားကို လိုအပ်သောအချိန်၌ အကျယ်အကျယ် ကောင်းစွာ ချဲ့ထွင်ကာ ဟောကြားသော ရှင်တိဿသည် တောကျောင်း၌ စံနေရင်းဖြင့် ပထမလ၊ ဒုတိယလကို လွန်မြောက် တတိယလရောက်သောအခါ ပဋိသမ္ဘိဒါများနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်ခဲ့လေသည်။

(ဓမ္မပဒ၊ ဋ၊ ပ၊ ၃၃၄၊ ၃၃၄)

## ကမ္ဗဋ္ဌာန်းဆရာ သာမဏေ

'အချည်းနှီးသော ပေါဋ္ဌိလ'

အခြားရဟန်းတစ်ပါးပါးကများ ဤသို့ပြောလာလျှင် အရှင်ပေါဋ္ဌိလကြီးသည် ဖျတ်ခနဲ ခံစားရမှုဖြင့်၊ ထို့နောက် မာနဖြင့် နေရာမှာပင် တုံ့ပြန် တိုက်စစ်ဆင်ကောင်း ဆင်မိပေမည်။ ယခုမူကား...

"အချည်းနှီးသော ပေါဋ္ဌိလ... လာလော့"

"အချည်းနှီးသော ပေါဋ္ဌိလ... ထိုင်လော့"

"အချည်းနှီးသော ပေါဋ္ဌိလ... ရှိခိုးလော့"

"အချည်းနှီးသော ပေါဋ္ဌိလ... သွားတော့"

"အချည်းနှီးသော ပေါဋ္ဌိလ... သွားပြီ"

ထိုသို့ 'အချည်းနှီးသော'၊ 'အလကားဖြစ်သော' ဆိုသည့် ဝိသေသနကို မိမိ၏ ဘွဲ့ရှေ့၌ တပ်ကာ အမြဲဆိုမှုမှာ မြတ်စွာဘုရားရှင် ဖြစ်နေ၏။ ဘုရားရှင်၏ ထို ဆိုတော်မူသော စကားအောက်၌ အရှင်ပေါဋ္ဌိလကြီး အမျက်မထွက်သာ စိတ်နလုံးမနာသာ ဖြစ်ရလေသည်။

အရှင်ပေါဋ္ဌိလကြီး ဆင်ခြင်လေသည်။

"ဘုရားရှင်တို့မည်သည် ဆုံးမထိုက်သော သူကို ဆုံးမတော်မူတယ်။ ဆုံးမတော်မူရာမှာလည်း ဆုံးမအပ်သော နည်းကို သိတော်မူတယ်။ သူတစ်ပါး နာလိုခံမယ် ဖြစ်ကောင်း ဖြစ်စေမှာဖြစ်ပေမယ့် ဟုတ်မှန်တယ်၊ အကျိုးရှိတယ်ဆိုရင် ထိုစကားကို ပြောတော်မူတယ်။ ငါ့ကို အချည်းနှီးသော ပေါဋ္ဌိလလို့ ဆိုခြင်းဟာ ငါ့ကို ပြစ်တင်စကားနဲ့ ဆုံးမတာပဲ။ဟုတ်မှန်လို့ အကျိုးရှိစေဖို့ ဆုံးမတော်မူတာပဲ။ ငါဟာ အချည်းနှီးသောဆိုတဲ့ ဂုဏ်ပုဒ်ကို ရရှိလောက်အောင် ငါ့မှာ ဘာတွေများ အချည်းနှီးအလဟဿ ဖြစ်နေလို့လဲ။ ဘုရားရှင်က အမြဲတစေ ငါ့ကို အချည်းနှီးသော၊ အလကားဖြစ်သောလို့ ဆို၊ အပြစ်တင်တော်မူရအောင် ငါဘယ်နေရာတွေမှာ အချည်းနှီး ဖြစ်နေသလဲ... အလကား ဖြစ်နေသလဲ"

မိမိ၏ အဇ္ဈတ္တသန္တာန် တိုးဝင်ကြည့်လိုက်သည်။

"ငါဟာ ရဟန်းငါးရာတို့ရဲ့ ဂိုဏ်းကြီး တစ်ဆယ့်ရှစ်ဂိုဏ်းမှာ စာချပေးနေတဲ့သူ ဖြစ်တယ်။ ဒါဟာ အချည်းနှီးလား"

'ဟင့်အင်း... အချည်းနှီးမဟုတ်ဘူး' ဟူသော အသံက မိမိ၏ အတွင်းသန္တာန်မှပင် ပေါ်ပေါက်လာ၏။

"ငါဟာ ပိဋကသုံးပုံကို ဆောင်နိုင်သူ ဖြစ်တယ်။ ခက်ခဲနက်နဲတဲ့ ဝေါဟာရနဲ့ တရားဓမ္မတွေကို နည်းအမျိုးမျိုးနဲ့ ဖွင့်ပေးနိုင်သူဖြစ်တယ်။ ဒါဟာ အချည်းနှီးလား"

'အချည်းနှီး မဟုတ်ပါဘူး' အတွင်းမှ ဖြေသံ။

အရှင်ပေါဋ္ဌိလကြီး စိတ်လက်မအီမသာ ဖြစ်လာသည်။ ပိဋကတ် သုံးပုံဆောင် အဋ္ဌကထာ ဖွင့်ပြနိုင်သူ၊ ရဟန်းငါးရာတို့၏ ဂိုဏ်းတစ်ဆယ့်ရှစ်ဂိုဏ်းမှာ စာချပေးနေသူ ကိုယ့်ကိုကိုယ် ပြန်ကြည့်လိုက်တိုင်း ထိုဂုဏ်ပုဒ်များကိုသာ ထင်ရှားစွာ တွေ့နေရသည်။ အဲဒါတွေနဲ့ ပြည့်စုံသူ ငါ့ကို ဘုရားရှင်က 'အချည်းနှီး' လို့ ဆိုသတဲ့လား။

အတွေးတွေ ရှုပ်ထွေးလာသည်။ အမြင်တွေ နောက်ကျိလာသည်။

ဘုရားရှင်ဟာ အကျိုးစီးပွားနဲ့ယှဉ်သော စကားကိုသာ အမြဲဆိုတော်မူတယ်။ ဘုရားရှင်ဟာ မဟာကရုဏာနဲ့ သတ္တဝါတို့ကို ကယ်တင်တော်မူတယ်။ ဘုရားရှင်ဟာ ဆုံးမထိုက်သူကို ဆုံးမတော်မူတယ်။ ဘုရားရှင်ဟာ အကြောင်းမဲ့သက်သက် ငါ့ကို 'အချည်းနှီးသော ပေါဋ္ဌိလ' လို့ မိန့်တော်မူခြင်း မဖြစ်တန်ရာဘူး။ မဖြစ်နိုင်ဘူး။

ဒါဖြင့် ဘာကြောင့် ငါ့ကို 'အချည်းနှီးသော ပေါဋ္ဌိလ' လို့ ထပ်ခါထပ်ခါ ဆိုတော်မူသလဲ။ ငါဘယ်နေရာမှာ အချည်းနှီးဖြစ်နေသလဲ။ အလကား ဖြစ်နေသလဲ။ အသုံးမဝင် ဖြစ်နေသလဲ။ ငါဟာ အမှိုက်လား။ ငါဟာ ဆုံးမမရလို့ စွန့်ရမယ့်အရာလား။



Typing by Lucky82 (mmcybermedia.com)

ငါ့ရဲ့ ပိဋကသုံးပုံဆောင်နိုင်ခြင်း၊ အဋ္ဌကထာဖွင့်နိုင်ခြင်း၊ စာချနိုင်ခြင်းတွေဟာ အချည်းနှီးဖြစ်နေလေလား။ ဆင်ခြင်တယ်။ ပေါဋ္ဌိလ သုံးသပ်တယ်။ ပေါဋ္ဌိလ ဘုရားရှင်ရဲ့စကားကို အဖြေရှာတယ်။ ပေါဋ္ဌိလ...။

* * * *

ဘုရားရှင်အား ကြည်ညိုယုံကြည်ခြင်း၊ ဘုရားရှင်၏ တရားတော်များအား ကြည်ညို ယုံကြည်ခြင်း၊ မိမိ၏ ပညာမာနကို နှိမ့်ချပယ်ဖျောက်ခြင်းများဖြင့် အရှင် ပေါဋ္ဌိလကြီး သုံးသပ်သည်။

အို... တွေ့ပါပြီကော။

ငါဟာ ပိဋကသုံးပုံကို ဆောင်နိုင်သူဖြစ်တယ်။ သို့သော် နှုတ်နဲ့ မှတ်ဉာဏ်မှာသာ ဆောင်နိုင်သူ ဖြစ်တယ်။ ငါတတ်တဲ့ ပိဋကသုံးပုံကို မိမိ၏ ကိုယ်ကို မလိမ်းစေသူ ဖြစ်နေပါလား...။

ငါဟာ ပိဋကသုံးပုံကို အဋ္ဌကထာ ဖွင့်နိုင်သူ ဖြစ်တယ်။ သို့သော် နှုတ်နဲ့ မှတ်ဉာဏ်မှသာ ဖွင့်နိုင်သူဖြစ်တယ်။ ငါဖွင့်တဲ့ အဋ္ဌကထာနဲ့ မိမိ၏ ပိတ်ဖုံးမှုကို မဖွင့်နိုင်သူ ဖြစ်နေပါလား။

ငါဟာ ရဟန်းငါးရာတို့ရဲ့ ဂိုဏ်းတစ်ဆယ့်ရှစ်ဂိုဏ်းမှာ စာချပေးနိုင်သူ ဖြစ်တယ်။ ငါချပေးတဲ့စာနဲ့ မိမိ၏ အကျင့်စရဏကို မဆုံးမနိုင်သူ ဖြစ်နေပါလား။ အလို... ပေါဋ္ဌိလ... စင်စစ်မှာတော့ မင်းမှာ ရှာန် မဂ်ဖိုလ်တရားထူး မရှိပါလား။ အမှာသာတတ်ပြီး ငါ့မှာ မတတ်ပါလား။

* * * *

တောကျောင်းတွင် သီတင်းသုံးတော်မူနေသော ရဟန္တာ အပါးသုံးဆယ်တို့ထံ အရှင် ပေါဋ္ဌိလကြီး ချဉ်းကပ်ခဲ့လေသည်။ ထို့နောက် မိမိ၏ ပိဋကဆောင်၊ အဋ္ဌကထာဖွင့် စာချရက်များကို လုံးဝဖြုတ်ချကာ အကြီးဆုံးဖြစ်သော ရဟန္တာကိုယ်တော်ကြီးထံ လျှောက်ကြား၏။

"တပည့်တော်၏ မှီခိုရာ ဖြစ်တော်မူပါ ဘုရား"

ရဟန္တာ ကိုယ်တော်ကြီးက နောက်တစ်ပါး လွှဲအပ်လိုက်သည်။ နောက်တစ်ပါးထံ လျှောက်ကြားပြန်၏။ ဒုတိယရဟန်းက နောက်တစ်ပါးထံ လွှဲအပ်ပြန်သည်။ သို့ဖြင့် တစ်ပါးပြီး တစ်ပါး အဆင့်ဆင့် လွှဲအပ်ခြင်းခံရသော အရှင်ပေါဋ္ဌိလကြီးမှာ နောက်ဆုံးအပါးထံသို့ ရောက်သွား၏။

ထို နောက်ဆုံးအပါးကား ခုနစ်နှစ်အရွယ် ကိုရင်လေး ဖြစ်နေပေသည်။

စင်စစ် ရဟန္တာအရှင်မြတ်ကြီးများက အရှင်ပေါဋ္ဌိလကြီး၏ မာနကို တစ်စပြီး တစ်စ ခဝါချပေးနေခြင်း ဖြစ်သည်။ အရှင်ပေါဋ္ဌိလကြီးသည် ကင်းစင်ပြီးသော မာနရှိလျက် ခုနစ်နှစ်အရွယ် ရဟန္တာ ကိုရင်လေးထံ ချဉ်းကပ်လျှောက်ကြားသည်။

"သူတော်ကောင်း ပုဂ္ဂိုလ်လေး... တပည့်တော်ကို မှီခိုရာ ဖြစ်တော်မူပါ"

"အို... ဘယ်လိုပြောလိုက်တာလဲ။ အရှင်ဘုရားဟာ တပည့်တော်ထက် သက်တော် ဝါတော် ကြီးသူပါ။ များသော အကြားအမြင်နဲ့လည်း ပြည့်စုံသူပါ။ အရှင်ဘုရားထံမှပဲ တပည့်တော် သိစရာ လေ့လာစရာတွေ ရှိနေတာပါ"

ကိုရင်လေးက ဆို၏။

အရှင်ပေါဋ္ဌိလကြီး နောက်မဆုတ်တော့။

"သူတော်ကောင်း ပုဂ္ဂိုလ်လေး... ဒီလိုမလုပ်လိုက်ပါနဲ့။ တပည့်တော်ရဲ့ မှီခိုရာ ဖြစ်တော်မူပါ"

မှီခိုရာ ဖြစ်တော်မူပါ ဆိုသည့်စကားမှာ 'စင်စစ် တပည့်ခံပါရစေ။ ဆရာလုပ်ပါ' ဟု ပြောခြင်းဖြစ်သည်။

ကိုရင်လေးက အရှင်ပေါဋ္ဌိလကြီးကို တည်ငြိမ်စွာ ကြည့်ကာ ပြော၏။

"အရှင်ဘုရားရဲ့ မှီခိုရာ တပည့်တော်ဖြစ်စေလိုပါရင် တပည့်တော်ရဲ့ ဩဝါဒကို ခံယူ လိုက်နာနိုင်ရပါလိမ့်မယ်"

"တပည့်တော် အရှင့်ဩဝါဒကို ခံယူ လိုက်နာပါ့မယ်။ အရှင်က မီးတောက်မီးဖိုထဲ ဝင်ချေလို့ ပြောရင် တပည့်တော် ဝင်ပါ့မယ်"

ကိုရင်လေး ခေတ္တမျှ ငြိမ်သက်နေ၏။ ထို့နောက်မှ...

"မီးတောက်မီးဖိုထဲ ဝင်ချေလို့ တပည့်တော် မပြောပါ။ သို့သော် အခု ဝတ်ရုံထားတဲ့ သင်္ကန်းနဲ့ပဲ အရှင်ဘုရား ဟောဟို ရေကန်ထဲ ဆင်းပါ"

အရှင်ပေါဋ္ဌိလကြီး ဝတ်လာသည်မှာ တန်ဖိုးကြီးသော အကောင်းစား သင်္ကန်းများ ဖြစ်သည်။ အရှင်ပေါဋ္ဌိလကြီး ငြင်းဆန်လေမလား၊ ခံယူလေမလားကိုရင်လေးက စမ်းသပ်ကြည့်လိုက်ခြင်း ဖြစ်သည်။

အရှင်ပေါဋ္ဌိလကြီးက တစ်ချက်ကလေးမှ ဖင့်လွှဲ ဆုတ်ဆိုင်းခြင်း မရှိ။

ကိုရင်လေး စကားအဆုံးမှာပင် ရေကန်ထဲ ဆင်းလေသည်။ သို့သော် သင်္ကန်းအစွန်း ရေစိုရုံမျှသာ ရှိစေပြီး...

"အရှင်ဘုရား... ပြန်ကြွခဲ့ပါ" ဟု ကိုရင်လေးက ပြန်ခေါ်၏။ အရှင်ပေါဋ္ဌိလကြီး ပြန်လာကာ ကိုရင်လေးရှေ့မှောက် ရပ်တည်သည်။

ဩဝါဒကို ခံယူသည်မှာ ထင်ရှားသိသာပြီး တစ်ခွန်းတည်းသော စကားဖြင့်ပင် ထိုအမိန့်စကားအတိုင်း တည်သည်မှာ ထင်ရှားပြီး ကိုရင်လေးသည် အရှင်ပေါဋ္ဌိလကြီး၏ မှီခိုရာ (ဆရာ) ဖြစ်ပြီ။

ကိုရင်လေး မိန့်ကြားပို့ချလေသည်။ ဤ ပို့ချချက်ကား အရှင်ပေါဋ္ဌိလကြီး ရဟန်းငါးရာ ဂိုဏ်းတစ်ဆယ့်ရှစ်ဂိုဏ်းကို စာချခဲ့သော ပို့ချချက်မျိုး မဟုတ်။ အရှင်ပေါဋ္ဌိလကြီး ပိဋကသုံးပုံကို ဆောင်ကာ အဋ္ဌကထာ ဖွင့်သလိုမျိုး မဟုတ်။

ကိုရင်လေး၏ ပို့ချချက်ကား ကမ္မဋ္ဌာန်းတရား ပေးခြင်းပင် ဖြစ်သည်။ တစ်နည်းအားဖြင့် ကမ္မဋ္ဌာနအမှုကို ပြုခြင်း၏ တည်ရာ အမှုတည်းဟူသော အကြောင်းအကျိုးကို ပြုပြင်တတ်သော ဘာဝနာ၏ ဖြစ်ရာအာရုံအကြောင်းကို တိုက်ရိုက်ပြဆို ပို့ချပေးလိုက်ခြင်း ဖြစ်၏။ တစ်နည်းအားဖြင့် ဘယ်လိုသောအမှုကို ဘယ်နေရာ၌ ဘယ်လို အသုံးချရမည်ဟု ရှင်းလင်းစွာ သင်ကြားပေးလိုက်ခြင်း ပေတည်း။

ကိုရင်လေး ပေးသောကမ္မဋ္ဌာန်းကား...

"အရှင်ဘုရား... တောင်ပို့ကြီးတစ်ခု ရှိပါတယ်။ အပေါက်ခြောက်ခု ရှိပါတယ်။ တစ်ခုသော အပေါက်ကနေ ဖွတ်တစ်ကောင် ဝင်သွားတယ်။ ဒီဖွတ်ကို ဖမ်းလိုသူဟာ အပေါက်ငါးပေါက်ကို ပိတ်ပြီး ဆဌမမြောက်အပေါက် ဖွတ်ဝင်သွားတဲ့ အပေါက်ကို ဖောက်ခွဲလို့ ဖွတ်ကို ဖမ်းယူရတယ်။ မိပါတယ်။ အဲဒီလိုပါပဲ... အရှင်ဘုရားလည်း မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ခေါ်တဲ့ တံခါး ခြောက်ပေါက်မှာ ဝင်လာတဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့၊ သဘောအာရုံတွေထဲမှာ ကျန် ငါးပေါက်ကို ပိတ်၊ စိတ်တံခါးပေါက်မှာ အလုပ်လုပ်ပါ"

ပိဋကသုံးပုံဆောင် အရှင်ပေါဋ္ဌိလကြီး၏ ဉာဏ်တွင် ဆီမီးထွန်းလိုက်သလို အမှောင်ထုကြီး ပျောက်ကာ အလင်းပွင့်သွား၏။ ဤ ကမ္မဋ္ဌာန်းတရားမျှဖြင့်ပင် လင်းသွား၏။

"သူတော်ကောင်း ပုဂ္ဂိုလ်လေး ဤမျှလောက်ပဲ ရှိပါစေ"

ဟု အရှင်ပေါဋ္ဌိလကြီး လျှောက်ကာ သင့်ရာသို့ ခွာခဲ့သည်။

ထို့နောက် ကိုယ်၌ ဉာဏ်စိုက်လျက် ရဟန်းတရား အားထုတ်၏။

ထိုအချိန်ဝယ် ယူဇနာ တစ်ရာ့နစ်ဆယ်ကျော် ဝေးလံသောဒေသ၌ သီတင်းသုံး နေတော်မူသော ဘုရားရှင်သည် ထိုင်နေလျက်ကပင် အရှင်ပေါဋ္ဌိလထံသို့ ရောင်ခြည်တော် လွှတ်ကာ...

"ကမ္မဋ္ဌာန်းအားထုတ်လျှင် ဉာဏ်ဖြစ်၏။ အားမထုတ်လျှင် ဉာဏ်ပျက်၏။ ဉာဏ် တိုးပွားစေခြင်းငှာ မိမိကိုယ် မိမိ ဆောင်ရွက်ရာ၏"

ဟု ဟောတော်မူလေသည်။

ဘုရားရှင် ဒေသနာတော်အဆုံးမှာပင် အရှင်ပေါဋ္ဌိလ ရဟန္တာ ဖြစ်သွားလေသည်။

ဓမ္မဝိရ တည်းဟူသော တရားအရာ၌ ရဲရင့်မှုအပြည့် ရှိထားပြီးဖြစ်သည့် ရဟန္တာ ကိုရင်လေးသည် ရဟန်းကြီးကို ကမ္မဋ္ဌာန်း ပြပေးခဲ့၏။ အရှင်ပေါဋ္ဌိလကြီးကလည်း ပိဋကဆောင် ပညာရှင်ပီပီ ကိုရင်လေး၏ ကမ္မဋ္ဌာန်းကို ချက်ချင်းနားလည်ကာ အားထုတ်ပြီး ရဟန္တာ ဖြစ်သွားခဲ့၏။

ဘုရားရှင်၏ ဒေသနာတော်က အရှင်ပေါဋ္ဌိလ၏ ရဟန်းကိစ္စ ပြီးစီးခြင်းကို အဆုံးတိုင် ရောက်စေခဲ့၏။

ကမ္မဋ္ဌာန်းဆရာ ကိုရင်လေး၏ ကမ္မဋ္ဌာန်းတရားအတိုင်း အားထုတ်နိုင်ခဲ့သော အရှင်ပေါဋ္ဌိလသည် 'အချည်းနှီးသော ပေါဋ္ဌိလ' ဘယ်တော့မှ ပြန်မဖြစ်နိုင်တော့ချေ။

## နိဂြောဓသာမဏေ

သွေးအားနည်း လျော့နည်းလျက် ကိုယ်အဆင်းသာမက ခွန်အားပါ ယုတ်လျော့နေသည့် ရှင်ပစ္စေကဗုဒ္ဓါတစ်ပါးမှာ ဖျော့တော့သောဝေဒနာ နှိပ်စက်ခံနေရ၏။ ထို ပစ္စေကဗုဒ္ဓါအတွက် သီတင်းသုံးဖော်သုံးဖက်ဖြစ်သော အခြား ပစ္စေကဗုဒ္ဓါသည် ပျားရည်ဆွမ်းခံရန် မြို့တွင်း ဝင်လာခဲ့၏။ မြို့လမ်း တစ်နေရာတွင် ပစ္စေကဗုဒ္ဓါအား ရေခပ်ထွက်လာသော ကျွန်မိန်းမတစ်ယောက်က တွေ့မြင်လိုက်သည်။ အရှင်မြတ်၏ ကြည်ညိုဖွယ်ရာ ဣန္ဒြေကြောင့် ကျွန်မိန်းမသည် ပစ္စေကဗုဒ္ဓါနှင့် မနီးမဝေး သင့်မြတ်သောအရပ်သို့ ချဉ်းကပ်ကာ မေးလျှောက်သည်။

ပျားရည်ဆွမ်းခံရန် မြို့တွင်းဝင်လာသည်ကို သိရသောအခါ ကျွန်မိန်းမက -

"အရှင်ဘုရား... ဟိုဈေးထဲက အစွန်ဆုံးဆိုင်နားက ပျားရည်ရောင်းတဲ့ဆိုင်ပါဘုရား။ အရှင်ဘုရား အလိုရှိသမျှ ပျားရည်ကို အလှူခံ ရရှိနိုင်ပါလိမ့်မယ်ဘုရား"

ဟု လျှောက်လိုက်၏။



ပစ္စေကဗုဒ္ဓါ ဆွမ်းရပ်လာသည်ကို ဆိုင်ထဲမှ လှမ်းမြင်လိုက်သူကား ဆိုင်မှာထိုင်လျက် ပျားရည်ရောင်း တာဝန်ယူထားသော ညီအငယ်ဆုံး ဖြစ်ပေသည်။ ညီအငယ်ဆုံးမှာ သဒ္ဓါအားကြီးသူ ဖြစ်သည့်အလျောက် ပစ္စေကဗုဒ္ဓါအား မေးလျှောက်သည်။ ပျားရည်အလို့ငှာ ကြွရောက်လာကြောင်း သိရသောအခါ လွန်စွာ ဝမ်းမြောက်ကြည်နူးလျက် သပိတ်ကိုယူကာ သပိတ်အတွင်း ပြည့်လျှံသွားသည်အထိ ပျားရည်များ လောင်းလှူ၏။ သပိတ်နှုတ်ခမ်းမှ လျှံကျနေသည့် ပျားရည်များကို ကြည့်ရင်း သဒ္ဓါသည်လည်း ဖိတ်လျှံကျကာ ကြည်ညိုနှစ်ထောင်းကြီးစွာ ဖြစ်ပေါ်သွားသည်။ ထို့နောက် လှိုက်လှိုက်လှဲလှဲ တက်လာသော ကုသိုလ်စိတ်ဖြင့် ဆုတောင်းလိုက်သည်။

"အရှင်ဘုရား... ဤကောင်းမှုကြောင့် တပည့်တော်သည် ဇမ္ဗူမှာ အထက်ကောင်းကင် တစ်ယူဇနာ၊ အောက်မြေအပြင် တစ်ယူဇနာ အာဏာစက် ပျံ့နှံ့သော မင်းဧကရာဇ် ဖြစ်ရပါလို၏ ဘုရား"

ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည် သဗ္ဗညု ဘုရားရှင်များနယ် ပြုလုပ်ခြင်းငှာ မစွမ်း နိုင်ကြသော်လည်း ဂါထာနှစ်ပုဒ်ဖြင့် အနုမောဒနာ ချီးမြှင့်စမြဲ ဖြစ်လေသည်။

"ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပ မေဝသမိဇ္ဈတု။ သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ စန္ဒော ယန္နရသော ယထာ"

သင် လိုလားတောင့်တမှုသည် လျှင်မြန်စွာ ပြီးစီးပါစေ။ လဆန်း ဆယ့်ငါးရက်ပမာ သင့်ရဲ့ အကြံအစည် အလုံးစုံ ပြည့်ဝပါစေ။

"ဣစ္ဆိတံ ပတ္တိယံ တုယှံ၊ ခိပ္ပ မေဝသမိဇ္ဈတု။ သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ မဏိဇောတိရသော ယထာ"

သင်၏ လိုလားတောင့်တမှုသည် လျှင်မြန်စွာ ပြီးစီးပါစေ။ အလိုရှိရာ အားလုံးကို ပေးနိုင်သော ဇောတိရသ ပတ္တမြား ရတနာပမာ အကြံအစည်အားလုံး ပြည့်စုံကြပါစေ။

ပစ္စေကဗုဒ္ဓါ ပြန်ကြွသွားကာ ဂန္ဓမာဒနတောင်ရှိ ဝေဒနာခံစားနေရသူ ပစ္စေကဗုဒ္ဓါအား ပျားရည်ဖြင့် ကုသပေးလေသည်။

ထိုအချိန်မှာပင် အစ်ကိုကြီး၊ အစ်ကိုလတ်တို့ ပြန်ရောက်လာကြသည်။ သူတို့ တောထဲမှ ပျားရည်ကို ဆောင်ယူကာ ပြန်ရောက်လာကြခြင်း ဖြစ်၏။

"ကိုင်း... ညီထွေး၊ ဒီနေ့ ပျားရည်များ ရောင်းကောင်းရဲ့လား"

"အစ်ကိုတို့... ပျားရည်ဆိုင်က ပျားရည်ရောင်းတာ ရောင်းကောင်းခြင်း မကောင်းခြင်းဟာ ဘာမှ မထူးဆန်းပါဘူး။ ထူးခြားလှတဲ့ အဖြစ်တစ်ခု ဒီနေ့ ဖြစ်ပေါ်သွားခဲ့တယ်။ အဲဒီ ထူးခြားကောင်းမြတ်လှတဲ့ အဖြစ်ကို ကျွန်တော် ပြောပါရစေဦး"

"ဆိုစမ်း... တို့များ အကြီးနှစ်ယောက်က တောထဲ တောင်ထဲမှာ ပျားရည်သွားရှာရတာ ဆိုတော့ ဆိုင်မှာ ဘာဖြစ်ခဲ့လဲ မသိရဘူး။ ပြောစမ်း... ညီထွေး"

"အစ်ကိုတို့ စိတ်ကို အကြည်လင်ဆုံးထားပြီး ဝမ်းမြောက်နမော် သာဓုခေါ်ကြပါတော့။ စောစောကတွင်ပဲ အရှင်ပစ္စေကဗုဒ္ဓါတစ်ပါး ကြွလာပါတယ်။ ပျားရည်ဆွမ်းအတွက် ဆွမ်းခံ ကြွလာတာပါ။ ကျွန်တော် သပိတ်ထဲအပြည့်၊ အို... ပြည့်ရုံမက ဖိတ်လျှံကျတဲ့အထိ ပျားရည်



လောင်းလှူလိုက်ပါတယ်။ အဲဒီအလှူဟာ ကျွန်တော့်လက်နဲ့ လှူတာဖြစ်ပေမယ့် အစ်ကိုတို့ အလှူလည်း ဖြစ်ပါတယ်။ အဖို့ဘာဂကို အမျှဝေပါတယ်... သာဓုခေါ်ကြပါ"

ညီအငယ်ဆုံးက သဒ္ဒါစိတ်ဖြင့် ပြုပြီးဆဲ ဒါနကုသိုလ်အတွက် စေတနာယှဉ်ကာ ဝမ်းသာအားရ ပြောလိုက်၏။ သို့သော် သက်ရောက်မှု တုံ့ပြန်သော ရလဒ်မှာ ပြောင်းပြန် ဖြစ်သွားလေသည်။

အစ်ကိုအကြီးဆုံးက ပြောလိုက်၏။

"ဘယ်လို... ပျားရည်ကို လှူလိုက်တယ်။ ပစ္စေကဗုဒ္ဓါ ဟုတ်လား၊ ဟေ... ညီထွေးရဲ့ ခုနေခါမှာ ဒွန်းစဏ္ဍားတွေဟာလည်း သင်္ကန်းဝတ်ရုံပြီး အလှူခံထွက်ကြတာပဲကွ။ မင်းလှူလိုက်တာ အင်း... မင်းလှူလိုက်တဲ့ ပျားရည်ကို အလှူခံယူသွားတဲ့သူဟာ မင်းပြောသလို ပစ္စေကဗုဒ္ဓါမဟုတ်ဘဲ ဒွန်းစဏ္ဍားများ ဖြစ်လေမလား"

ပြင်းထန်သော အသုံးအနှုန်းများဖြင့် တုံ့ပြန်လိုက်သော အစ်ကိုကြီးစကားကြောင့် ညီအငယ်ဆုံး တုန်လှုပ် အံ့အားသင့်နေချိန်မှာ အစ်ကိုလတ်က ဝင်ပြောပြန်၏။

"ဟော့... ညီထွေး၊ တို့အစ်ကိုကြီးနှစ်ယောက်က တောထဲတောင်ထဲမှာ ပင်ပင်ပန်းပန်း ပျားရည်အရှာထွက်ရတယ်။ မင်းက ဆိုင်မှာထိုင်... ပျားရည်ရောင်းရုံပဲ။ ရှိပါစေတော့... ဒါ ကြီးစဉ်ငယ်လိုက်အရ တို့ညီအစ်ကိုသုံးယောက် အလုပ်တာဝန် ခွဲဝေထားတာ... တို့ပင်ပန်းသလို မင်းလည်း ပင်ပန်းတာပဲ။ အေး... အဲဒီလို ရှာတဲ့သူက ရှာ... ဆိုင်ခင်းကျင်းပြီး ရောင်းသူက ရောင်းနဲ့... မနည်းကြီး ရင်းထားရတဲ့ ပျားရည်ကို မင်းက ပစ္စေကဗုဒ္ဓါပဲ ဆိုပြီး လောင်းလှူလိုက်သတဲ့လား။ အေး... မင်းရဲ့ ပစ္စေကဗုဒ္ဓါကို သမုဒ္ဒရာရဲ့ ဟိုဘက်ကမ်း ပစ်ချလိုက်ပါလား"

ညီအငယ်ဆုံးသည် မိမိ၏ အလှူအတွက် ကုသိုလ်ဝေမျှ ရယူကြမည့်အစား နှုတ်ထွက်ကြမ်းကြမ်းဖြင့် ပြောဆိုလိုက်ကြသော အစ်ကိုနှစ်ယောက် စကားများကြောင့် စိတ်ထိခိုက်သွား၏။ သို့သော် အစ်ကိုများ အပြစ်မဖြစ်စေရန် အစ်ကိုများ၏ လွဲမှားနေမှုကို တည့်မတ်ပေးမည်ဟု ဆုံးဖြတ်လိုက်သည်။

"အစ်ကိုတို့... အလှူဆိုတာ အလွန်မြတ်ပါတယ်။ အစ်ကိုတို့က ပိုသိပါတယ်။ လှူဒါန်းခြင်းဟာ မိမိပိုင်ဆိုင်တဲ့ ပစ္စည်းဝတ္ထုအပေါ်မှာ တွယ်တာကပ်ငြိခြင်းကို ဖယ်ရှားခြင်း ဖြစ်ပါတယ်။ အတ္တကို လျော့ပါးစေပါတယ်။ ထို့အပြင် အလှူခံပုဂ္ဂိုလ်ရဲ့ လိုအပ်မှုကို ဖြည့်စွမ်းခြင်း ဖြစ်တဲ့အတွက် ပရအကျိုးကို ဆောင်ရွက်ခြင်းလည်း ဖြစ်ပါတယ်။

ဒွန်စဏ္ဍားပင် ဖြစ်စေဦး၊ သူ့လိုအပ်ချက်ဖြစ်တဲ့အတွက် မိမိကြောင့် သူတစ်ပါး ချမ်းသာသွားပါတယ်။ ပြီးတော့ အခု ကျွန်တော် ပျားရည်လောင်းလှူလိုက်တာဟာလည်း အကယ်ပင် အရှင်ပစ္စေကဗုဒ္ဓါပါ။ အနမောဒနာ နှစ်ဂါထာနဲ့ ဆုပေးသွားပါတယ်။ အစ်ကိုတို့ သဒ္ဓါတရား ခေါင်းပါးသူများ မဟုတ်ပါဘူး။ အခုဟာက အစ်ကိုတို့ တောထဲကပြန်ရောက်လာကာစ မောမောပန်းပန်း ဖြစ်နေလို့ စိတ်တိုနေကြတာ ဖြစ်မှာပါ။ အလှူဒါနအတွက် အစ်ကိုတို့ သာဓု ခေါ်ရမှာပါ။ ကြည်နူးပီတိ ဖြစ်ရမှာပါ"

ထိုအချိန်မှာပင် ရေခပ်ပြန်လာသော ကျွန်မိန်းမ ရောက်လာသည်။ ကျွန်မိန်းမသည် ညီအစ်ကိုတို့၏ စကားဝိုင်းထဲ မဝင်ရဲသဖြင့် အသာအယာ နားထောင်နေလိုက်၏။

အစ်ကိုနှစ်ယောက်ကား တောထဲ တောင်ထဲတွင် ပျားရည်ကို ခက်ခဲပင်ပန်းစွာ ရှာဖွေရသူများ ဖြစ်သဖြင့် လုပ်ငန်းအလျောက် နှုတ်ကြမ်း ကိုယ်ကြမ်းသမားများ ဖြစ်စေကာမူ စိတ်နှလုံး ဆိုးယုတ်သူများမဟုတ်။ လှူဒါန်းပေးကမ်းခြင်း၌ တွန့်တိုပိတ်ပင်ကြသူများ မဟုတ်။ ထို့ပြင် ညီထွေး၏ အခိုင်အမာ ပြန်လှန်ရှင်းပြသော စကားများကို ကြားရသည်တွင် မိမိတို့ အမှားကို ချက်ချင်း သိမြင်သွားကြ၏။

"အေး... တို့များ နှုတ်ထွက်ဆိုးသွားသကွယ်။ မင်းစကားကိုလည်း တို့ယုံပါပြီ။ ကိုင်း... တို့ညီအစ်ကို သုံးယောက် ပြုပြီးသော အလှူအတွက် ဝမ်းမြောက်ပီတိရှိကြစို့။ သဒ္ဓါနဲ့ ကောင်းစွာ နေကြစို့"

ညီအစ်ကိုများ၏ စကားဝိုင်းထဲ မဝင်ရဲဘဲ ပုန်းအောင်းနားထောင်နေသော ကျွန်မိန်းမသည်လည်း မိမိ၏ ပါဝင်ပတ်သက်မှုကို ဆင်ခြင်ကြည့်လိုက်၏။ ပျားရည် အလှူခံထွက်သော ပစ္စေကဗုဒ္ဓါအား ဤအိမ်သို့ ကြွနိုင်အောင် ညွှန်ပြခဲ့သူမှာ မိမိပင် ဖြစ်သည်။ ယခု ပျားရည် လောင်းလှူလိုက်သော ညီအငယ်ဆုံးက သူ့ဆုတောင်းစကားကို ပြန်ပြောနေသံ ကြားလိုက်၏။

"ကျွန်တော်တော့လေ ဤကုသိုလ်ကြောင့် ဇမ္ဗူဒိပ်မှာ အထက်ကောင်းကင် တစ်ယူဇနာ၊ အောက်မြေပြင် တစ်ယူဇနာ အာဏာစက်ပျံ့နှံ့သော မင်းဧကရာဇ် ဖြစ်ရပါလို၏ လို့ ဆုတောင်းလိုက်တယ်"

အစ်ကိုကြီးနှစ်ယောက် ငြိမ်သက်နေ၏။

ကျွန်မိန်းမသည် ဤဒါနအမှု၌ မိမိပါဝင်ခဲ့မှုကို ပီတိဖြင့် ပြန်လည်အောက်မေ့ရင်း ဆုတောင်းလိုက်လေသည်။

"ပျားရည်လှူသူ ညီအငယ်ဆုံး မင်းကေရာဇ် ဖြစ်ချိန်မှာ မိဘုရားခေါင်ကြီး ဖြစ်ရပါလို၏"

နောင်အခါ ညီအငယ်ဆုံးက အသောကမင်း အဖြစ်...

ကျွန်မသည် ရုပ်အဆင်း လွန်စွာတင့်တယ်သော အသန္ဓိမိတ္တာ မိဘုရားခေါင်ကြီး အဖြစ်၊ သမုဒ္ဒရာတစ်ဖက်ကမ်းသို့ ပစ်ချလိုက်ပါလားဟု ပြောခဲ့သော အစ်ကိုလတ်က သီရိလင်္ကာကျွန်းတွင် ဒေဝါနံပိယတိဿမင်း အဖြစ်၊ ဒွန်းစဏ္ဍားဟု ပြောခဲ့သော အစ်ကိုအကြီးဆုံးကား ဒွန်းစဏ္ဍားရွာတွင် မွေးဖွားကြီးပြင်းခဲ့ရသော 'နိဂြောဓ' အဖြစ် အသီးသီး ရောက်ရှိ ဖြစ်တည်ခဲ့ကြလေသည်။

*　　*　　*　　*

အဝန္တိတိုင်းကို အစိုးရခဲ့သော အသောကမင်းသားသည် ခမည်းတော် ဗိန္ဒုသာရမင်းက စေလွှတ်သဖြင့် ဝေဒိသမြို့သို့ ရောက်ခဲ့၏။ ထိုမြို့မှ သူဌေးသမီးကို ကောက်ယူ၍ ဥဇ္ဇေနီမင်းနေပြည်တော်ကို အုပ်ချုပ်စိုးစံခဲ့သည်။ သားတော် မဟိန္ဒနှင့် သမီးတော် သင်္ဃမိတ္တာတို့ ဖွားမြင်ပြီးနောက် ခမည်းတော် ဗိန္ဒုသာရမင်း နာမကျန်းဖြစ်သဖြင့် ဥဇ္ဇေနီကို စွန့်ခွာကာ ပါဋလိပုတ်သို့ သွားကာ ခမည်းတော် လွန်သောအခါ ထီးနန်းကို ရယူသိမ်းပိုက်လိုက်သည်။

အသောကမင်း၏ နောင်တော်ဖြစ်သော သုမနမင်းသားသည် ကျန်ညီနောင် ကိုးဆယ့်ရှစ်ယောက်ကို စုရုံးခေါ်ဆောင်ကာ ထောင်ထားခြားနား လေသည်။ အသောမင်း၏ လက်ချက်ဖြင့် သုမနမင်းသား ကျဆုံးခဲ့၏။ ထိုအချိန်၌ သုမနမင်းသား၏ မိဖုရား သုမနာဒေဝီ၌ ကိုယ်ဝန်အရင့်အမာ ရှိနေပြီ ဖြစ်လေသည်။ စစ်ရှုံး၏ ကြင်ယာတော် သုမနာဒေဝီသည် သူဆင်းရဲမိန်းမ အသွင်ဖြင့် လွတ်မြောက်ရာသို့ ထွက်ပြေးခဲ့သည်။ အနီးဆုံးနှင့် အလုံခြုံဆုံးဖြစ်သော ဒွန်းစဏ္ဍားရွာ တစ်ရွာသို့ ရောက်ခဲ့သည်။ ရွာအနီးရှိ ညောင်ပင်အောက်၊ ဇရပ်တစ်ဆောင်မှာ နားနေရင်းပင် ကမ္မဇလေလှုပ်ပြီး သားယောင်္ကျားလေး ဖွားမြင်သည်။ ပညောင်ပင်အောက်၌ မွေးသည်ဖြစ်၍ အမည်ကို 'နိဂြောဓ' ဟု မှည့်ခေါ်လိုက်လေသည်။ သုမနာဒေဝီသည် ဒွန်းစဏ္ဍားရွာ အကြီးအကဲ၏ စောင့်ရှောက်မှုကို ရရှိခဲ့၏။ ထို့အတူ ဘုရင့်သွေးသား ဖြစ်ပါလျက် အကြောင်းမလှရှာသော နိဂြောဓကိုလည်း အထူးပင် ကြင်နာစွာ စောင့်ရှောက်ခဲ့သည်။ ဤသို့ဖြင့် သုမနာဒေဝီသည် ဒွန်းစဏ္ဍားရွာမှာပင် ခုနစ်နှစ် ကြာသွားသည်။ နိဂြောဓသူငယ်လည်း ခုနစ်နှစ်သားအရွယ် ရောက်လာသည်။ မဟာဝရုဏ ဘွဲ့အမည်ရှိ ရဟန္တာ ထေရ်တစ်ပါးက နိဂြောဓကို သာမဏေပြုပေးလိုက်၏။ သာမဏေပြုရန် ဦးဆံရိတ်စဉ်မှာပင် တစပဉ္စက ကမ္မဋ္ဌာန်း စီးဖြန်းလျက် နိဂြောဓသာမဏေသည် ရဟန္တာ ဖြစ်သွားလေသည်။

*　　*　　*　　*

နိဂြောဓ သာမဏေသည် မယ်တော်၏ အိမ်သို့ နေ့စဉ် ဆွမ်းခံကြွမြဲ ဖြစ်၏။ နံနက်လင်းသည့်အခါ ဆရာ ရဟန်းတော်များအား ဝတ်ပြုလုပ်ကျွေးကာ သပိတ်၊ သင်္ကန်းပြင်လျက် ဆွမ်းခံထွက်သည်။ နိဂြောဓသာမဏေ၏ ဆွမ်းခံအစဉ်ခရီးမှာ မြို့တော်ဘက်မှ လာခဲ့ပြီး မင်းရင်ပြင်ကို ဖြတ်ကာ မြို့အရှေ့ခြမ်းဘက်၌ ရှိသည့် မယ်တော်၏အိမ်သို့ ဝင်သောခရီး ဖြစ်သည်။ ထိုသို့ နိဂြောဓသာမဏေ ဆွမ်းခံကြွသည့် တစ်ခုသော နေ့... ထိုနေ့ တစ်နေ့...

ခမည်းတော် ဗိန္ဒုသာရမင်းကြီး နတ်ရွာစံပြီးနောက် အခြားသားတော်များကို ကျော်ဖြတ်ကာ ရာဇဝံသအရိုးကို ဖောက်ထွက်လျက် ထီးနန်းကို အရယူခဲ့သည့် အသောကမင်း၏ လက်သည် ညီတော်၊ နောင်တော်တို့၏ သွေးများဖြင့် စွန်းပေနေသောလက် ဖြစ်လေသည်။

မင်းကြီး၏ တိုင်းပြည်၌ အယူဝါဒ အမျိုးမျိုးတို့သည် ထွန်းကားနေ၏။ ဗြာဟ္မဏဝါဒလည်း ရှိသည်။ သင်္ကန်းရောင် ပုဆိုးဝတ်ထားသည့် ပဏ္ဍရင်္ဂတိတ္ထိတို့လည်း ရှိသည်။ ပရိဗ္ဗာဇက တိတ္ထိတို့လည်း ရှိသည်။ နိဂဏ္ဍာတို့လည်း တန်ခိုးထွားနေကြသည်။ နိတ္ထိက ဝါဒလည်း တွင်ကျယ်နေသည်။ မင်းကြီးသည် ထိုဝါဒအမျိုးမျိုးတို့ဖြင့် ထွေပြားဝေဝါးနေသည်။ စိတ်အလိုမကျ ဖြစ်နေသည်။

ထိုနေ့က အသောကမင်းသည် ခြသေ့်ခံလေသော နန်းတံခါးကို လှပ်၍ အပြင်သို့ လှမ်းမျှော်ကြည့်ရင်း ပျံ့လွင့်သောစိတ်ကို လွှတ်ပေးထားမိနေသည်။ လွင့်နေသောစိတ်ကို ထိန်းချုပ်ဖို့ မကြိုးစားဘဲ တမင် လွှတ်ပေးထားသောကြောင့် အသောကမင်း၏ စိတ်အစဥ်သည် လေပွေထဲမှ လဲမှို့တစ်ခုနှယ် ဖြစ်နေသည်။ ထိုလဲမှို့သည် ထိချင်ရာထိ၊ ကပ်ချင်ရာကပ်၊ လွင့်ချင်သလိုလွင့်ကာ လမ်းကြောင်းမဲ့ ဦးတည်ရာမဲ့ ဖြစ်နေသည်။ မင်းကြီး၏အတွေးများက ပြီးခဲ့သော စစ်ပွဲများဆီသို့လည်း ရောက်သည်။ ပါဋလိပုတ် ထီးနန်းကို မိမိ သိမ်းပိုက်ရရှိခဲ့ခြင်း ဖြစ်ရပ်များဆီသို့လည်း အတွေးရောက်သည်။ ခမ်းနားကြီးကျယ်သော နန်းတော်ကြီးထဲတွင် ဝင်ရောက်ခစားသူများ၊ ဝင်ထွက်သွားလာသူများ...။ ဒုစရိုက် ဆယ်ပါးကို ရှောင်ကြဥ်ရုံဖြင့် ငြိမ်းမြောက်ပြီဟု အယူအဆရှိသူ ပရိဗ္ဗာဇက တိတ္ထိများ၊ အဝတ်မဆီး အချည်းနီးနေကြသော အစေလက တိတ္ထိဆရာများ၊ ကိလေသာ အနှောင်အဖွဲ့မှ ငါတို့လွတ်ပြီဖြစ်၍ ငါတို့ ရဟန္တာဖြစ်ပြီဟု ကြွေးကြော်သော နိဂဏ္ဍာများ၊ ငါတို့ ကျူးလွန်သမျှ မကောင်းမှုဟူသမျှကို ငါတို့ကိုးကွယ်သည့် ထာဝရဘုရားသခင်က ငါတို့ကိုယ်စား ခံယူသည်ဟူသော ဝါဒကို စွဲကိုင်ထားသည့် နိတ္ထိက ဝါဒီများ...။

ခမည်းတော် ဗိန္ဒုသာရမင်းကြီး လက်ထက်ကတည်းက ချမှတ်ထားသော သဘောတရားကို အသောကမင်း ဆက်လက်ကျင့်သုံးခဲ့ရာ ထိုသဘောတရားမှာ ပါဋလိပုတ်ပြည် အတွင်းရှိသည့် အယူဝါဒအားလုံးကို လွတ်လပ်ခွင့်ပေးထားသော သဘောတရား ဖြစ်သည်။ မည်သူမဆို မိမိတို့ နှစ်သက်သည့် ဘာသာ အယူဝါဒကို ကိုးကွယ်ခွင့်ရှိသည်။ မင်းကြီး ကိုယ်တိုင်ကလည်း ထိုထိုသော အယူဝါဒ ဆရာကြီးများကို ထောက်ပံ့ပေးကမ်း လှူဒါန်းထားသည်။ သို့သော်...

အသောကမင်းကြီး၏ စိတ်သန္တာန်တွင်းသို့ မည်သည့်အယူဝါဒမျှ စွဲဝင်ကိန်းအောင်းခြင်း မရှိ၊ မင်းကြီး၏ ယုံကြည်သက်ဝင်မှုကို မည်သည့်ဝါဒမျှ ဆွဲဆောင်သိမ်းသွင်းနိုင်ခြင်း မရှိ။ အယူဝါဒ တစ်ခုခု၌ ယုံကြည်သက်ဝင်ဖို့ ထားဘိဦး၊ ထိုအယူဝါဒရှင်တို့၏ ဥပဓိ လက္ခဏာ အသွင်အပြင်များကိုပင် မင်းကြီး အလိုမကျ ဖြစ်နေသည်။ ရသေ့ရဟန်း မပီသ၊ ဗြာဟ္မဏ မပီသဟု မင်းကြီး မြင်သည်။ လျှပ်ပေါ်လော်လည်ပြီး ဣန္ဒြေတို့မှ ချွတ်ယွင်းနေကြသည်ဟု မြင်သည်။ထို့ကြောင့် တိတ္ထိဆရာကြီးများနှင့် ပတ်သတ်ပြီး အသောကသည် ပုဂ္ဂိုလ်လည်း မခင် တရားလည်း မမင် ဖြစ်နေလေသည်။

မင်းကြီးသည် စိတ်ထဲမှာ ပင့်သက် အခါခါရှိုက်၍ အကြိမ်ကြိမ် ညည်းတွားမိနေသည်။ လူသားတစ်ဦး၊ ရှင်ဘုရင်တစ်ပါးအတွက် ဆောက်တည်ရာ ဟူသည်မှာ အဘယ်နည်း။ ပါဋလိပုတ်နှင့် တကွသော ရေမြေတောတောင် စည်းစိမ်ဥစ္စာတို့ကို စိုးမိုးပိုင်ဆိုင်ထားသော ဘဝ၊ လူတွေ၏ သက်ဦးဆံပိုင် အရှင်သခင်ဘဝတွင် လေးနက်ပြည့်ဝသော ဘဝအဓိပ္ပာယ် ဟူသည်မှာ အဘယ်နည်း။ မိမိရှေ့မှောက်တွင် လူများစွာတို့ ဒူးထောက်ခစားကြရင်း ထိုသူတို့သည် မိမိအား သူတို့၏ နားခိုရာအဖြစ် အမှီသဟဲပြုကြသည်။ မိမိကိုယ်တိုင်ကတော့ မည်သည့်အရာထံတွင် နားခိုရာအဖြစ် အမှီသဟဲ ပြုရမည်နည်း။ တိတ္ထိဆရာကြီးများလော၊ နတ်ဒေဝတာများလော၊

တန်ခိုးရှင် တစ်ပါးပါးလော။ မည်သူ့ကိုမျှ မတွေ့။ ယောက်ယက်ခတ်နေသော မိမိ၏ အတွေးစဉ် အမျှင်တန်းတို့ကို သပ်ရပ်ပြေပြစ်အောင် ထုံးဖွဲ့ချည်နှောင်ပေးမည့် အရာသည် အဘယ်နည်း။

ထိုအတွေးများဖြင့် အသောကမင်းသည် လေသာနန်းတံခါးအပြင် ရှုခင်းဆီသို့ ငေးမောနေခိုက်မှာပင် မြင်ကွင်းအာရုံအတွင်းသို့ တစ်စုံတစ်ယောက်သော သင်္ကန်း ဝင်ရောက်လာ၏။ ညင်သာ၍ မှန်မှန်ရွေ့လျားနေသော သင်္ကန်း၊ မနေးလွန်း မမြန်လွန်းသော ခြေလှမ်းများက ယိမ်းယိုင်ကွေ့ကောက်ခြင်း မရှိ၊ အစိပ်အကျဲ ညီမျှစွာ လှမ်းကြွနေကြသည်။ မည်းနက်သော သပိတ်တစ်လုံးကို ပိုက်ထားပြီး ဝတ်ရုံထားသော သင်္ကန်းများ၏ အရောင်သည်လည်း ငြိမ်သက်စွာ တောက်ပနေသည်။ ထိုသို့ မြင်လိုက်ရ တစ်ခဏမှာပင် အသောကမင်းသည် အတွေးစကားများဖြင့် မိမိကိုယ် မိမိ ပြောဖြစ်သွားသည်။

“ဒီနန်းရင်ပြင်မှာ ဝင်ထွက်သွားလာနေကြသူတွေ အားလုံးနဲ့မတူ တစ်မူထူးခြားနေပါလား။ ငါ နေ့စဉ် မြင်တွေ့နေရသူတွေကတော့ မငြိမ်မသက် ယောက်ယက်ခပ် နေကြတယ်။ ဣန္ဒြေ စောင့်စည်းခြင်း မရှိဘူး။ ကြောက်လန့် တုန်လှုပ်နေတဲ့ သမင်တွေလိုပဲ၊ အစာအတွက် ရှင်သန်မှု အတွက် အမြဲပဲ ထိတ်ထိတ်ပျာပျာ ဖြစ်နေကြတယ်။ အခု ဟိုမှာ မြင်နေရတဲ့ သူ၊ အင်း... သူငယ်လေးပါလား။ ကလေးငယ်ပါလား...။ သာမဏေလေး...။ သူကတော့ တည်ငြိမ်လိုက်တာ။ ခြေလှမ်းပုံကအစ သပ်ရပ် တိကျလိုက်တာ။ သူဟာ အသွင်သဏ္ဍာန် တည်ငြိမ်ခိုင်ခံ့သလို အတွင်း စိတ်သန္တာန်မှာ ရှင်သန် မြဲမြံပေမှာပဲ”

အသောကမင်းသည် စိတ်မြန်ကိုယ်မြန် သဘာဝရှိသူ ဖြစ်သည်။ လိုချင်သောအရာကို ချက်ချင်း ရယူပိုင်ဆိုင်ရမှ ကျေနပ်သည်။ ထို့ကြောင့်...

“ဟေ့... အမတ်တစ်ယောက် လာစမ်း။ ဟောဟိုမှာ နန်းရင်ပြင်ကို ဖြတ်ပြီး အရှေ့ဘက်ကို သွားနေတဲ့ သာမဏေငယ်လေး တွေ့လား။ သွား... သူ မြို့တံခါးအပြင်ဘက် မရောက်ခင် လိုက်ပင့်ပြီး ဒီကိုကြွလာဖို့ ပြောစမ်း... မြန်မြန်သွား”

အမတ်သည် လျှင်မြန်စွာ ထွက်ခွာသွားသည်။

ခါတိုင်းထက် ပိုပြီး စိတ်မြန်လက်မြန် ဖြစ်နေသော အသောကမင်းသည် ထိုပထမအမတ် သွားနေစဉ်မှာပင် နောက်ထပ် အမတ်တစ်ဦးကို ခေါ်၍ လွှတ်ပြန်သည်။ထို့နောက် မကြာသင့်ဘဲ ကြာနေသည်ဟုဆိုကာ တတိယအမတ်ကို လွှတ်ပြန်သည်။ နောက်ထပ် အမတ်တစ်ယောက် နှစ်ယောက် သုံးယောက်...။

“မြန်မြန်ပင့်ခဲ့၊ မြန်မြန်ကြွလာဖို့ ပြော...”

* * * *

နိဂြောဓသာမဏေကား နောက်မှ အမတ်များ ခြံရံလိုက်ပါလျက် ပုံမှန် လှမ်းကြွနေကျ ခြေလှမ်းများဖြင့်သာ အေးဆေးတည်ငြိမ်စွာ လျှောက်လာသည်။ အသောက မင်းကြီးသည် သာမဏေငယ် နန်းတော်မုခ်သို့ ရောက်သည်အထိ လေသာနန်းတံခါးမှ စောင့်ကြည့်ပြီးနောက် တံခါးမှ ခွာလျက် နန်းဆောင်ထဲ ဝင်လိုက်သည်။ ဘုရင်မင်းမြတ် နန်းဆောင်ထဲ ရောက်နေပြီး အသင့်စောင့်နေပြီဟု သတင်းရသော အမတ်တို့သည်လည်း သာမဏေကို ညီလာခံ နန်းတော်အထိ ပင့်လာကြသည်။

နိဂြောဓ သာမဏေ ညီလာခံ နန်းဆောင်ထဲ ရောက်လာသည်။

အမတ်များ နန်းကြမ်းပြင်ပေါ်၌ အသီးသီး ခစားနေရာယူလိုက်ကြသည်။ အသောကမင်းက သာမဏေငယ်ကို နှစ်လိုစွာ ကြည့်ရင်း...

"သင့်တော်လျောက်ပတ်ရာ နေရာကို သိပြီး ထိုင်ပါ"

ဟု ပြောလိုက်သည်။

နိဂြောဓသာမဏေက နှစ်ထောင့်ထွာ အရပ်ကိုသာ ကြည့်သော စက္ခုန္ဒြေကို အသာအယာ ပင့်ရင်း နန်းတော်ကို တည်ငြိမ်စွာ အကဲခတ်လိုက်သည်။ နန်းတော်ကြမ်းပြင်တွင် ပျပ်ဝပ် ခစားနေကြသော အမတ်များ၊ မိမိ အနား၌ ရပ်နေသော အသောကမင်း။ ထို့နောက် ကြမ်းပြင်ပေါ်တွင် စီရရီ ခင်းဖြန့်ထားသော ကတ္တီပါဖုံများ။ ထို့နောက် ထီးဖြူ အုပ်မိုးထားသော ရာဇပလ္လင်၊ ထိုပလ္လင်ထက်တွင် မည်သူမျှ မရှိ။

သာမဏေလေး မည်သည့်နေရာတွင် နေရာယူမည်ကို စောင့်ကြည့် အကဲခတ်နေသော အသောကမင်းသည် မမျှော်လင့်သော အခြင်းအရာတစ်ခုကို ကြုံလိုက်ရ၏။ ယင်းကား သာမဏေက သပိတ်ကို မိမိထံသို့ ကမ်း၍ လှမ်းပေးနေခြင်းပင် ဖြစ်သည်။ မင်းကြီးသည် သပိတ်ကို လှမ်းယူ ပိုက်ထားလိုက်ရသည်။ ထို့နောက်...

နိဂြောဓသာမဏေသည် ဆုတ်ဆိုင်းတုံ့နှေးခြင်း အလျဉ်းကင်းသော ခြေလှမ်းများဖြင့် ပလ္လင်ဆီသို့ လျှောက်သွားကာ ရာဇပလ္လင်ပေါ်သို့ တက်၍ ထက်ဝယ်ဖွဲ့ခွေ နေရာယူလိုက်သည်။ အမတ်များအားလုံး ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြသည်။ မဂဓနိုင်ငံတော်၏ အရှင်သခင် ဘုရင်မင်းမြတ် တစ်ပါးတည်းအတွက်သာ ဖြစ်သော ရာဇပလ္လင်ထက်တွင် အသောကမင်းကြီး မှတစ်ပါး မည်သူမျှ ထိုင်ခွင့်မရှိ၊ ဤသို့ တက်ထိုင်သူသည် မင်းကြီး၏ အာဏာစက်ကို ဖီဆန်သူ၊ စိန်ခေါ်သူသာ ဖြစ်ပေသည်။

ထို့ကြောင့် ရာဇအာဏာကို တစ်ဖက်စွန်းမှ ဆွဲကိုင်လှုပ်ယမ်းသော သာမဏေငယ်အား မင်းကြီး ဘယ်သို့ ပြုမူလေမလဲဟု ထိတ်လန့်စွာ ကြည့်နေကြသည်။ အမျက်မာန်ကြီးတတ်သော အသောကမင်းသည် သန်လျက်ဓားကို ဆွဲယူလိုက်မည်လား။ သို့မဟုတ် စစ်သည် ရဲမက်များကို ဆင့်ခေါ်လိုက်လေမလား။

အမတ်အားလုံး အံ့အားသင့်ကာ ငေးငိုင်မင်တက် ဖြစ်သွားကြသည်။

မင်းကြီးသည် သာမဏေငယ် ကမ်းပေးထားသော သပိတ်ကို ပိုက်ထားလျက်သားပင် ကျေနပ်အားရစွာ သာမဏေကို ကြည့်နေသည်။ မင်းကြီး၏ မျက်လုံးအစုံတွင် အမျက် တစိုးတစိ မရှိရုံမက နှစ်သက်ကြည်နူးသော မျက်ဝန်းရည်ကြည်များပင် ဝန်းဖွဲ့နေသည် ထင်ရ၏။

အသောကမင်းကား ကြည်နူးခြင်းများဖြင့် စိတ်ထဲမှ ရေရွတ်လိုက်သည်။

"ဒီနေ့ပဲ ဒီသာမဏေလေးဟာ မဂဓသခင်ကို သိမ်းပိုက်တော့မယ်... သာမဏေလေး ထိုင်လိုက်ခြင်းအားဖြင့် အသောကရဲ့ ရာဇပလ္လင်ဟာ ပိုပြီး ဘုန်းအာဏာ တောက်ပတော့မယ်"

အသောကမင်းက သပိတ်အဖုံးကို ဖွင့်၍ အမတ်များဘက်သို့ တစ်ချက်လှည့်ကာ မျက်ရိပ်ပြလိုက်သည်။ မိမိတို့ အရှင်သခင်၏ အရိပ်အကဲကို အမြဲသိနေကြသော အမတ်များလည်း ချက်ချင်းပင် နားလည်သွားကြသည်။

မကြာမီမှာပင် သပိတ်ထဲ၌ ဆွမ်းဘောဇဉ်များ လောင်းထည့်ပြီး ဖြစ်သွား၏။ မင်းကြီးက ဆွမ်းဘောဇဉ်များနှင့်တကွသော သပိတ်ကို ပလ္လင်ထက်ရှိ သာမဏေငယ်လက်သို့ ကပ်သည်။ သာမဏေက ကြန္ဒြေကြီးရင့်စွာ လှမ်းလင့်လက်ခံသည်။ ထို့နောက် ညီလာခံ နန်းတော်အလယ် ရာဇပလ္လင်ထက် ဘုရင်နှင့်တကွ မှူးမတ်များ စုံညီရှိနေကြသည့် အခင်းအကျင်းဝယ် သာမဏေငယ်သည် ထိုအရာများ မရှိသကဲ့သို့ပင် တောရိပ်တောင်ရိပ် သစ်ပင်အောက် မိမိ တစ်ပါးတည်း ရှိနေသကဲ့သို့ သပိတ်ထဲမှ ဆွမ်းကို ရင့်ကျက်စွာ တည်ငြိမ်စွာ ဘုဉ်းပေးလေသည်။ မျှတရုံလောက်သော ဆွမ်းကိစ္စအဝဝ ပြီးသောအခါ သာမဏေငယ်သည် စက္ခုန္ဒြေကို ဖြစ်စေလျက် ငြိမ်သက်စွာပင် ထိုင်နေ၏။

အသောကမင်းကြီးသည် လျောက်ပတ်သော နေရာကို ယူလျက် စမေးလေသည်။

"အရှင်သာမဏေရဲ့ အမျိုးအနွယ်ဟာ ဘာပါလဲ"

နိဂြောဓသာမဏေက ဖြေသည်။

"ဗုဒ္ဓမျိုးနွယ် ဖြစ်ပါတယ်"

ရှင်းလင်းပြေပြစ်သော အသံ ပေါ်လာသည်။

"အရှင်သာမဏေ ဘယ်သူ့ရဲ့ အဆုံးအမကို ခံယူပါသလဲ"

"မြတ်စွာဘုရားရဲ့ အဆုံးအမကို ခံယူပါတယ်"

"အရှင်သာမဏေ မည်သည့်အယူဝါဒကို ယုံကြည်ပါသလဲ"

"နိဗ္ဗာန်ကိုသာ အာရုံပြုပါတယ်"

ဥပမိလက္ခဏာ၏ ရှင်းသန့်ပုံကိုသာမက တွေဝေတုံ့ဆိုင်းခြင်းကင်းသော စကားသံကိုပါ ကြားရသည့်အတွက် မင်းကြီးမှာ နလုံး ညွတ်ပျောင်းခဲ့ပြီ ဖြစ်လေသည်။

အသောကမင်း၏ လက်အုပ် ကြာပဒုံသည် အလိုလို ဖူးငုံသွား၏။

"အရှင် သာမဏေတို့ရဲ့ ဆရာအရှင် ဟောကြားသော အဆုံးအမကို အရှင် သိပါသလား"

"သိပါတယ်"

"ထိုအဆုံးအမကို တပည့်တော်အား ပြန်လည် ဟောကြားနိုင်ပါသလား"

"ဟောကြားနိုင်ပါတယ် မင်းကြီး"

အဆုံးအမကို ခံယူရန် မင်းကြီးသည် ဒူးတုပ်လိုက်၏။

"အပ္ပမာဒေါ အမတံပဒံ၊ ပမာဒေါ မစ္စု နောပဒံ..."

"အနက်ကို နာပါရစေ... အရှင် သာမဏေ"

"သတိစွဲမြဲမှုသည် မမေ့မလျော့ခြင်းသည် သေခြင်းကင်းရာ နိဗ္ဗာန်သို့ ရောက်ခြင်းဖြစ်၏။ သတိကင်းမှု၊ မေ့လျော့ခြင်းသည် ပုပန်ဆင်းရဲ အဖန်ဖန်တလဲလဲ သေရခြင်း၏ အကြောင်းဖြစ်၏"

မင်းကြီး၏ နှလုံးအိမ်သည် ထိုခဏမှာပင် ဓမ္မဖြင့် ထုံမွမ်းကာ တရားအမြိုက်၌ နှစ်မြုပ်ပျော်ဝင်သွားလေသည်။

"တပည့်တော် သိပါပြီ ဘုရား"

* * * *

အသောကမင်းသည် နိဂြောဓသာမဏေအား အမြဲနိစ္စ ဆွမ်းအုပ်ရှစ်အုပ် လှူဒါန်း၏။ သာမဏေက ထိုဆွမ်းအုပ်ကို ဥပဇ္ဈာယ်ဆရာအား လှူသောအခါ နောက်ထပ် ဆွမ်းရှစ်အုပ် လှူပြန်သည်။ သာမဏေကလည်း ထပ်မံ လှူပြန်သည်။ တတိယရှစ်အုပ် မင်းကြီးက လှူပြန်ရာ သာမဏေကလည်း ရဟန်းအပေါင်းအား ထပ်မံ လှူပြန်သည်။ ဤသို့ဖြင့် ရဟန်း သုံးဆယ့်နှစ်ပါးကို နန်းတော်သို့ ပင့်ကာ ဆွမ်းလုပ်ကျွေးသည်။ ထိုသို့ နေ့စဉ် နှစ်ဆတိုးစေကာ အခြားသော ပရိပိုဇ်၊ တိတ္ထိ၊ ပုဏ္ဏားများ စုစုပေါင်း ခြောက်သောင်းကို ဆွမ်းရိက္ခာ ဖြတ်တောက်စေပြီး ရဟန်း ခြောက်သောင်းကိုပင် အမြဲကပ်လှူလေသည်။

အသောကမင်းကြီး၏ စိတ်သန္တာန်မှာလည်း သဒ္ဓါ၏ လှုံ့ဆော်မှုမှ အစပြုကာ သရဏဂုံနှင့် သီလများ၌ ဆိုက်တည် ငြိမ်သက်ခဲ့ပြီ ဖြစ်လေသည်။